ကေတုပဗ္ဗောစာစဉ်(၈)

# တစ်ယောက်ကစ တစ်ရာ

အရှင်ဣန္ဒကာဘိဝံသ

Graphic: JNK (lingadipa)

# ဆောင်းပါးပေါင်းချုပ်

-----------------------

မန္တလေးမြို့ မှန်ကင်းပဓာနတာရုံကျောင်းတိုက်
အရှင်ဣန္ဒကာဘိဝံသ တင်ပြသည်။

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ ရိုက်နှိပ်ခွင့်ပြုသည်။
ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၀၃၈၄၃/၀၂၄၀၅
စာအမှတ် ၁၁၉/၀၁/ပုံနှိပ် သ·သ·န-၁၀

ထုတ်ဝေသည့်ကာလ-၂၀၁၀·ဧပြီလ

ပုံနှိပ်သူ
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်အတွက် ဒေါ်ရီမော်
စိန်ခြယ်ပုံနှိပ်တိုက်၊ ၃၂-လမ်း၊ ရန်ကုန်က ပုံနှိပ်သည်။
မျက်နှာဖုံးဒီဇိုင်း = အရှင်ဇနက (န·ပ·သ၊ရန်ကုန်)

တန်ဖိုး = ၈၀၀ကျပ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရာပြည့်မှသည် သာသနာတည်သရွေ့ ဆောင်ရွက်နိုင်ပါစေ | ၁ |
| ၂။ | အမှိုက်ကောင်းမှ ကြီးပွားရ | ၂ |
| ၃။ | ယောက်မလိုလူသား မဖြစ်စေလိုပါ | ၂၂ |
| ၄။ | မိမိ၏ ဘဝအဖော်မွန်အတွက် ရွေးချယ်သင့်သောဂုဏ် | ၃၄ |
| ၅။ | ရန်ငြိုးအာဃာတကို ပယ်ဖျောက်နည်း | ၄၃ |
| ၆။ | ကိုယ်တိုင်လည်းလှူ တိုက်တွန်းသူ | ၅၃ |
| ၇။ | ရဟန်းတော်များ၏ ရှေးဦးကျင့်သွယ် သိက္ခာသုံးသွယ် | ၆၁ |
| ၈။ | ရဟန်းဒကာလား ရဟန်းတစ်ခါလား | ၇၁ |
| ၉။ | မှီခိုရာမဲ့ အားကိုးရာမဲ့ မဖြစ်ရလေအောင် | ၈၀ |
| ၁၀။ | ရှင်ဒေဝဒတ်၏ နောက်ဆုံးခရီး | ၈၉ |
| ၁၁။ | မြတ်စွာဘုရား၏ အတုမဲ့ စွမ်းအား | ၁၀၀ |
| ၁၂။ | ဆက်သွယ်ပေါင်းဆုံ အိမ်ထောင်စုံ လေးမျိုး | ၁၁၀ |
| ၁၃။ | ချောမော လှပ ကြွယ်ဝ ချမ်းသာ အရှိန်အဝါကြီးလိုလျှင် | ၁၂၀ |
| ၁၄။ | ကမ္ဘာမြေကို စိမ်းလန်းစေချင်ရင် သစ်ပင်ကို ချစ်ခင်ချစ်ခင် | ၁၄၂ |
| ၁၅။ | ပေါင်းသင့်-မပေါင်းသင့် ချင့်ချိန်ကာ ပေါင်းသင်းပါ | ၁၅၇ |
| ၁၆။ | ပူလောင်ခြင်းတို့ ကင်းဝေးစေရန် | ၁၆၇ |
| ၁၇။ | တစ်ယောက်ကစ တစ်ရာ (၁) | ၁၇၈ |
| ၁၈။ | တစ်ယောက်ကစ တစ်ရာ (၂) | ၁၇၉ |

# အမှာစာ

## ဗုဒ္ဓသာသနာတော်အား ပူဇော်ခြင်း

ရတနာပုံ မန္တလေးရွှေမြို့တော်ကြီး မြို့တည်နန်းတည် နှစ် ၁၅၀– ပြည့်ခဲ့ပြီဖြစ်သလို ယခု ၁၃၇၁–ခုနှစ်၊ ပြာသိုလ်လဆန်း (၇)ရက်နေ့တွင် အိမ်ရှေ့စံကနောင် မင်းသားကြီးနှင့် ကြင်ယာတော် လှိုင်ထိပ်ခေါင်တင်တို့ လှူဒါန်းခဲ့တဲ့ လောကမှန်ကင်းကျောင်း တိုက်ကြီးဟာလည်း နှစ် ၁၅၀– ပြည့်ခဲ့ပြီဖြစ်ပါတယ်။

၁၃၄၆–ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့မှာ မုံရွာမြို့၊ ကျေးဇူးတော်ရှင်ပဋ္ဌာ တာရုံဆရာတော်ဘုရား တည်ထောင်ခဲ့တဲ့ မှန်ကင်းပဋ္ဌာတာရုံစာသင်တိုက်ဟာလည်း ၂၅–နှစ် ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

သာသနာ့ရောင်ခြည်စတဲ့ စာစောင်များ၌ ရေးသားပေးပို့ထားတဲ့ ဆောင်းပါး များကို စုစည်းကာ ''တစ်ယောက် က,စ တစ်ရာ'' ဆိုတဲ့ အမည်နဲ့ စာအုပ်ထုတ်ဝေ ပူဇော်လိုက်ရခြင်းပါ။

လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ နှစ် ၁၅၀-ပြည့်၊
မှန်ကင်းပဋ္ဌာနရုံစာသင်တိုက်ရဲ့ ၂၅-နှစ်ပြည့်

သာသနာ့အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဤ ''တစ်ယောက် ၈,၀ တစ်ရာ'' ဆိုတဲ့စာအုပ်ကို ကေတုပဋ္ဌာနစဉ်(၈)အဖြစ် ဗုဒ္ဓမြတ်စွာသာသနာတော်အား ပူဇော်လိုက်ပါတယ်။

ချမ်းသာကြပါစေ--

အရှင်ကုဏ္ဍိကာဘိဝံသ

၁၃၇၁-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊

(၁၁-၃-၂၀၁၀)ကြာသပတေးနေ့၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရာပြည့်မှသည် သာသနာတည်သရွေ့<br>ဆောင်ရွက်နိုင်ပါစေ

မန္တလေးမြို့၊ ပရိယတ္တိသာသနာဟိတအသင်းကြီးကို တည်ထောင်ရခြင်း၏ အကြောင်းရင်းကို" နှစ်တစ်ရာပြည့် အမှုဝေ စာတမ်း" စာမျက်နှာ(၁၇)၌ ဖတ်ရှုရသည်။

အချုပ်မှာ"သာသနာတော်သုံးပါးအတွက် အရင်းမူလ ဘူတဖြစ်သော ပရိယတ္တိဓမ္မ ဆုတ်ယုတ်ချေက ပဋိပတ္တိဓမ္မနှင့် ပဋိဝေဓ ဓမ္မတရားနှစ်ပါးလည်း မစည်ကား လျော့ပါး ညှိုးနွမ်း ဆုတ်ယုတ် ကွယ်ပမည်ဖြစ်သည်။ ပရိယတ္တိသာသနာကို အားပေး ချီးမြှောက် ပူဇော် လှူဒါန်းရန် တည်ထောင်ရခြင်း ဖြစ်ပါသည်။

## ပြုနိုင်ခဲ့စွ ရပေလှ

မြတ်ဗုဒ္ဓသည် အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ပဓာနသုတ်တော်၌ ''ချစ်သားတို့ လောကမှာ ဖြစ်စေနိုင်ခဲ ပြုလုပ်နိုင်ခဲသည့် အားထုတ်မှု နှစ်မျိုးရှိသည်။ အဘယ်နှစ်မျိုးတို့နည်းဟုဆိုရလျှင်

(၁) အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြသည့် လူတို့မှာ သာသနာတော်အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထောက်ပံ့ဘို့ရန် ဖြစ်နိုင်ခဲသည်၊ ပြုလုပ်နိုင်ခဲသည်။

(၂) အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွါရှောင်ကာ သာသနာတော်မှာ ဝင်ရောက်လာကြသည့် ရဟန်း,သာမဏေတို့အား အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်အကျိုးငှါ အားထုတ်ဘို့ရန် ဖြစ်စေနိုင်ခဲသည်၊ ပြုလုပ်နိုင်ခဲသည်။

## သာသနာတော်အတွက် အားတက် ဝမ်းသာ

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသည့် အချိန်မှစ၍ ယခုအချိန်အထိ အသင်းကြီး၏ လုပ်ငန်းကိစ္စအဝဝကို အသင်းလူကြီးများ, သင်းမလူကြီးများသည် ညီညီညာညာ တက်တက်ကြွကြွ ဝမ်းမြောက်

ဝမ်းသာ ကြိုးစား ဆောက်ရွက်ခဲ့ကြသည်၊ ဆောက်ရွက်နေကြသည်။ ဆက်လက် ဆောင်ရွက်နေကြလိမ့်ဦးမည်ဖြစ်၍ မြတ်ဗုဒ္ဓသတိပေး မိန့်ကြားတော်မူသည့် နံပါတ်(၁)ဖြစ်စေ ပြုလုပ်နိုင်ခဲ့သည့် အားထုတ်မှုမျိုးကို ဆည်းပူးအားထုတ် ပြုလုပ်ခွင့်ရကြသည်၊ လှူဒါန်းပူဇော်ခွင့် ရကြသည်။

## ဝမ်းသာစကား လာလျှောက်ထား

စားရေသူအား သင်းမလူကြီးတစ်ဦးက "အရှင်ဘုရားတပည့်တော်တို့ဟာ-

(၁) မန္တလေးမှာ လူလာဖြစ်ရလို့၊

(၂) ပရိယတ္တိသာသနဟိတအသင်းကြီးကလည်း ထင်ရှားရှိနေလို့၊

(၃) အသင်းကြီးရဲ့ ဗုဒ္ဓသာသနာအတွက် ဆောင်ရွက်ချက်တွေကို သိရပြီး အသင်းကြီးနှင့် ပါဝင်ခွင့်ရလို့၊

(၄) ထက်သန်တဲ့ သဒ္ဓါတရားလည်း ရှိလို့ အသင်းကြီးနှင့်စပ်ပြီး ကုသိုလ်အရပ်ရပ်တွေ တိုးပွားနေပါတယ်"ဟု

အားရဝမ်းသာ လျှောက်ထားဘူးပါသည်။

စာရေးသူက "ဟုက်တာပေါ့ဒကာကြီး၊ ဒကာကြီးရဲ့ ခံယူ

ချက်အတိုင်း သင်းမလူကြီးများနှင့် အသင်းကြီး၏ ဆောင်ရွက်ချက်ကို နှစ်ထောင်းအားရ ပီတိ သောမနဿပွားကာ လှူဒါန်းပူဇော်ထောက်ပံ့ကြသည့် ရွှေမန္တလေးသူ/ရွှေမန္တလေးသားများ ပြည်သူပြည်သားများမှာ အထက်ပါ ခံယူချက် ယုံကြည်ချက်တွေ ကိုယ်စီကိုယ်စီ ရှိနေကြပါတယ်။

ဦးဇင်းတို့ မြတ်ဗုဒ္ဓကလည်း သမ္မုခီဘာဝသုတ္တန်မှာ-

(၁) ယုံကြည်ချက်သဒ္ဓါတရား ထင်ရှားရှိခြင်း၊

(၂) မိမိမှာ လှူစရာ ဒါန်းစရာ ပစ္စည်းဝတ္ထု ထင်ရှားရှိခြင်း၊

(၃) အလှူခံ သံဃာတော်များ ထင်ရှားရှိခြင်း

ဆိုသည့် အကြောင်းသုံးမျိုးလုံး ထင်ရှားရှိမှသာ အမျိုးကောင်းသား အမျိုးကောင်းသမီးများအား ကုသိုလ်ကောင်းမှု အစုအစုတွေ ဒီရေအလား တိုးပွားနေသည့်အကြောင်း ဟောကြားဆုံးမတော် မူထားပါတယ်''ဟု ပြန်လည် ဖြေရှင်းပြရသည်၊ ထောက်ခံချက်ပေးရသည်။

## ဗုဒ္ဓစကား ဆက်မိန့်ကြား

စာရေးသူက ဒကာကြီးအား ဆက်လက်၍ အင်္ဂုတ္တိုရ်တိကနိပါတ် ဒုလ္လဘသုတ်မှာ လာရှိသည့် မြတ်ဗုဒ္ဓ ဟောမူထားသည့် တရားတော်များကို ပြောပြမိသည်။

ဒကာကြီး၊ မြတ်ဗုဒ္ဓက-

(၁) လောကမှာ သဗ္ဗညုတဘုရားရှင်၏ သာသနာတော်နှင့် ကြုံတွေ့ရဘို့ ခဲယဉ်းသည်။

(၂) မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် သုတ္တန်၊ဝိနည်း၊အဘိဓမ္မာ တရားတော်များကို ဟောပြောပြသ သင်ကြားပို့ချပေးသော ပုဂ္ဂိုလ်ရဘို့ ခဲယဉ်းသည်။

(၃) သူ့ကျေးဇူးကိုသိကာ သူ့ကျေးဇူးကို ပြန်လည်တုံ့ ဆပ်တတ်သော ပုဂ္ဂိုလ်ကိုရဘို့ ခဲယဉ်းသည်"ဟု ဟောတော်မူထားသည်။

မှန်ပါသည်။ ကမ္ဘာတစ်ခွင်ကို မျှော်ကြည့်လိုက်လျှင် သဗ္ဗညုဘုရားရှင် သာသနာတော်နှင့် ကြုံတွေ့ရသူ၊ ဆည်းကပ်ခွင့်ရသူ၊ မကြုံတွေ့ရသူ၊ ဆည်းကပ်ခွင့်မရသူတို့ အဘယ်က များသလည်း-ဟု မေးလာလျှင် စာရှုသူ ဖြေဆိုနိုင်မည်ပင်။

## ဆရာတော်များ မိန့်သံကြား

တစ်နေ့သော် နံနက်ခင်းအချိန်က မြို့ထဲဆွမ်းစားဝိုင်းမှာ ဆရာတော်ကြီးနှစ်ပါး အာလာပ၊သလ္လာပ ပြောဆိုနေကြသံ စာရေးသူ ကြားရသည်။ ဆရာတော်ကြီးတစ်ပါးက "အရှင်ဘုရား

စွန့်လွှတ် စွန့်စားစိတ်ထားနဲ့ ကိုယ်စိတ်အပင်ပန်းခံကာ စာသင်တိုက် တည်ထောင်ပြီး စာပေပို့ချတဲ့ပုဂ္ဂိုလ်က ရှားတယ်''ဟု အမိန့်ရှိသောအခါ ဆရာတော်တစ်ပါးက''မှန်တယ် ဆရာတော်''ဟု မဆိုင်းမတွပင် ထောက်ခံချက်ပေးသည်။

ယနေ့ မြန်မာပြည် သာသနာ၀င်မှာ စာသင်သားသံဃာ ဦးရေအများဆုံး တိုက်တာကြီးဖြစ်သည့် မစိုးရိမ်တိုက်သစ်မှ နာယကဆရာတော်တစ်ပါးကလည်း စာရေးသူအား ''စာကြိုးစားချဘို့, ယခုခေတ်ပုဂ္ဂိုလ်တွေက စာချရာမှာ ပျင်းကြတယ်၊ သူ့ဆီက နာယကတွေကိုတောင် စာချပျင်းရင် ငေါက်ရတယ် ငန်းရတယ်'' ဟု အမိန့်ရှိဘူးသည်။

သို့ဖြစ်၍ သင်းမလူကြီးများနှင့်တကွ ရွှေမန္တလေးသူ ရွှေမန္တလေးသားများ ပြည်သူ ပြည်သားများသည် မြတ်ဗုဒ္ဓ ဟောကြားတော်မူထားသည့် သုတ်,ဝိနည်း,အဘိဓမ္မာ တရားတော်များကို တစ်ဆင့် ပြန်လည်ပြောပြ သင်ကြားပို့ချတော်မူကြသည့် ရဟန်းသံဃာတော်များကို နေ့စဉ်နေ့စဉ် ဆွမ်းတစ်ဇွန်းမှစ၍ သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်ကြသည့်အတွက် မိမိတို့မှာ အရိပ်ပမာ ကိုသိုလ်ရေအယာဉ်တွေ တသွင်သွင် စီးဆင်းနေမည်သာ ဖြစ်တော့သည်။

## ပရိယတ္တိသာ ပဓာန

(၁) ပရိယတ္တိသာသနာ

(၂) ပဋိပတ္တိသာသနာ

(၃) ပဋိဝေဓသာသနာ-ဟုဆိုအပ်သော သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည်သာ မြတ်ဗုဒ္ဓသာသနာတော် အရှည်ခန့်၍ တည်တံ့ဖို့ရန် အရင်းခံမူလ ပဓာနဖြစ်သည် အဓိကဖြစ်သည်။ ထိုကြောင့် မြတ်ဗုဒ္ဓသည်-

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။

သုတ္တန်,ဝိနည်း,အဘိဓမ္မာ-ဟုဆိုအပ်သော ပရိယတ္တိသာသနာ အထင်အရှား တည်ရှိနေသမျှကာလပတ်လုံး နေထွက်လာသည့်အခါ အလင်းရောင်ကို မြင်ကြရသကဲ့သို့၊ ထိုနည်းအတူ မျက်မှောက်,သံသရာ လောကတစ်ခွင်မှာ ဉာဏ်အလင်းရောင်တွေကို ထာဝစဉ် မြင်တွေ့ကြရပေလိမ့်မည်။

သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ္တန်,ဝိနည်း,အဘိဓမ္မာ-ဟုဆိုအပ်သော ပရိယတ္တိသာသနာ မရှိတော့လျှင် ကွယ်ပျောက်သွားလျှင် နေဝင်သည့်အခါ

အမိုက်မှောင်ဖြစ်လာ ရောက်လာသကဲ့သို့ လောကတစ်ခွင် အမိုက်အတိ ဖြစ်လာလိမ့်မည်။

**သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။**
**ပဋိပတ္တိယံ ဋ္ဌိတောဓီရော၊ ယောဂက္ခေမာ န ဓံသတိ။**

ပရိယတ္တိသာသနာကို စောက်ရှောက်နေလျှင် ပဋိပတ္တိသာသနာကိုလည်း စောင့်ရှောက်ရာရောက်သည်။ အကျင့်ပဋိပတ်၌ တည်သော ပညာရှိသည် ယောဂလေးပါးတို့ကုန်ရာ နိဗ္ဗာန်မှ မလွဲ မချော်တော့နိုင်၊ (ဝါ)မြတ်နိဗ္ဗာန်ကို ဧကန်ပိုင်ပိုင် ရရှိနိုင်လေသည်ဟု မိန့်တော်မူသည်။

အဋ္ဌကထာဆရာ အရှင်မြတ်ကလည်း-

**ယထာ ဟိ ဂဝသတဿ ဝါ ဂဝသဟဿ ဝါ အန္တရေ ပဝေဏိပါလိကာယ ဓေနုယာ အသတိ သော ဝံသော သာ ပဝေဏိ န ဃဋိယတိ၊ ဧဝမေဝံ အာရဒ္ဓ ဝိပဿကာနံ ဘိက္ခူနံ သတေပိ သဟဿေပိ သံဝိဇ္ဇမာနေ ပရိယတ္တိယာ အသတိ အရိယမဂ္ဂပဋိဝေဓော နာမ န ဟောတိ။**

ရာပေါင်းများစွာ ထောင်ပေါင်းများစွာသော နွားတို့၏ အလယ်တွင် နွားမျိုးနွယ်အစဉ်အဆက်ကို တည်တံ့ တိုးပွားစေနိုင်သော နွားမ မရှိလျှင် နွားမျိုးတုံးသွားသကဲ့သို့။ ထို့အတူပင်

ဝိပဿနာတရားအားထုတ်သော ရဟန်းများ ရာ,ထောင်မက ထင်ရှားရှိနေသော်လည်း ပရိယတ္တိမရှိလျှင် အရိယာမဂ်ကို ထိုးထွင်း၍ သိခြင်းမည်သည် (လုံး၀)မဖြစ်နိုင်။

မြှုပ်နှံထားသည့်ရွှေအိုးကို သိဘို့ရန် ကျောက်ပြင် ကျောက်ချပ်ပေါ်၌ စာရေးထားလျှင် စာလုံးများမပျက်သေးသမျှ ကာလပတ်လုံး ရွှေအိုးမပျောက်သကဲ့သို့ ပရိယတ္တိ ထင်ရှားရှိနေလျှင် သာသနာမကွယ်နိုင်ပါ၊ (၀ါ)သာသနာထင်ရှားရှိနေသည်ဟု အဋ္ဌကထာဆရာများ မိန့်ဆိုထားခဲ့ကြသည်။

သို့ဖြစ်၍ နှစ်တစ်ရာပြည့် အချိန်အထိ တည်တည်တံ့တံ့ လျှောက်လှမ်းလာခဲ့သော ပရိယတ္တိသာသနာတော်၏ အကျိုးစီးပွား ကို ထာ၀ရစဉ် ဆောင်ရွက်လာခဲ့သော "သာသနဟိတအသင်း ကြီး"သည် ဗုဒ္ဓမြတ်စွာသာသနာ တည်ရှိနေသရွေ့ ကာလပတ် လုံး ပရိယတ္တိသာသနာတော်၏ အကျိုးစီးပွားကို ဆထက်ထမ်းပိုး တိုးကာတိုးကာ ဆောင်ရွက်နိုင်ကြပါစေသတည်း။

(အံ၊ ၁။ အံ၊ ဋ္ဌ၊ ၁။)

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်း
နှစ်တစ်ရာပြည့် အထူးထုတ်စာစောင်-
၁၉၉၉-ခုနှစ်-ဇန်နဝါရီလ

## အမိုကောင်းမှ ကြီးပွားရ

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသောနေ့ဝယ် ရဟန်းတော်များ ခြံရံလျက် ခရီးဒေသစာရီ ကြွချီတော်မူသည်၊ မြတ်ဗုဒ္ဓသည် သစ်ပင်ကြီးငယ် အသွယ်သွယ် ဇီဝမျိုးစုံ အဖုံဖုံတို့နှင့် ပြည့်စုံနေသော ဟိမဝန္တာတောင်တန်းအနီး ရောက်ရှိတော်မူနေသည်။

မြတ်ဗုဒ္ဓသည် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံနေသော စိမ်းလန်းစိုပြည်နေသော သာယာကြည်နူးဖွယ်ကောင်းသော စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေနိုင်သော ဟိမဝန္တာတောင်တန်းကို ကြည့်ရှုတော်မူလျက် ဟိမဝန္တာတောင်မင်းကို ဥပမာပေးတော်မူကာ ရဟန်းတော်များအား မှတ်သားဖွယ်ရာ တရားစကားကို ဟောကြားတော်မူသည်၊ မိန့်တော်မူသည်။

## သစ်ပင်၏ ကြီးပွားခြင်းငါးမျိုး

"ချစ်သားတို့ ဟိမဝန္တာတောင်မင်းကို အမှီပြု၍ ဟိမဝန္တာ တောင်တန်းပေါ်၌ ပေါက်ရောက်နေကြသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် ကြီးပွားခြင်းငါးမျိုးတို့ဖြင့် ကြီးပွားနေကြ သည်။ တိုးတက်ခြင်း ငါးမျိုးတို့ဖြင့် တိုးတက်နေကြသည်။

ထိုကြီးပွားခြင်း တိုးတက်ခြင်းငါးမျိုးတို့ဟူသည်မှာ--

နံပါတ်(၁) အကိုင်းအခက် အရွက် အလက်တို့ဖြင့် ကြီးပွား တိုးတက်ခြင်း။

နံပါတ်(၂) အခွံဖြင့် ကြီးပွားတိုးတက်ခြင်း။

နံပါတ်(၃) အပွေးဖြင့် ကြီးပွားတိုးတက်ခြင်း။

နံပါတ်(၄) အကာဖြင့် ကြီးပွားတိုးတက်ခြင်း။

နံပါတ်(၅) အနှစ်ဖြင့် ကြီးပွားတိုးတက်ခြင်း-တို့ ဖြစ်ကြ သည်-ဟု မြတ်ဗုဒ္ဓက ရဟန်းတော်များအား မိန့်ကြားတော်မူ ပါသည်။

မှန်ပါသည်။ ဟိမဝန္တာတောင်တန်းပေါ်၌ ပေါက်ရောက် နေကြသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့တွင် အချို့သစ်ပင်

တို့ကား ကြီးပွားတိုးတက်ခြင်း တစ်မျိုးဖြင့် ကြီးပွားတိုးတက်နေကြသည်။ အချို့သစ်ပင်တို့ကား ကြီးပွားတိုးတက်ခြင်း နှစ်မျိုးတို့ဖြင့်၊ အချို့သစ်ပင်တို့ကား ကြီးပွားတိုးတက်ခြင်း သုံးမျိုးတို့ဖြင့်၊ အချို့သစ်ပင်တို့ကား ကြီးပွားတိုးတက်ခြင်း လေးမျိုးတို့ဖြင့်၊ အချို့သစ်ပင်တို့ကား ကြီးပွားတိုးတက်ခြင်း ငါးမျိုးတို့ဖြင့် သစ်ပင်တိုင်း သစ်ပင်တိုင်း ကြီးပွားနေကြသည်၊ တိုးတက်နေကြသည်။

## အိမ်သူအိမ်သားများ၏ ကြီးပွားခြင်းငါးမျိုး

မြတ်ဗုဒ္ဓသည် ဆက်လက်၍ ရဟန်းတော်များအား-

"ချစ်သားရဟန်းတို့ ! ဟိမဝန္တာတောင်တန်းပေါ်၌ ပေါက်ရောက်နေကြသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် ကြီးပွားခြင်းငါးမျိုး တိုးတက်ခြင်းငါးမျိုးတို့ဖြင့် ကြီးပွားနေကြသကဲ့သို့ တိုးပွားနေကြသကဲ့သို့ ထိုနည်းမခြား အလားတူစွာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ အိမ်သူအိမ်သား (မိတ်ဆွေသူငယ်ချင်းအပေါင်း၊ ပတ်ဝန်းကျင်ပုဂ္ဂိုလ်အပေါင်း၊ တိုင်းသူပြည်သားအပေါင်း၊ နိုင်ငံသူ နိုင်ငံသားအပေါင်း၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်း၊ သတ္တဝါအပေါင်း)တို့သည် ကြီးပွားခြင်းငါးမျိုးတို့ဖြင့် ကြီးပွားနေကြသည်၊ တိုးတက်ခြင်းငါးမျိုးတို့ဖြင့်

တိုးတက်နေကြသည်''ဟု မိန့်ကြားတော်မူသည်။

သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ အိမ်သူအိမ်သား (မိတ်ဆွေသူငယ်ချင်းအပေါင်း၊ ပတ်ဝန်းကျင်ပုဂ္ဂိုလ်အပေါင်း တိုင်းသူပြည်သားအပေါင်း နိုင်ငံသူ နိုင်ငံသားအပေါင်း ကမ္ဘာသူ ကမ္ဘာသားအပေါင်း သတ္တဝါအပေါင်း)တို့၏ ကြီးပွားတိုးတက်ခြင်းငါးမျိုးဟူသည်မှာ-

နံပါတ်(၁) သဒ္ဓါတရားဖြင့် ကြီးပွားတိုးတက်ခြင်း၊
နံပါတ်(၂) သီလတရားဖြင့် ကြီးပွားတိုးတက်ခြင်း၊
နံပါတ်(၃) သုတတရားဖြင့် ကြီးပွားတိုးတက်ခြင်း၊
နံပါတ်(၄) စာဂတရားဖြင့် ကြီးပွားတိုးတက်ခြင်း၊
နံပါတ်(၅) ပညာတရားဖြင့် ကြီးပွားတိုးတက်ခြင်းတို့ ဖြစ်ကြပါသည်။

## ကြိုးကြိုးစားစား ကျင့်ကြံပွားများ

ဥပမာယ မိဓေကစ္စေ ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။

ဤလောက၌ အချို့သော လိမ္မာကျွမ်းကျင် ပညာရှင်တို့သည် ဥပမာဖြင့် ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို ပြတ်သားထင်ထင်

သိမြင်ကြ၏ဟူသော မိန့်ဆိုတော်မူချက်နှင့်အညီ

မြတ်ဗုဒ္ဓ၏ ဟိမဝန္တာတောင်မင်းကို ဥပမာပေးကာ ဟော တော်မူထားသော တရားတော်အတိုင်း စာရေးသူ စာရှုသူ ရဟန်း ရှင်လူအပေါင်းတို့သည် မိမိ,မိမိတို့၏ ကိုးကွယ်အားထားရာ ပူဇော်ရာ သဗ္ဗညု(တရားအလုံးစုံ အကုန်သိမြင်)ဘုရားရှင်ကို အမှီပြု၍, သံဃာတော်ကိုအမှီပြု၍, ဆရာကောင်းသမားကောင်းကို အမှီပြု၍, မိကောင်းဖကောင်းကိုအမှီပြု၍, မိတ်ကောင်း ဆွေကောင်းကို အမှီပြု၍--

(၁) သဒ္ဓါတရား ကြီးပွားတိုးတက်အောင်၊

(၂) သီလတရား ကြီးပွားတိုးတက်အောင်၊

(၃) သုတတရား ကြီးပွားတိုးတက်အောင်၊

(၄) စာဂတရား ကြီးပွားတိုးတက်အောင်၊

(၅) ပညာတရား ကြီးပွားတိုးတက်အောင်-

ကြိုးကြိုးစားစား ကျင့်ကြံပွားများ အားထုတ်ကြရပါမည်။

မိမိ မိမိတို့၏သန္တာန်၌ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ တရားများ ကြီးပွားသည်ထက် ကြီးပွားအောင် တိုးတက်သည် ထက် တိုးတက်အောင် ဆက်ကာဆက်ကာ အစဉ်ထာဝရ ကြိုး စားကြရပါမည်၊ ကျင့်ကြံကြရပါမည်၊ ပွားများကြရပါမည်၊ အားထုတ်ကြရပါမည်။

## သဒ္ဓါတရား ကြီးပွားပါစေ

သဒ္ဓါဆိုသည်မှာ "သဒ္ဓဟတိ တထာဂတဿ ဗောဓိံ" ဟူသည်နှင့်အညီ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ခြင်း၊ မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်တို့ကို ယုံကြည်ခြင်း၊ တရားတော်၏ သွာက္ခာတတာ အစရှိသော ဂုဏ်တော်တို့ကို ယုံကြည်ခြင်း၊ အရိယာသံဃာတော်၏ သုပ္ပဋိပန္နအစရှိသော ဂုဏ်တော်တို့ကို ယုံကြည်ခြင်း။

ကုသိုလ်ကံ အကုသိုလ်ကံနှင့် ကောင်းတာလုပ်လျှင် ကောင်းကျိုးရ၏၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးရ၏-ဟု ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတို့ကို(ကောင်းကျိုး ဆိုးကျိုးတို့ကို) ယုံကြည်ခြင်းဖြစ်သည်။

သဒ္ဓါနှင့်စပ်၍ မှတ်သားဖွယ်ရာ သဒ္ဓါများမှာ--

(၁) **အာဂမနီယသဒ္ဓါ**- သဗ္ဗညုဘုရားအလောင်းတော်တို့အား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော သဒ္ဓါ။

(၂) **အဓိဂမသဒ္ဓါ**-ဒုက္ခသစ္စာ, သမုဒယသစ္စာ,နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးအမှန်တရားကို ထိုး

ထွင်း၍ သိမြင်ခြင်းကြောင့် အရိယာပုဂ္ဂိုလ်တို့အား ဖြစ်သောသဒ္ဓါ။

(၃) **ပသာဒသဒ္ဓါ**- ဝက္ကလိထေရ် မဟာကပ္ပိနမင်းအစရှိသူတို့ ကဲ့သို့ ဗုဒ္ဓေါ,ဓမ္မော,သံဃော- ဘုရား,တရား,သံဃာ- ဟု ပြောဆိုအပ်သောအခါ(ပြောဆိုသံကြားသောအခါ) ကြည်ညိုသောသဒ္ဓါ။

(၄) **သြကပ္ပနသဒ္ဓါ**- ဤအတိုင်းဟုတ်လောက်-၏ဟု ဉာဏ်ဖြင့် သက်ဝင်သမှုပြု၍ ယုံကြည်ခြင်း-

တို့ ဖြစ်ကြပါသည်။

၄င်းသဒ္ဓါလေးမျိုးတို့တွင် အောက်ဆုံးပသာဒသဒ္ဓါနှင့် သြကပ္ပနသဒ္ဓါ ဖြစ်ပွားအောင် ကြီးပွားအောင် တိုးတက်အောင်(အနည်းဆုံး) ကြိုးစားကြရမည်။

၄င်းပသာဒသဒ္ဓါ သြကပ္ပနသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတီယင်္ဂဏဝတ် ဗောဓိယင်္ဂဏဝတ် ဥပဇ္ဈာယ်ဝတ် အာစရိယဝတ် မိဘအပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်အစရှိသော အလုံးစုံသောကျင့်ဝတ်တို့ကို ပြည့်စေ၏၊ ဖြည့်ကျင့်၏ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုကြသည်။

နံပါတ်(၁) အဓိဂမသဒ္ဓါနှင့် ပြည့်စုံအောင် အဓိဂမသဒ္ဓါ

ဖြင့် ကြီးပွားအောင် တိုးတက်အောင် သစ္စာသိမြင်အောင် အရိယာ ပုဂ္ဂိုလ်ဖြစ်အောင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်အောင် ကြီးပွားတိုးတက်အောင် ကျင့်ကြံပွားများ အားထုတ် နိုင်လျှင်မူကား ဆိုဖွယ်ရာမရှိတော့ပါ။

## သီလတရား ကြီးပွားပါစေ

နံပါတ်(၂) သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်း သားကို အမှီပြု၍ သီလတရား ကြီးပွားတိုးတက်အောင် ဆောက် တည် ကျင့်သုံးရပါမည်။

လူဝတ်ကြောင်များသည် နေ့စဉ် ငါးပါးသီလ လုံခြုံ အောင် စောင့်ထိန်းကြရမည်၊ ကျင့်သုံးကြရမည်။ စွမ်းနိုင်ပါက ရှစ်ပါးသီလ ကိုးပါးသီလအစရှိသော ဥပုသ်သီလတော်များကို မကျိုးမပေါက် မပြောက်မကြားအောင် စောင့်ထိန်းကြရမည်၊ ကျင့်သုံးကြရမည်။

သာမဏေများသည် စောင့်ထိန်းရမည့် ဆယ်ပါးသီလ လိင်,ဒဏ်,သေခိယအစရှိသော သိက္ခာပုဒ်တော် သီလတော် များကို စောင့်ထိန်းကြရပါမည်၊ ကျင့်သုံးကြရပါမည်။

ရဟန်းတော်များသည် ပါတိမောက္ခသံဝရသီလ-ပါတိ

မောက်လာ သိက္ခာပုဒ်သီလတော်များကို စောင့်ထိန်းခြင်း ကျင့်သုံးခြင်း၊ **ဣန္ဒြိယသံဝရသီလ**-ဣန္ဒြေခြောက်ပါးကို လုံခြုံအောင်စောင့်ထိန်းခြင်း၊ **အာဇီဝပါရိသုဒ္ဓိသီလ**-တရားသဖြင့် အသက်မွေးခြင်း ပစ္စည်းကို ဖြစ်စေခြင်း၊ **ပစ္စယသန္နိဿိတသီလ**- ဆွမ်း,သင်္ကန်း, ကျောင်း,ဆေး,ပစ္စည်းလေးပါးတို့ကို ဆင်ခြင်၍ သုံးဆောင်ခြင်း ဟူသော "**စတုပါရိသုဒ္ဓိသီလ**"တို့ကို မိမိ မိမိတို့သန္တာန်၌ ကြီးပွားအောင် တိုးတက်အောင် ကြိုးစားကာ စောင့်ထိန်းကြရပါမည်၊ ကျင့်သုံးကြရပါမည်။

## သုတတရား ကြီးပွားပါစေ

နံပါတ်(၃) သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ သုတတရားတိုးပွားအောင် တိုးတက်အောင် ဆောင်ရွက်ရာ၌ မိမိ မိမိတို့၏ နှလုံးသားဝယ် ဘုရား,တရား, သံဃာ, ရတနာမြတ်သုံးပါးနှင့်စပ်သော မှတ်သားဖွယ်ရာ အဖြာဖြာကို တန်ဖိုးကြီးမားသော စိန် ရွှေ ငွေ အစရှိသော ရတနာများကို မီးခံသေတ္တာထဲ၌ ထည့်၍ သိမ်းဆည်းထားသကဲ့သို့ ဆောင်ထားကြရပါမည်၊ သိမ်းဆည်းထားကြရပါမည်။

အစ၌ကောင်းသော အလယ်၌ကောင်းသော အဆုံး၌

ကောင်းသော အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံထက်ဝန်းကျင်ပြည့်စုံသော စင်ကြယ်သန့်ရှင်းသော မြတ်သောအကျင့်ဖြစ်သော ဗုဒ္ဓဟောကြား တရားတော်များကို များသောအကြားအမြင်ရှိအောင် စိတ်၌ ဆောင်ထားကြရပါမည်။ နှလုံးသား၌ ဆောင်ထားကြရပါမည်။ နှုတ်ဖြင့် အဖန်ဖန်လေ့ကျက်ဆောင်ရွက်ကြရပါမည်၊ ရွတ်အံသရဇ္ဈာယ်ကြရပါမည်၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်ကြည့်ရှုရပါမည်။ အသိဉာဏ်ဖြင့် ကောင်းစွာထိုးထွင်း ရှင်းရှင်းလင်းလင်း သိမြင်သည်အထိ သုတတရား ကြီးပွားအောင် တိုးတက်အောင် ဆောင်ရွက်မှတ်သားကြိုးစားကြရပါမည်။

## စာဂတရား ကြီးပွားပါစေ

နံပါတ်(၄) သဒ္ဒါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ စာဂတရား တိုးပွားအောင်, မိမိ၌ရှိသော ပစ္စည်းဥစ္စာကို ``မလှူခင်လည်း ဝမ်းမြောက်ပါ၊ လှူနေစဉ်လည်း ဝမ်း မြောက်ပါ၊ လှူပြီးကာလည်း ဝမ်းမြောက်ပါ'' ဟူသော လမ်းညွှန် ချက်နှင့်အညီ ပုဗ္ဗစေတနာ,မုဉ္စစေတနာ,အပရစေတနာ, စေတနာ သုံးတန်ပြဋ္ဌာန်းကာ လှူဒါန်းကြရပါမည်။

## ပညာတရား ကြီးပွားပါစေ

နံပါတ်(၅) သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ ပညာတရားဖြင့် ကြီးပွားအောင် တိုးတက်အောင် မိမိ မိမိတို့၏ သန္တာန်၌ မြတ်ဗုဒ္ဓ ဟောတော်မူထားသော ပညာငါးမျိုးနှင့်ပြည့်စုံအောင် အဆင့်ဆင့် ကြိုးစား ပွားများအားထုတ်ကြရပါမည်၊ ၎င်းပညာငါးမျိုးမှာ--

နံပါတ်(၁) ကမ္မဿကတာပညာ- ကံနှင့်ကံ၏ အကျိုးတရားကို သိမြင်သောပညာ။

နံပါတ်(၂) ဈာနပညာ-ရူပါဝစရဈာန် အရူပါဝစရဈာန်နှင့် စပ်ဆိုင်သော အဘိညာဏ်ပညာ။

နံပါတ်(၃) ဝိပဿနာပညာ- ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၌ အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ကွဲကွဲပြားပြားပိုင်းခြားသိမြင်သောပညာ။

နံပါတ်(၄) မဂ္ဂပညာ- သောတာပတ္တိမဂ်,သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်နှင့် စပ်ဆိုင်သော အသိဉာဏ်ပညာ။

နံပါတ်(၅) ဖလပညာ- သောတာပတ္တိဖိုလ်,သကဒါဂါမိ

ဖိုလ်,အနာဂါမိဖိုလ်,အရဟတ္တဖိုလ်နှင့် စပ်ဆိုင်သော အသိဉာဏ်ပညာတို့ဖြစ်ကြပါသည်။

၄င်းပညာတရားငါးပါး မိမိ မိမိတို့၏သန္တာန်၌ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် ကြိုးစားပွားများ အားထုတ်ကြရပါမည်။

သို့ဖြစ်ပါ၍ စာရေးသူနှင့် စာရှုသူအပေါင်းတို့သည် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားကို အမှီပြု၍ ဘုရား, တရား,သံဃာ,ဆရာသမား, မိဘ, မိတ်ကောင်း ဆွေကောင်းကို အမှီပြု၍ မိမိ မိမိတို့၏သန္တာန်၌ သဒ္ဓါ,သီလ, သုတ, စာဂ, ပညာ-ဟုဆိုအပ်သော တရားငါးပါး ကြီးပွားအောင် တိုးပွားအောင် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေဟု ပတ္ထနာ ပြုလိုက်ပါသတည်း။

သာသနာ့ရောင်ခြည်
အတွဲ-၂၉၊ အမှတ်-၉၊

ကျမ်းညွှန်း-

အင်္ဂုတ္တိုရ်ပါဠိ(ဒုတိယ)
အင်္ဂုတ္တိုရ်အဋ္ဌကထာ(ပထမ)
သုတ်မဟာဝါအဋ္ဌကထာ

## ယောင်းမလိုလူသား
## မဖြစ်စေလိုပါ

ယာဝဇီဝမ္ပိ စေ ဗာလော၊
ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊
ဒဗ္ဗိ သူပရသံ ယထာ။

"လူဖျင်း လူအ လူနုံ လူန လူညံ့ လူမိုက်သည် အသက်ထက်ဆုံး တစ်သက်လုံး ပညာရှိသူကို မှီဝဲ ဆည်းကပ် နေပါသော်လည်း ပညာရှိနှင့်အတူနေရပါသော်လည်း ဟင်းကို မွှေရသော ယောင်းမသည် ဟင်း၏ အရသာကို မသိသလို လူဖျင်း လူအ လူနုံ လူန လူညံ့ လူမိုက်သည် တရားကို လုံးဝထင်ထင် မသိမြင်။"

## နေ့တိုင်း နေ့တိုင်း ဟောတော်မူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက အရှင်ဥဒါယီကို အကြောင်းပြု၍ အထက်ပါ ဂါထာတော်,တရားတော်ကို မိန့်ကြားတော်မူသည်။

အရှင်ဥဒါယီသည် ဇေတဝန်ကျောင်းတိုက်ထဲ၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နှင့်အတူတူ တစ်ကျောင်းတည်း တစ်တိုက်တည်း သီတင်းသုံးနေသောရဟန်းဖြစ်သည်။

ဇေတဝန်ကျောင်းတိုက်တော်၌ မြတ်စွာဘုရားရှင်သည် နေ့မအား ညမနား တရားဟောတော်မူသည်။

မှန်ပါသည်။ မြတ်စွာဘုရားရှင်သည် ဆွမ်းခံပြန်ကြွလာသော် ခြေဆေးတော်မူသည်။ ခြေဆေးအင်းပျဉ်တော်ပေါ်၌ ရပ်တော်မူလျှက် ရဟန်းတော်များအား ဒုလ္လဘငါးဖြာ တရားဒေသနာတော်ကို နေ့တိုင်းနေ့တိုင်း ဟောတော်မူသည်။

နေ့ ၁၂-နာရီခန့် ခေတ္တမျှနားနေပြီးသော် အမြဲနေရဟန်းတော်များနှင့် ရပ်ဝေးမှ ဘုရားဖူးလာရောက်ကြသော ရဟန်းတော်များအား သိသင့်သိထိုက်သော တရားတော်များကို မိန့်ကြားတော်မူသည်။

ညနေချမ်းနှင့် ညဉ့်ဦးယံအခါ၌ ဒါယကာ, ဒါယိကာမ အပေါင်းအား တရားဟောကြားတော်မူသည်။

သန်းခေါင်ယံအချိန်၌ အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်ရန်ဖြစ်စေ၊ တရားနာယူရန်ဖြစ်စေ လာရောက် ဖူးမြော်ကြကုန်သော နတ်,ဗြဟ္မာတို့အား တရားနှင့်စပ်၍ ဖြေကြားတော်မူသည်၊ မိန့်တော်မူသည်။

သို့ကလို ဇေတဝန်ကျောင်းတော်၌ နေ့ည အသံမစဲ တရားပွဲများရှိပါသော်လည်း အရှင်ဥဒါယီသည် တရားကို မှတ်မှတ်သားသား နာယူလေ့မရှိပါ။ အရှင်ဥဒါယီ၏ ခေါင်းထဲမှာ တရားအသိ ဘာမျှမရှိပါ။

## စည်းဝေးခန်းမ ဓမ္မသဘင်

မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတော်များသည် တရားဟောရာ တရားပြရာ တရားနာယူရာ တရား ဆွေးနွေးရာဖြစ်သော **ဓမ္မသဘင်**၌စုဝေး၍ တရားဟောကြသည်၊ တရားပြကြသည်၊ တရားနာယူကြသည်၊ တရားဆွေးနွေးကြသည်။

မြတ်စွာဘုရားသည် **ဓမ္မသဘင်**သို့ ကြွတော်မူလာ၍

ရဟန်းတော်များ အချင်းချင်း ဆွေးနွေးပြောဆိုသည့် အကြောင်း အရာကို မေးတော်မူသည်။

ယင်း ဆွေးနွေးပြောဆိုသည့် အကြောင်း အရာနှင့် စပ်သော တရားတော်ကို ဟောကြားတော်မူလေ့ရှိသည်။

တစ်နေ့သောအချိန်အခါဝယ် **ဓမ္မသဘင်၌** အခမ်းအနား ပြီးဆုံး၍ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ မိမိတို့၏ ကျောင်းဆောင်အသီးအသီးသို့ ပြန်ကြွသွားကြသည်။

ထိုအခါ အရှင်ဥဒါယီသည် **ဓမ္မသဘင်** သို့သွား၍ တရားဟောပလ္လင်တော်ပေါ်၌ ထိုင်နေသည်။ အခြားအခြားသော မြို့ရွာတို့မှ ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးလာကြသော အာဂန္တု ရဟန်းတော်တို့သည် မြတ်စွာဘုရားအား ဖူးမြော်ကြသည်။ ဇေတဝန်ကျောင်းတိုက်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ဓမ္မသဘင်သို့ရောက်သောအခါ တရားဟောပလ္လင်တော် ပေါ်၌ ထိုင်နေသော အရှင်ဥဒါယီကို ရှိခိုးဦးချ ဂါရဝပြုကြသည်။

ဒီဆရာတော်ကြီးသည် ဗဟုသုတကြွယ်ဝသော အကြား အမြင်များသော တရားအသိအမြင်ရှိသော ဆရာတော်ကြီး ဖြစ်လိမ့်မည်ဟု တွေးမိကြသည်၊ ယူဆမိကြသည်။

ထို့ကြောင့် အရှင်ဥဒါယီအား ခန္ဓာ၊အာယတန၊ဓာတ်၊

သစ္စာ အစရှိသည်တို့နှင့်စပ်သော တရားအကြောင်းကို မေးမြန်းလျှောက်ထားကြသည်။

## ကဲ့ရဲ့ရှုံ့ချ အပြစ်ပြောကြ

အရှင်ဥဒါယီသည် အာဂန္တုရဟန်းတော်များ မေးသော ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏ-က္ခန္ဓာဟူသော ခန္ဓာငါးပါးတို့၏ သရုပ်မျှကိုပင် အမည်မျှကိုပင် မသိပါ၊ မဖြေတတ်ပါ။

ထို့အတူ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ် တစ်ဆယ့်ရှစ်ပါးတို့ကိုလည်း လုံးဝ မသိပါ၊ လုံးဝ မဖြေတတ်ပါ။

ရုပ် ၂၈-ပါးသည် **ရူပက္ခန္ဓာ**မည်၏၊

ဝေဒနာစေတသိက်သည် **ဝေဒနက္ခန္ဓာ**မည်၏။

သညာစေတသိက်သည် **သညာက္ခန္ဓာ**မည်၏။

ဝေဒနာ,သညာမှကြွင်းသော စေတသိက်ငါးဆယ်သည် **သင်္ခါရက္ခန္ဓာ**မည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်သည် **ဝိညာဏက္ခန္ဓာ**မည်၏-ဟူသော သရုပ်တရားကိုယ်နှင့်တကွဖြစ်သော ခန္ဓာငါးပါးဖွဲ့ပုံ အကျယ်ဝိတ္ထာရကိုကား သိဘို့ရန် နားလည်ဘို့ရန်ကား ဝေလာဝေးပါ။

လုံးဝပင် မသိတော့ပါ၊ လုံးဝ နားမလည်တော့ပါ၊ လုံးဝ မဖြေတတ်တော့ပါ။

ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ် တစ်ဆယ့်ရှစ်ပါးတို့၏ သရုပ်ကလေးမျှကိုပင် အမည်ကလေးမျှကိုပင် မသိသော နားမလည်သော မဖြေနိုင်သော အရှင်ဥဒါယီကို

"ဒီကိုယ်တော်ကြီး ဘယ်လို ကိုယ်တော်ကြီးပါလဲ၊ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်အတူ တစ်ကျောင်းတည်း တစ်တိုက်တည်း နေရပါသော်လည်း ခန္ဓာ အာယတန ဓာတ်သစ္စာမျှကိုပင် မသိ"ဟု အပြစ်တင်ကြသည်၊ အပြစ်ပြောကြသည်၊ ကဲ့ရဲ့ကြသည်၊ ရှုံ့ချကြသည်။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြသည်။ မြတ်စွာဘုရားက ရှေးဦးစွာ တင်ပြခဲ့ပြီးသော ဂါထာတော်ကို ဟောကြားတော်မူပါသည်။

## ယောင်းမ၏အဖျား တို့သွားပေမည့်

အိုစာရှုသူ ! စာရေးသူ၊ စာရှုသူတို့၏ ချက်ပြုတ်ဆောင်မီးဖိုဆောင်၌ ငါးဟင်း ကြက်သားဟင်းစသော ဟင်းအမျိုးမျိုးတို့ကို ချက်ပြုတ်ကြော်လှော်သောအခါ ဟင်းမွှေယောင်းမဖြင့်

မွှေမွှေပေးရသည်၊ လုံးရသည်။ ဟင်းမတူးအောင် မကပ်အောင် အထက်အောက် လှန်လှန်ပေးရသည်။

ဟင်းမွှေယောက်မသည် နေ့တိုင်းနေ့တိုင်း ဟင်းချက်တိုင်း ဟင်းချက်တိုင်း ထက်အောက်ပြောင်းပြန် မွှေရပါများ၍ ယောက်မ ၏အဖျား တိုသွားလျှင် တိုသွားပေမည်။

သို့သော် ဟင်းမွှေယောင်းမသည် ငါး,ကြက်သားစသော မွှန်မြတ်သော အရသာရှိသော ချို,ချဉ်,စပ်,ဖန်,ငံ,ခါး အစရှိသော ဟင်းမျိုးစုံတို့၏ အရသာတို့ကိုကား လုံးဝ(လုံးဝ)မသိသလို ထိုနည်း တူစွာ ဥပမာအတိုင်းပင် လူဖျင်း လူအ လူနုံ လူနှ လူညံ့ လူမိုက် သည် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် ပညာရှိပုဂ္ဂိုလ်တို့နှင့် တစ်ကျောင်းတည်း တစ်တိုက်တည်း တစ်မိုးတစ်ရံတည်း တစ်နေ ရာတည်း အတူတူနေရပေမဲ့ ဓမ္မကို မသိပါ၊ တရားကို မသိနိုင် မမြင်နိုင်ပါ။

ဤစကားတော်တို့သည် မြတ်စွာဘုရား စကားတော်တို့ ဖြစ်ကြသည်။ ဤတရားတော်သည် မြတ်စွာဘုရား၏ တရားတော်တို့ ဖြစ်ကြသည်။ မြတ်စွာဘုရား၏ စကားတော်, မြတ်စွာဘုရား၏ တရားတော်တို့သည် ဓမ္မက္ခန္ဓာအားဖြင့် **"ရှစ်သောင်းလေးထောင်"**ရှိသည်။

အင်္ဂါအားဖြင့်-

၁။ သုတ္တ၊

၂။ ဂေယျ၊

၃။ ဝေယျာကရဏ၊

၄။ ဂါထာ၊

၅။ ဥဒါန၊

၆။ ဣတိဝုတ္တက၊

၇။ ဇာတက၊

၈။ အဗ္ဘုတဓမ္မ၊

၉။ ဝေဒလ္လ- ဟု ကိုးပါးရှိသည်။

နိကာယ်အားဖြင့်-

၁။ ဒီဃနိကာယ်၊

၂။ မဇ္ဈိမနိကာယ်၊

၃။ သံယုတ္တနိကာယ်၊

၄။ အင်္ဂုတ္တရနိကာယ်၊

၅။ ခုဒ္ဒကနိကာယ်-ဟု နိကာယ်ငါးရပ်ရှိသည်။

**ပိဋကအားဖြင့်-**

၁။ သုတ္တန္တပိဋက၊

၂။ ဝိနယပိဋက၊

၃။ အဘိဓမ္မာပိဋက-ဟု သုံးပုံရှိသည်။

**တစ်ခုတည်းသော အရသာအားဖြင့်-**

"**ဝိမုတ္တိရသ**"ကိလေသာတို့မှ လွတ်မြောက်သော အရသာရှိသည်။

ဤသို့ တင်ပြခဲ့ပြီးသည့်အတိုင်း မြတ်စွာဘုရားရှင်၏ ပရိယတ်တရားကို လုံး၀ မသိပါ၊ လုံး၀ နားမလည်ပါ။

လူဖျင်း လူအ လူနုံ လူနှ လူညံ့ လူမိုက်သည် အသက် ထက်ဆုံး ပညာရှိသူကို ဆည်းကပ်နေရပါသော်လည်း ပညာရှိနှင့် အတူနေရပါသော်လည်း ပဋိပတ်တရား ပဋိဝေဓ တရားတို့ကို လည်း လုံး၀ မသိပါ။ လုံး၀ နားမလည်ပါ။

ဤတရားဒေသနာတော်၏အဆုံး၌ အာဂန္တုက ရဟန်း တော်တို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော် ကိုနာရင်း ဝိပဿနာတရား ရှုမှတ်ပွားများကာ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်သွားကြပါတော့သည်။

## အသိဉာဏ်ပညာ၏ ကြီးပွား၏

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော်ပထမအုပ် စတုက္ကနိပါတ်၌ အသိဉာဏ်ပညာကြီးပွားကြောင်း လေးပါးကို 'ပညာဝုဍ္ဎိသုတ်'အမည်ဖြင့် ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားက

"ရဟန်းတို့ ! ဤအကြောင်းတရားလေးမျိုးတို့သည် အသိဉာဏ်ပညာ၏ ကြီးပွားခြင်းငှါဖြစ်ကုန်၏။ ထိုအကြောင်းတရားလေးမျိုးတို့မှာ--

၁။ ပညာရှိသူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊

၂။ သူတော်ကောင်းတရားကို နာယူခြင်း၊

၃။ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊

၄။ လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်ခြင်း တို့ဖြစ်၏။

ရဟန်းတို့ ! ဤအကြောင်းတရားလေးမျိုးတို့သည် အသိဉာဏ်ပညာ၏ ကြီးပွားခြင်းငှါဖြစ်ကုန်၏" ဟု မိန့်တော်မူပါသည်။

အသိဉာဏ်ပညာ ကြီးပွားလိုသူများ အသိဉာဏ်ပညာ တိုးတက်လိုသူများ အသိဉာဏ်ပညာ ထက်မြက်လိုသူများ

ပညာအလင်းအရောင်ဖြင့် ထွန်းပြောင်လိုသူများ တင်ပြခဲ့သော အသိဉာဏ်ပညာ၏ ကြီးပွားကြောင်း တရားလေးမျိုးတို့နှင့် ပြည့်စုံအောင် ကြိုးစားရပါမည်။

အရှင်ဥဒါယီလိုမဖြစ်အောင် ယောင်းမလိုလူသား မဖြစ်ရလေအောင်တော့ သတိထားကာ ကြိုးစားရပါမည်။ မြတ်စွာဘုရားတည်းဟူသော ပညာရှိသူတော်ကောင်းကို မှီဝဲဆည်းကပ်ရပေမည့် အရှင်ဥဒါယီသည် မြတ်စွာဘုရား ဟောတော် မူသော တရားတော်များကို ရိုရိုသေသေ စူးစူးစိုက်စိုက် နာယူမှု လေ့လာမှု မှတ်သားမှု ဆောင်ထားမှုမရှိသောကြောင့် ဘာတရားကိုမျှ မသိပါ၊ နားမလည်ပါ။ မယုံနိုင်စရာပင် ဖြစ်ရပါ၏။

## နိုင်ငံသူ နိုင်ငံသားများ ကြီးပွားကြပါစေ

မျက်မှောက်ဘဝ လူလောကဝယ် ပညာရှိသော ပညာတတ်ဖြစ်သော မိဘတို့နှင့် တစ်အိမ်တည်း အတူတူနေရပါသော်လည်း အချို့သောသားသမီးတို့သည် ပညာမတတ်ကြ၊ ဘွဲ့မရကြ၊ ပညာမဲ့ကြသည်။ အသိဉာဏ်ပညာ မဲ့ကြသည်။ ထို သားသမီးတို့သည် ဟင်းမွေသောယောင်းမလို လူသားများသာ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ မျက်မှောက်ဘဝ လူ့လောကဌ် ပညာရှိသော ပညာတတ်သော သူတော်ကောင်းဖြစ်သော လိမ္မာသော မိဘတို့နှင့် တစ်အိမ်တည်းမှာ အတူနေ၊နေရသော သားသမီးတို့သည် မိမိတို့၏ မိဘတို့ကဲ့သို့ ပညာရှိအောင် ကြိုးစားရပါမည်၊ ပညာတတ်အောင် ကြိုးစားရပါမည်၊ သူတော်ကောင်းဖြစ်အောင် ကြိုးစား ရပါမည်၊ လိမ္မာအောင် ကြိုးစားရပါမည်။

သို့မှသာ မိမိတို့မိသားစု ကြီးပွားတိုးတက်ပါမည်၊ မိမိတို့ အမျိုးသားများ ကြီးပွားတိုးတက်ပါမည်၊ မိမိတို့ နိုင်ငံတော်သူ နိုင်ငံတော်သားများ ကြီးပွားတိုးတက်ပါမည်။

ဖေးဗရိတ်သတင်းစာစောင်
အမှတ်-၁၊ ၂၄၊
(၉-၁၁-၂၀၀၉)

ကျမ်းညွှန်း-

ဓမ္မပဒအဋ္ဌကထာ(ပထမ)
ပါရာဇိကကဏ်အဋ္ဌကထာ(ပထမ)

## မိမိ၏ ဘဝအဖော်မွန်အတွက် ရွေးချယ်သင့်သောဂုဏ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အချိန်ဖြစ်သည်။

သာဝတ္ထိမြို့မှာပင် ပုဏ္ဏားတစ်ယောက်ရှိသည်။ ၄င်းပုဏ္ဏားအား သမီးလေးယောက်ရှိသည်၊ သမီးလေးယောက်တို့ကို အခြားအမျိုးသားတို့က လိုလားနေကြသည်၊ ချစ်ကြိုက်နေကြသည်။ လာရောက်ကာ တောင်းကြသည်။

ထိုသမီးလေးယောက်တို့တွင် တစ်ယောက်က အလွန်ရုပ်အဆင်းလှသည်၊ ကိုယ်လုံးကိုယ်ထည် တင့်တယ်လှပသည်။

တစ်ယောက်က အရွယ်ရောက်နေသည်၊ အပျိုဖားဖားကြီးအရွယ် ဖြစ်နေသည်။ တစ်ယောက်က မြတ်သောအမျိုးနှင့်ပြည့်စုံသည်။ တစ်ယောက်က ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည်၊ အကျင့်စာရိတ္တ ကောင်းသည်။

ပုဏ္ဏားအား တင်ပြမည့်အတိုင်း အကြံဖြစ်သည်မှာ-

ငါ၏သမီးတို့ကို သူတို့၏အလိုဆန္ဒ သူတို့၏ အကြိုက်ကို လိုက်သောအားဖြင့် အဘယ်သူအား ပေးရမည်လဲ။ အဆင်းလှ သော သမီးအား ပေးရမည်လော။ အရွယ်ကြီးသောသမီးအား ပေးရမည်လော။ အမျိုးဇာတ်နှင့်ပြည့်စုံသောသမီးအား ပေးရ မည်လော။ ကိုယ်ကျင့်သီလနှင့်ပြည့်စုံသောသမီးအား ပေးရ မည်လော-ဟု အကြံဖြစ်နေသည်၊ မဝေနိုင်,မခွဲနိုင် ဖြစ်နေသည်၊ ဆုံးဖြတ်လို့မရ ဖြစ်နေသည်။

## မြတ်စွာဘုရားကို ရင်းနှီးကြည်ညို

ပုဏ္ဏားသည် အထက်ပါအကြောင်းကို သွားရင်းလာရင်း နေရင်းထိုင်ရင်း အချိန်တိုင်းလိုလို ကြံစည်နေမိသည်၊ စဉ်းစား နေမိသည်။ အိပ်ရာထည်းဝယ် နဖူးပေါ်လက်တင်ကာ အဖန်ဖန် ကြံစည်နေမိသည်၊ တွေးတောနေမိသည်။

ဘယ်လိုမှ ကြံလို့၊ တွေးလို့၊ စဉ်းစားလို့မရသည့်အခါ မြတ်စွာဘုရားအထံတော်သို့ သွားဘို့ ဆုံးဖြတ်လိုက်သည်။

မြတ်စွာဘုရားရှင်သည် ဤကိစ္စနှင့်စပ်၍ သင့်တော်သော အကြောင်းကို သိတော်မူလိမ့်မည်။ မြတ်စွာဘုရားအား အကျိုးအကြောင်း မေးမြန်းလျှောက်ထားမည်။ သမီးလေးယောက်တို့တွင် သင့်တော်သောသမီးအား ပေးစားရတော့မည်ဟု ဆုံးဖြတ်ချက်ချသည်။ ပန်း နံ့သာ အမွှေးတိုင်စသော လှူဖွယ်တန်းဖွယ်တို့ကိုယူလျက် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်သည်။

မြတ်စွာဘုရားအား ရှိခိုးဦးချပြီးလျှင် သင့်တော်သော နေရာ၌ ထိုင်နေသည်။ ပုဏ္ဏားသည် အရင့်အရင်ဘဝတွေက မြတ်စွာဘုရားနှင့်အတူ နေခဲ့ရ၊ဖြစ်ခဲ့ရဘူးသည်။ ထို့ကြောင့် စိတ်ထဲကပင် မြတ်စွာဘုရားနှင့် ရင်းနှီးနေသည်၊ အကျွမ်းတဝင် ဖြစ်နေသည်။ မြတ်စွာဘုရားနှင့် ပြောရဲဆိုရဲ ရှိသည်။ ဘာမဆို လျှောက်ထားဝံ့သည်။

မြတ်စွာဘုရားနှင့်တွေ့သောအခါ ပုဏ္ဏား၏စိတ်ထဲမှာ မြတ်စွာဘုရားကို အဖေလိုတစ်မျိုး၊ အစ်ကိုလိုတဖုံ ခင်မင်သည်၊ ရင်းနှီးသည်၊ ကြည်ညိုသည်။

## မဝေခွဲနိုင် မဆုံးဖြတ်နိုင်

ပုဏ္ဏားသည် မြတ်စွာဘုရားအား အစမှစ၍ အကြောင်းစုံကို လျှောက်ထားပြီသည်၊ အဘယ်သူအား အဘယ်သမီးကို ပေးရပါမည်လဲဟု ဆက်လက်လျှောက်ထားသည်။

မြတ်စွာဘုရားက အဘယ်သမီးကို အဘယ်အမျိုးသားအား ပေးပါလို့ တိုက်ရိုက်မိန့်တော်မမူပါ။ ရှေးရှေးဘဝတုံးကလည်း ပညာရှိတို့သည် ဤပြဿနာကို ဖြေရှင်းပေးခဲ့ကြသည်၊ ဘဝဖုံးလွှမ်းသည့်အတွက်ကြောင့် မမှတ်မိခြင်းဖြစ်သည်-ဟု မိန့်တော်မူသည်။

ပုဏ္ဏားက တောင်းပန်သောကြောင့် အတိတ်ဆောင်တော်မူသည်။ အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းကာ မိန့်ကြားတော်မူပါသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းတိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသည်။ ဘုရားအလောင်းတော်က ပုဏ္ဏားမျိုး၌ဖြစ်သည်။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်၌ ပညာသင်ယူသည်။ နောင်အခါ ဗာရဏသီပြည်၌ ဒိသာပါမောက္ခဆရာကြီးဖြစ်သည်။

အထက်ပါ ပစ္စုပ္ပန်ဇာတ်လမ်းအတိုင်းပင် ပုဏ္ဏားတစ်

ယောက်အား သမီးလေးယောက်တို့ရှိသည်။ ယင်းသမီးတို့ကို အခြားသောအမျိုးသားတို့က တောင်းရမ်းကြသည်။ ပုဏ္ဏားမှာ အဘယ်သူအား ပေးရမလဲ-ဟု မဝေခွဲနိုင် မဆုံးဖြတ်နိုင် ဖြစ်နေသည်။

## သာမည နှင့် အဓိက

ဒိသာပါမောက္ခဆရာကြီးကို အကျိုးအကြောင်းမေးပြီး ပေးသင့်သောသူအား ပေးမည်-ဟု ကြံနေမိသည်။ ဒိသာပါမောက္ခ ဆရာကြီးအထံသို့သွားသည်။

"ဆရာကြီး ! အကျွန်ုပ်အား သမီးလေးယောက်တို့ ရှိပါတယ်။ တစ်ယောက်က ရုပ်ရည်ရူပကာယ လှပပါတယ်။ တစ်ယောက်က အရွယ်ကြီးရင့်နေပါတယ်။ တစ်ယောက်က မြတ်သောအမျိုးနဲ့ ပြည့်စုံပါတယ်။ တစ်ယောက်က ကိုယ်ကျင့်သီလနဲ့ ပြည့်စုံပါတယ်။

ထိုသမီးလေးယောက်တို့ကို အဘယ်အမျိုးသားအား ပေးရမလဲ"ဟု မေးမြန်းသည်၊ ပြောဆိုတင်ပြသည်။

ဒိသာပါမောက္ခဆရာကြီးက ပြောဆိုတင်ပြချက်ကို ကြားရသောအခါ "ရုပ်ရည်အဆင်း ပြည့်စုံခြင်းဂုဏ်၊ အရွယ်

နှင့်ပြည့်စုံခြင်းဂုဏ်၊ မြတ်သောအမျိုးနှင့်ပြည့်စုံခြင်းဂုဏ်စတဲ့ ဂုဏ်အပေါင်းနဲ့ ပြည့်စုံပေမဲ့ ကိုယ်ကျင့်တရားပျက်စီးက ကဲ့ရဲ့သင့်သည်သာ၊ ရှုံ့ချသင့်သည်သာဖြစ်တယ်။

ဒါကြောင့် ရုပ်ရည်အဆင်း ပြည့်စုံခြင်းဂုဏ်စတဲ့ ဂုဏ်တို့က ပဓာနမဟုတ်ပါ၊ အဓိကမဟုတ်ပါ။ ဒို့ကတော့ ကိုယ်ကျင့်တရား ကောင်းတာကိုသာ သဘောကျတယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်''ဟု ပြောပြသည် ရှင်းပြသည်။

ပုဏ္ဏားသည် ဒိသာပါမောက္ခဆရာကြီး ရှင်းပြသည်ကို ကြားရ,သိရသောအခါ သီလရှိသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော အမျိုးသားနှင့်သာ သမီးကို ပေးစားသည်။

မြတ်စွာဘုရားသည် ပုဏ္ဏားအား ယခု တင်ပြခဲ့သည့် ဇာတ်တော်ကို ဟောပြတော်မူသည်။ သစ္စာလေးပါးတရားကိုလည်း ဆက်လက်ဟောကြားတော်မူသည်။ သစ္စာလေးပါးတရား ဒေသနာတော်၏ အဆုံးမှာ ပုဏ္ဏားသည် သောတာပန် တည်သွားသည်။

ထိုအခါက ပုဏ္ဏားသည် ဤပုဏ္ဏားပင်ဖြစ်သည်၊ ဒိသာပါမောက္ခဆရာသည် ငါဘုရားပင်ဖြစ်ခဲ့သည်-ဟု ဇာတ်တော်ကို ပေါင်းတော်မူသည်။

## လုပ်သင့်တဲ့ အလုပ်တစ်ခု

ဝါလကင်းလွတ် သီတင်းကျွတ်မှစ၍ မင်္ဂလာပွဲတွေ ဆင်နွှဲနေကြသည်။ မင်္ဂလာပွဲ ဆင်နွှဲကြသော သတို့သား သတို့သမီးတို့သည် တင်ပြခဲ့သောဇာတ်တော်ကို သိသင့်သည်၊ နားလည်သင့်သည်၊ မှတ်သားသင့်သည်။

ထို့အတူ မိဘတို့သည်လည်း သိသင့်သည်၊ နားလည်သင့်ပါသည်၊ မှတ်သားသင့်ပါသည်။ ဒီသာပါမောက္ခဆရာကြီး၏ ပုဏ္ဏားအား ရှင်းပြသောအချက်ကို မှတ်သားသင့်သည်၊ လက်တွေ့လိုက်နာသင့်သည်၊ လက်တွေ့ ကျင့်သုံးသင့်သည်။

ထို့ကြောင့် “**အိမ်ထောင်မှု,ဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောက်ပြင်ရန် ခက်သည့်အမျိုး**”ဟု စာဆိုတို့က သတိပေးခဲ့ကြသည်၊ လမ်းညွှန်ခဲ့ကြသည်၊ ဆုံးမခဲ့ကြသည်။

မိမိ၏ ဘဝအဖော်မွန်ကို ရွေးချယ်သူတို့သည် “**လူ့ဘဝမှာ လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်လိုက်တာ**”ဟု ပြောကြသည်။

## လက်တွဲဖော်ကို ရွေးချယ်သူတိုင်း

ထိုသူတို့သည် မိမိ၏ အဖော်မွန်ရဲ့ အဆင်းလှခြင်းဂုဏ်၊

ဥစ္စာနေကြွယ်ဝသည့်ဂုဏ်၊ ချမ်းသာသည့်ဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်၊ နာမည်ကျော်ကြားသည့်ဂုဏ်စသော ဂုဏ်တို့ကိုသာ ကြည့်ကာ မရွေးချယ်သင့်ပါ။

အဆင်းလှခြင်းစသော ဂုဏ်တို့သည် မိမိတို့၏ ဘဝရှေ့ရေးမှာ အဓိကမကျပါ၊ ပဓာနမကျပါ။

ရိုးသားခြင်း၊ ကြိုးစားခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ ကိုယ်ကျင့်တရား ကောင်းခြင်း၊ သဘောထားပြည့်ဝခြင်း၊ နားလည်မှုရှိခြင်းစသော ဂုဏ်တို့သည်သာ အဓိကဖြစ်သည်၊ ပဓာနဖြစ်သည်။

ဥပမာဆိုကြပါစို့၊ လူတို့ စောင့်ထိမ်းရသော ငါးပါးသီလတို့တွင် မိမိကြင်ဖော်က ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် လွန်ကျူးသည်။ အိမ်ထောင်ရေးစည်းကမ်း ဖောက်ဖျက်သည်။ သူတစ်ပါးတို့နှင့် ဖောက်ပြန်နေသည်။

ထိုသို့ကြုံတွေ့နေရသော အမျိုးသား အမျိုးသမီးတို့အား စိတ်မချမ်းသာတော့ပါ၊ အိမ်ထောင်ရေးနှင့်စပ်၍ သာယာမှု မရှိနိုင်တော့ပါ။ ချမ်းမြေ့မှု မရှိနိုင်တော့ပါ။ ပျော်ရွှင်မှု မရှိနိုင်တော့ပါ။

ထို့အတူ မိမိ၏ အိမ်ထောင်ဖက်က သုရာမေရယ သိက္ခာ

ပုဒ်ကို ကျူးလွန်သည်။ သေရည်အရက် သောက်သည်။ မူးယစ်ဆေး သုံးစွဲသည်။ သေရည်အရက်သောက်ပြီး အိမ်ပြန်လာသော် ငြိမ်ငြိမ်မနေ၊ အေးအေးဆေးဆေးမနေ၊ ဆဲသည်၊ ဆိုသည်၊ ဆူသည်၊ ပူသည်၊ ကြိမ်းမောင်းသည်၊ တွေ့ရာပစ္စည်းကို ဖျက်ဆီးသည်၊ မိန်းမကို ရိုက်သည်၊ နှက်သည်။

ထိုအခါ အဖော်မွန်ဟု ရွေးချယ်ခဲ့သူတို့အား ပျော်ရွှင်ခြင်း ချမ်းမြေ့ခြင်း သာယာခြင်းစသော ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းတို့ ရှိနိုင်တော့မည် မဟုတ်ပါချေ။

သို့ဖြစ်ပါ၍ ဘဝမှာ လက်တွဲဖော်ကို ရွေးချယ်သူတိုင်း ကိုယ်ကျင့်သီလနှင့်ပြည့်စုံသောဂုဏ်၊ ကိုယ်ကျင့်စာရိတ္တနှင့်ပြည့်စုံသောဂုဏ်၊ ကိုယ်ကျင့်တရားကောင်းသောဂုဏ်၊ သီလရှိသောဂုဏ်တို့နှင့် ပြည့်စုံသူကိုသာ ရွေးချယ်သင့်ပါသည်။

(ဖေးဗရိတ်သတင်းစာစောင်)

အမှတ်-၂၊ ၁၊

(၄-၁-၂၀၁၀)

ကျမ်းညွှန်း-

ဇာတ်အဋ္ဌကထာ(ဒုတိယ)

## ရန်ငြိုးအာဃာတကို
## ပယ်ဖျောက်နည်း

မြတ်စွာဘုရားဟာ ဝေနေယျသတ္တဝါတို့အား တရား ရေအေး အမြိုက်ဆေးကို လေးဆယ့်ငါးဝါကာလပတ်လုံး နေ့မအား ညမနား ဟောကြားတော်မူပါတယ်။ မြတ်စွာဘုရားက ရဟန်း တော်များအား-

"ရဟန်းတို့ ! မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ တရားငါးမျိုး တို့ကို ပယ်ဖျောက်နိုင်ခဲ့ပါတယ်။ အဲဒီတရားငါးမျိုးတို့ဆိုတာ-

၁။ မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ စွဲမက်ခြင်းရာဂကို

ပယ်ဖျောက်နိုင်ခဲ့တယ်၊

၂။ မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ အမျက်ထွက်ခြင်းဒေါသကို ပယ်ဖျောက်နိုင်ခဲ့တယ်၊

၃။ မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ တွေဝေခြင်းမောဟကို ပယ်ဖျောက်နိုင်ခဲ့တယ်၊

၄။ မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ ဉာဏ်၌ ထင်မြင်ခြင်းကို ပယ်ဖျောက်နိုင်ခဲ့တယ်၊

၅။ မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ ခရီးသွားလိုစိတ်ကို ပယ်ဖျောက်နိုင်ခဲ့တယ်။

ရဟန်းတို့ ! မိမိသန္တာန်မှာဖြစ်ပေါ်လာတဲ့ ယခုဟောပြခဲ့တဲ့ တရားငါးမျိုးတို့ကို ပယ်ဖျောက်နိုင်ခဲ့တယ်'' လို့ မှတ်သားဖွယ် ဟောကြားတော်မူပါတယ်။

အထက်ပါ ပယ်ဖျောက်နိုင်ခဲ့တဲ့ တရားငါးမျိုးတို့အထဲမှာ နံပါတ်နှစ် အမျက်ထွက်ခြင်း စိတ်ဆိုးခြင်းဒေါသနဲ့ ရန်ငြိုးဖွဲ့ခြင်း အာဃာတတို့ဟာ တရားကိုယ်အားဖြင့် တူပါတယ်။ စိတ်အနေနဲ့ ဒေါသမူစိတ် ဖြစ်ပါတယ်။ ပဋိဃသမ္ပယုတ်စိတ်လို့လည်း ခေါ်ပါတယ်။

## လက်တွေ့ လိုက်နာ ပြုကျင့်စရာ

လောကထဲမှာနေကြတဲ့ပုဂ္ဂိုလ်တို့မှာ တစ်ဦးနဲ့တစ်ဦး

အဆင်မပြေမှုတွေ ရှိတတ်ကြပါတယ်။ တစ်ဦးပေါ်တစ်ဦး စိတ်ဆိုးမှု အမျက်ထွက်မှု မကျေနပ်မှု အစာမကျေမှုဒေါသတွေ ရှိတတ် ကြပါတယ်။ တစ်ဦးကိုတစ်ဦးက ရန်ငြိုးဖွဲ့ခြင်း အငြိုးထားခြင်း စိတ်ထဲမှာ တေးထားခြင်း အာဃာတတရားတွေ ရှိတတ်ကြပါ တယ်။

မြတ်စွာဘုရားက ရန်ငြိုးဖွဲ့ခြင်း အငြိုးထားခြင်း စိတ်ထဲမှာ တေးထားခြင်းဆိုတဲ့ အာဃာတကို ပယ်ဖျောက်ကြောင်းတရား၊ အာဃာတကို ပယ်ဖျောက်ပုံပယ်ဖျောက်နည်းတို့ကို ဟောတော်မူထားပါတယ်။

သံဂါယနာကိုတင်တော်မူကြတဲ့ မထေရ်မြတ်များက အင်္ဂုတ္တရနိကာယ် သုတ္တန္တပိဋက အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ် အာဃာတဝဂ်မှာ ပထမအာဃာတပဋိဝိနယသုတ်။ ဒုတိယ အာဃာတပဋိဝိနယသုတ်အမည်တို့နဲ့ မှတ်တမ်းတင်ထားကြပါတယ်။

အဲဒီ အာဃာတပဋိဝိနယသုတ်တို့ဟာ လောကလူသားတွေအနေနဲ့ မှတ်သားဖွယ် အလွန်ကောင်းပါတယ်။ လက်တွေ့လိုက်နာပြုကျင့်စရာ ဖြစ်ပါတယ်။ လက်တွေ့ ကျင့်သုံးဖွယ်ရာ ဖြစ်ပါတယ်။

ယခု စာရှုသူအား ပဌမအာဃာတပဋိဝိနယသုတ်မှာ ဟောတော်မူထားတဲ့ ရန်ငြိုးဖွဲ့ခြင်း အာဃာတကို ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်းတို့ကို တင်ပြပါမယ်။

မြတ်စွာဘုရားက ရဟန်းတော်များအား အခုလို မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ ! ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ကြောင်းတရား ငါးပါးရှိပါတယ်။ ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်း ငါးနည်းရှိပါတယ်။

ရဟန်း,ရှင်,လူ မည်သူမဆို ရန်ငြိုးဖွဲ့ခြင်းအာဃတ ဖြစ်လာတတ်ပါတယ်။ ရန်ငြိုးဖွဲ့ခြင်းအာဃာတ ဖြစ်လာတဲ့ အခါဝယ် ရန်ငြိုးဖွဲ့ခြင်းအာဃာတ ဖြစ်ပေါ်လာရာအာရုံ၌ ယခုပြဆိုမည့် ပယ်ဖျောက်ပုံပယ်ဖျောက်နည်း ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပယ်ဖျောက်ကြရပါမယ်။

ရန်ငြိုးဖွဲ့ခြင်းအာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ကြရပါမယ်။ အမြဲထာဝစဉ် ပယ်ဖျောက်ပစ်ကြရပါမယ်။ ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ပုံပယ်ဖျောက်နည်း ငါးမျိုးတို့မှာ-

## မေတ္တာပွား

နံပါတ်တစ် ရဟန်းဖြစ်စေ ရှင်ဖြစ်စေ လူဖြစ်စေ ဒေါသ အလျောက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်မှာ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း မကျေနပ်ခြင်း အစာမကျေခြင်း စိတ်ထဲမှာ တေးထားမှတ်ထားခြင်း အငြိုးထားခြင်း ရန်ငြိုးထားခြင်း အာဃာတတွေ ရှိနေတတ်ပါတယ်။

သို့ကလို အငြိုးထားခြင်း ရန်ငြိုးထားခြင်း ဖြစ်ပေါ်လာရာပုဂ္ဂိုလ်၊ မိမိကို အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ မေတ္တာသက်ဝင် ချစ်ခင်ခြင်းဆိုတဲ့မေတ္တာကို ပွားများရပါမယ်။

မိမိရန်ငြိုးထားရာပုဂ္ဂိုလ်ကို ကျန်းမာပါစေ ချမ်းသာပါစေ အရာရာအဆင်ပြေပါစေ အောင်မြင်ပါစေ တိုးတက်ပါစေ ဘေးရန်ကင်းပါစေ အန္တရာယ်ကင်းပါစေ စိတ်ဆင်းရဲခြင်း ကင်းပါစေ ကိုယ်ဆင်းရဲခြင်း ကင်းပါစေ ချမ်းချမ်းသာသာနဲ့ မိမိကိုယ်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါစေ စသည်ဖြင့် မေတ္တာပို့သရပါမယ်၊ မေတ္တာ ပွားများရပါမယ်။

အစပိုင်းမှာတော့ အာဃာတထားတဲ့သူအပေါ်မှာ မေတ္တာပို့သဖို့ မေတ္တာပွားဖို့ ခက်ခဲရင် ခက်ခဲနေပါအုံးမယ်။ ဒါပေမဲ့ ဖွဲမလျော့ရပါ။ ဆက်၍ဆက်၍သာ မေတ္တာပို့သပါ၊ မေတ္တာပွားပါ။

သူက ကိုယ့်အပေါ် ဘယ်လိုပင် မလိုမုန်းထား အာဃာတ တရား တွေ ရှိနေပါစေ။ ကိုယ့်ကို မကောင်းတဲ့ အပြုအမူတွေ ပြုနေ ပါစေ။ မကောင်းတဲ့စကားတွေ ပြောချင်ပြောနေ ပါစေ။ နှုတ်ခမ်း စူ ငြူစူချင် ငြူစူနေပါစေ။ မျက်စောင်းထိုးချင် ထိုးနေပါစေ။ မိမိကိုယ်တိုင်က စိတ်မဆိုးရပါ၊ ဒေါသမဖြစ်ရပါ၊ အာဃာတ ပြန်မထားရပါ။

မေတ္တာဆိုသည်မှာ သူတစ်ပါးတို့ရဲ့ ကောင်းကျိုးကို လိုလားတဲ့သဘော၊ ချစ်ခင်မှုတွေ စေးကပ်စိမ့် ဝင်နေခြင်း သဘော၊ ခွင့်လွှတ်ခြင်းသဘောရှိပါတယ်။

ဒါကြောင့် မေတ္တာဟာ စိတ်ဆိုးခြင်းဒေါသ အမုန်းပွား ခြင်း ရန်ငြိုးထားခြင်းအာဃာတတို့နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေပါတယ်။ မေတ္တာနဲ့ဒေါသ မေတ္တာနဲ့ အာဃာတတို့ဟာ ဆန့် ကျင်ဘက်အစစ် ဖြစ်ကြပါတယ်။

ယခုတင်ပြခဲ့တဲ့အတိုင်း မိမိကို မလိုမုန်းထားခြင်း ရန်ငြိုး ဖွဲ့ခြင်း အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်း အာဃာတ ကို ပယ်ဖျောက်ရမှာ ဖြစ်ပါတယ်။

## ကရုဏာထား

နံပါတ်နှစ် ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်းမှာ--

အငြိုးထားခြင်း ရန်ငြိုး ဖွဲ့ခြင်းဖြစ်ပေါ်ရာပုဂ္ဂိုလ်၊ မိမိကို အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်၌ သနားခြင်းဆိုတဲ့ကရုဏာကို ပွားများရပါမယ်။

ကရုဏာဆိုတာ စိတ်ဆင်းရဲနေတဲ့ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အစားဆင်းရဲ အဝတ်ဆင်းရဲ အနေဆင်းရဲနေတဲ့ ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကိုယ်ဆင်းရဲနေတဲ့ပုဂ္ဂိုလ်ကိုဖြစ်စေ၊ မြင်တွေ့ရတဲ့အခါမှာ စိတ်ကောင်း နှလုံးကောင်းရှိသူတို့ရဲ့ နှလုံးသားမှာ တုန်လှုပ်သွားပါတယ်၊ ရိုက်ခတ်သွားပါတယ်။ ကရုဏာသက်ရာ ကရုဏာဖြစ်ရာ ပုဂ္ဂိုလ်ရဲ့ ဆင်းရဲဒုက္ခတွေကို ပယ်ရှားပေးလိုတဲ့ဆန္ဒ၊ အကူအညီ ပေးလိုတဲ့ဆန္ဒ သက်သာရာ ရစေလိုတဲ့ သဘောလက္ခဏာ ရှိပါတယ်။

မိမိအပေါ်မှာ အငြိုးထားခြင်း ရန်ငြိုးဖွဲ့ခြင်း အာဃာတထားတဲ့ပုဂ္ဂိုလ်ရဲ့ မလိုမုန်းတီးမှု အံကြိတ်မှု စိတ်မသက်မသာ ခံစားနေရမှုတွေကို ပယ်ရှားပေးလိုတဲ့သဘော မဖြစ်စေလိုတဲ့သဘော သက်သာရာရစေလိုတဲ့သဘောဟာ ကရုဏာအစစ် ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့အတိုင်း မိမိကို မလိုမုန်းတီးခြင်း ရန်ငြိုးဖွဲ့ခြင်း အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်း အာဃာတကို ပယ်ဖျောက်ရမှာဖြစ်ပါတယ်။

## ဥပေက္ခာပြု

နံပါတ်သုံး ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်းမှာ--

အငြိုးထားခြင်း ရန်ငြိုးဖွဲ့ခြင်း အာဃာတကို ဖြစ်ပေါ်ရာ ပုဂ္ဂိုလ်၊ မိမိကို အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာကို ပွားများရပါမယ်။ ကောင်းကောင်းဆိုးဆိုး သူ့သဘောသူ ဆောင်လိမ့်မယ်။ သူ့အမှုနဲ့သူ ထင်ရှားလိမ့်မယ်။ သူနဲ့ငါနဲ့ ဘာမှမဆိုင်။ ငါ့အလုပ်ကိုသာ ငါလုပ်မယ်။ ငါ့လမ်းကိုသာ အကောင်းဆုံး လျှောက်လှမ်းမယ်စသည်ဖြင့် လျစ်လျူရှုခြင်း ဥပေက္ခာပြုခြင်း ဖြစ်ပါတယ်။

ပြဆိုခဲ့တဲ့အတိုင်း အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ရမှာ ဖြစ်ပါတယ်။

## နှလုံး မသွင်းပါနဲ့

နံပါတ်လေး ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်းမှာ--

အငြိုးထားခြင်း ရန်ငြိုးဖွဲ့ခြင်း အာဃာတကို ဖြစ်ပေါ်ရာ ပုဂ္ဂိုလ်၊ မိမိကို အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်၌ သတိမထားခြင်း နှလုံးမသွင်းခြင်းသို့ ရောက်စေရပါမယ်။ ``မစဉ်း စားနဲ့၊ ကိုယ့်အလုပ်ကိုသာလုပ်'' ဆိုသလို မိမိကို အာဃာတထားတဲ့ ပုဂ္ဂိုလ်ကို၊ ပုဂ္ဂိုလ်ရဲ့အကြောင်းကို မစဉ်းစားပါနဲ့တော့၊ သတိမထားပါနဲ့တော့၊ အမှတ်ရမနေပါနဲ့တော့။ သူ့အကြောင်းတွေကို မိမိ စိတ်ထဲမှာ နှလုံးမသွင်းချင်ပါနဲ့တော့။

ပြဆိုခဲ့ပြီးတဲ့အတိုင်း အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ရပါမယ်။

## ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ

နံပါတ်ငါး ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ပုံ ပယ်ဖျောက်နည်းမှာ--

အငြိုးထားခြင်း ရန်ငြိုး ဖွဲ့ခြင်း အာဃာတကို ဖြစ်ပေါ်ရာ ပုဂ္ဂိုလ်၊ မိမိကိုအာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်၌ ကံသာလျှင် မိမိ

ကိုယ်ပိုင် ဥစ္စာရှိပုံကို ဆင်ခြင်ရပါမယ်။ နှလုံးသွင်းရပါမယ်။

"ဒီအရှင်ဟာ(အရှင်မ,ဟာ)ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်။ ကံရဲ့ အမွေခံဖြစ်တယ်။ ကံသာလျှင်အကြောင်းရှိတယ်။ ကံသာလျှင် အဆွေအမျိုးရှိတယ်။ ကံသာလျှင် လည်းလျောင်းရာ မှီခိုရာ ရှိတယ်။ ကောင်းတဲ့ကံကိုဖြစ်စေ မကောင်းတဲ့ကံကို ဖြစ်စေ ပြုလျှင် အဲဒီကောင်းတဲ့ကံ မကောင်းတဲ့ကံရဲ့ အမွေခံသာ ဖြစ်လိမ့်မယ်"လို့ ဆင်ခြင်ရပါမယ်။ နှလုံးသွင်းရပါမယ်။

တင်ပြခဲ့တဲ့အတိုင်း အာဃာတထားတဲ့ပုဂ္ဂိုလ်အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်းအာဃာတကို ပယ်ဖျောက်ရမှာ ဖြစ်ပါတယ်။

စာရှုသူ ! ရန်ငြိုးပြေပျောက် ချမ်းသာရောက်အောင် ရန်ငြိုးဖွဲ့ခြင်းအာဃာတတွေကို ပြဆိုခဲ့ပြီးတဲ့ ပယ်ဖျောက်နည်း ငါးမျိုးတို့နဲ့ ပယ်ဖျောက်ကြရမှာဖြစ်ပါတယ်။ "အာဃာတကင်း စင် မေတ္တာဝင် ကြည်လင် လှပတယ်"စတဲ့စကားအတိုင်း ဒေါသ တွေ အာဃာတတွေ ကင်းစင်တဲ့လောကကြီးဟာ ကြည်နူးဖွယ် ပျော်ရွှင်ဖွယ် ဖြစ်နေပါလိမ့်မယ်။ အစဉ်ထာဝရ လှပတင့်တယ် နေပါလိမ့်မယ်။ အေးချမ်းသာယာ ဖွံ့ဖြိုး စည်ပင်နေပါလိမ့်မယ်။

(မန္တလေးအရဏ်ဦးအနုပညာဂျာနယ်)

ကျမ်းညွှန်း-

အင်္ဂုတ္တိုရ်ပါဠိ(ဒုတိယ)

## ကိုယ်တိုင်လည်းလှူ
## တိုက်တွန်းသူ

စာရေးသူ ငယ်စဉ်တောင်ကျေး ကျောင်းသားလေးဘဝက နံနက်ခင်းမှာ အလှည့်ကျ ရွာထဲမှာ ဆွမ်းခံလှည့်လည်ခဲ့ရပါသည်။ ဆွမ်းခံလှည့်လည်စဉ် "ဆွမ်းတော်ထားလို့ ဝမ်းတော်မှ အနိုင်နိုင်" ပုဂ္ဂိုလ်များကိုလည်း တွေ့ခဲ့ရသည်။

သဒ္ဓါတရား ထက်သန်စွာ လောင်းလှူသော ပုဂ္ဂိုလ်များကိုလည်း တွေ့ခဲ့ရသည်။ အချို့အချို့ပုဂ္ဂိုလ်များဆိုရင် နေ့စဉ် ထမင်းတောင် နပ်မှန်အောင် မစားကြရပါ။ ရရာအလုပ် နေ့စားလုပ်ကာ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရသည်။

## ဘုစု ခရု တစ်ပုံတစ်ပင်

သို့ကလို ဆင်းရဲတွင်းနက်ကာ ခက်ခဲမှုမျိုးစုံ ကြုံနေသော်လည်း သားသမီးတွေကလည်း များသလားမမေးနဲ့။ မိန်းမဖြစ်သူမှာ ကိုယ်ဝန်ကြီးနှင့်၊ ရင်ခွင်မှာ ကလေးကို ထွေးပိုက်ကာ ပွေ့ချီထားသေးသည်။ လက်ဆွဲကာ သွားနေရသော ကလေးကလည်း ရှိနေသည်။ ထို့ထက်နည်းနည်းကြီးသွားသော သားသမီးကလည်း တစ်ပုံတစ်ပင်ပါ။

အချို့ပုဂ္ဂိုလ်များကား ချမ်းသာကြွယ်ဝကြသည်။ ပြည့်စုံကုံလုံကြပါသည်၊ သို့ပေမည့် သားသမီးမရှိကြပါ။ အခြံအရံလည်း နည်းပါးကြပါသည်၊ ထိုအခါ တင်ပြခဲ့သည့် မြင်ကွင်းများကို ကြည့်ကာ စာရေးသူ၏ စိတ်ထဲမှာ---

'ဪ ဆင်းရဲတဲ့ လူကျတော့ စားမည့် သောက်မည့် ကလေးတွေက များလိုက်တာ၊ ချမ်းသာတဲ့ လူကျတော့ စားမည့် သောက်မည့်သူ မရှိ၊ အဖေါ်မဲ့လိုက်ကြတာ' ဟု အောင့်မေ့မိပါသည်။

စာရေးသူ ကိုရင်ဖြစ်၍ စာသင်တိုက်မှာ ရောက်တော့ အထက်ပါ မြင်ကွင်းများ အများကြီး အများကြီး တွေ့ရပါတော့သည်။ အချို့ပုဂ္ဂိုလ်များကား တစ်ကောင်ကြွက် တောင်းစားရ

သောဘာဝ။ အချို့ပုဂ္ဂိုလ်များကား ဆင်းရဲခက်ခဲစွာ အသက်မွေး ရပြီး ဘုစု ခရု သားသမီး တစ်ပုံတစ်ပင် ရှိသည်။

အချို့သူဌေး သူကြွယ်ကြီးများကား တိုက်ကြီးတာကြီး နှင့် တစ်ယောက်တည်း(သို့မဟုတ်)နှစ်ယောက်တည်း နေကြ ရသည်။ အဖော်မဲ့စွာ နေကြရသည်။ အခြွေအရံမဲ့စွာ နေကြရ သည်။

## ပုဂ္ဂိုလ်လေးမျိုးတရား အထူးဟောကြား

စာရေးသူ သာမဏေသကျသီဟ စာမေးပွဲဖြေရန် ဆရာ သမား အထံတော်မှာ ဓမ္မပဒအဋ္ဌကထာ သင်ယူသောအခါ အထက်ပါမြင်ကွင်းများရဲ့ ကောင်းကျိုး ဆိုးကျိုးများ၏ အကြောင်း တရားကို အတိအကျ သိရပါတော့သည်။

စာရေးသူသည် ကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသ မထေရ် ဓမ္မပဒအဋ္ဌကထာမှာ မှတ်တမ်းတင်ထားသော ဗုဒ္ဓ ရှင်တော်မြတ်နှင့် လက်ျာတော်ရံ ရှင်သာရိပုတ္တရာမထေရ်တို့ ကိုယ် တော်တိုင် နှုတ်မြွက် ဟောကြားတော်မူသော ပုဂ္ဂိုလ်လေးမျိုးကို အလွန့်အလွန် သဘောကျမိပါသည်။

သို့ဖြစ်၍ စာရေးသူသည် အများစုပေါင်း၍ စာရေးတံ မဲချကာ လှူဒါန်းကြသော ရပ်ကွက်ဓမ္မာရုံ မြတ်စွာဘုရားပွဲတော်

များမှာဖြစ်စေ၊ ကျောင်းတိုက်မှာလာ၍ အများစုပေါင်းကာ ဆွမ်းဆက်ကပ်လှူဒါန်းကြရာ အခါမှာဖြစ်စေ၊ မိမိတို့ကျောင်းတိုက်ရှိ စာချ,စာသင် သံဃာတော်များ၏ နေ့စဉ် အရုဏ်ဆွမ်း ချက်ပြုတ်ဆက်ကပ်ရန်အတွက် ဆန်၊ ဆီ၊ ပဲ၊ ငရုတ်၊ ကြက်သွန် စသည် စုပေါင်းလှူဒါန်းကြရာ အခါမှာဖြစ်စေ "ပုဂ္ဂိုလ်လေးမျိုးတရား" ကို အထူးဟောကြားပေးပါသည်။

## မှတ်တမ်း ပြုစုထား

သားသမီး တစ်ပြုံကြီးရှိကာ ဆင်းရဲတွင်း နက်နေကြရာသော ပုဂ္ဂိုလ်များကို ချမ်းသာစေလိုသော ဆန္ဒ၊ ပြည့်စုံကုံလုံစေလိုသောဆန္ဒ၊ စားဝတ်နေရေး အဆင်ပြေစေလိုသော ဆန္ဒနှင့် သုံးလို့မကုန်နိုင်အောင် ချမ်းသာကြွယ်ဝပေမည့် အဖော်မဲ့စွာ တိုက်ကြီးတာကြီးထဲမှာ တစ်ကိုယ်တည်း (သို့မဟုတ်) နှစ်ယောက်တည်း နေကြရရှာသော သူဌေးသူကြွယ်များ အခြွေအရံ ပေါများစေလိုသော ဆန္ဒ စာရေးသူ၏ရင်မှာ အစဉ်ရှိနေပါသည်။

ဆက်လက်၍ ဗုဒ္ဓရှင်တော်မြတ်နှင့် အရှင်သာရိပုတ္တရာမထေရ်မြတ်တို့ ဆွမ်းကပ်လှူဒါန်းအပြီးမှာ ဟောကြားတော်မူထားသော 'ပုဂ္ဂိုလ်လေးမျိုးတရား' ကို စာရှုသူတို့အား တင်ပြပါမည်။

ပုဂ္ဂိုလ်လေးမျိုးတရား၊ အနုမောဒနာတရားကို ကျမ်းပြု အကျော် အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဓမ္မပဒအဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၉-နှင့် ၃၅၉၊ ၃၆၀-တို့၌လည်းကောင်း၊ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ-၁၁၊၁၂၌လည်းကောင်း မှတ်တမ်းပြုစုထားပါသည်။ ထိုအနုမောဒနာတရားတော်ကို ထုတ်နုတ်ကာ တင်ပြပါမည်။

(၁)

ဥပါသကာတို့(ဒကာ၊ ဒကာမတို့)! တစ်ယောက်သော သူသည်---

ကိုယ်ဥစ္စာ ကိုယ့်ပစ္စည်းကိုသာ တတ်နိုင်သလောက် လှူဒါန်းမည်။ သူတစ်ပါးတို့ကို တိုက်တွန်းနှိုးဆော်ခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း။ (အဆူခံရသည်၊ အပြောခံရသည်)-ဟု ကြံ၍ မိမိကိုယ်တိုင်သာ အလှူကို ပေးလှူ၏ သူတစ်ပါးကို လှူဖို့ရန် မတိုက်တွန်း၊ မနှိုးဆော်ပါ။

ထိုသူသည် ဖြစ်ရာဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို ရရှိ၏၊ ကုံလုံ၏၊ ချမ်းသာ၏၊ ကြွယ်ဝ၏၊ အခြွေအရံနှင့် ပြည့်စုံခြင်းကိုကား မရနိုင်။

(၂)

အချို့သောသူသည် ကိုယ်တိုင်ကား မပေးလှူ၊ မစွန့်ကြဲ၊ မချီးမြောက်။ သူတစ်ပါးကို လှူဖို့ရန်ကား တိုက်တွန်း၏၊ နှိုးဆော်၏။

ထိုသူသည် ဖြစ်လေရာဘဝမှာ အခြွေအရံနှင့် ပြည့်စုံခြင်းကိုသာ ရရှိ၏၊ သားသမီးစသည် ပေါများ၏၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကိုကား မရနိုင်။

(၃)

အချို့သောသူသည် ကိုယ်တိုင်လည်း မပေးလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ရန် မတိုက်တွန်း၊ မနှိုးဆော်။

ထိုသူသည် ဖြစ်လေရာရာဘဝမှာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို မရနိုင်၊ အခြွေအရံနှင့်ပြည့်စုံခြင်းကို မရနိုင်၊ စားကြွင်းစားကာ လှည့်လည်ရသည်၊ တောင်းစားရ၏။ ပအုံးရည်မျှကို ဝမ်းပြည့်အောင်မရပါ။ ဗိုက်ပြည့်အောင် မရပါ။ ကိုးကွယ်ရာမဲ့ ခိုကိုးရာမဲ့ အထောက်အပံ့ မဲ့နေရသည်။

(၄)

အချို့သောပုဂ္ဂိုလ်သည် ကိုယ်တိုင်လည်း ပေးလှူ၏။ သူတစ်ပါးကိုလည်း လှူဖို့ရန် တိုက်တွန်း၏။ အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းပါ၏။

ထိုသူသည် ဖြစ်လေရာရာဘဝမှာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကိုလည်း ရရှိ၏။ သားသမီး တပည့် မိတ်ဆွေစသော အခြွေအရံနှင့် ပြည့်စုံခြင်းကိုလည်း ရရှိ၏။

အို စာရှုသူ ! အထက်ပါတင်ပြခဲ့သော 'ပုဂ္ဂိုလ်လေးမျိုး တရားတော်'ကား မြတ်ဗုဒ္ဓနှင့် အရှင်သာရိပုတ္တရာမထေရ်တို့ ကိုယ်တော်တိုင် ဟောကြားတော်မူသော အနုမောဒနာတရားတို့ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ထိုအနုမောဒနာ တရားတော်ကို နာယူမှတ်သားရ၍ နံပါတ်လေးပုဂ္ဂိုလ်မျိုးဖြစ်အောင် အဘက်ဘက်မှပြည့်စုံသော အထက်တန်းစားဖြစ်အောင် ကြိုးစား ကြသော ပုဂ္ဂိုလ်များ အမှန်ပင် ရှိပါသည်။

မှန်ပါသည်။ သံသရာခရီးသည်တိုင်း ဖြစ်လေရာရာဘဝ မှာ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံ၊ အခြွေအရံနှင့်လည်း ပြည့်စုံ

သော နံပါတ်လေးပုဂ္ဂိုလ်ဖြစ်အောင် အဘက်ဘက်မှ ပြည့်စုံသော အထက်တန်းစားဖြစ်အောင် ကြိုးစားသင့်လှပါသည်၊ ကြိုးစားရပါမည်၊ ကြိုးစားနိုင်ကြပါစေ-ဟု ဆန္ဒမွန် ပြုလိုက်ပါသည်။

## ဆောင်ရန်လင်္ကာ

၁။ ကိုယ်တိုင်သာလျှ၊ မတိုက်တွန်းသူ၊ မှတ်ယူဥစ္စာများ၊ ခြွေရံပါး။

၂။ ကိုယ်တိုင်မလှူ၊ တိုက်တွန်းသူ၊ မှတ်ယူခြွေရံများ၊ ဥစ္စာပါး။

၃။ ကိုယ်တိုင်မလှူ၊ မတိုက်တွန်းသူ၊ မှတ်ယူဥစ္စာရှား၊ ခြွေရံပါး။

၄။ ကိုယ်တိုင်လည်းလှူ၊ တိုက်တွန်းသူ၊ မှတ်ယူဥစ္စာများ၊ ခြွေရံပွား။

(ပါရမီမဂ္ဂဇင်း)

အမှတ်စဉ်-၁၉၊ (၁၉၉၄၊ ဧပြီလ)

ကျမ်းညွှန်း-

ဓမ္မပဒအဋ္ဌကထာ(ပ ၊ ၃)

## ရဟန်းတော်များ၏ ရှေးဦးကျင့်သွယ်
## သိက္ခာသုံးသွယ်

မြတ်ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူပြီးနောက် ၄၅-ဝါကာလပတ်လုံး ဝေနေယျသတ္တဝါအပေါင်းတို့အား ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန်ထိ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောပြတော်မူခဲ့သည်။

ယင်းသို့ တရားဒေသနာ ဟောကြားတော်မူရာတွင် အမျိုးမျိုး အဖုံဖုံသော နည်းတို့ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူသည်။ ယင်း အမျိုးမျိုး အဖုံဖုံသောနည်းတို့တွင် တရားဒေသနာတော်ကို နာယူကြသည့် ဝေနေယျသတ္တဝါအများ သိလွယ် ထင်

လွယ် မြင်လွယ် နားလည်လွယ်အောင် ဥပမာဖြင့် တန်ဆာဆင်၍လည်း အများအပြား ဟောကြားတော်မူပါသည်။

မြတ်ဗုဒ္ဓသည် '**ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ**' ဤလောကၝ အချို့သော ပညာရှင်တို့သည် နှိုင်းယှဉ်ကြောင်း ဥပမာဖြင့် ဆိုလိုရင်း ပြောလိုရင်း ဟောလိုရင်း သဘောအနက်အဓိပ္ပါယ်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သိမြင်လွယ်အောင် ဟောကြားတော်မူခဲ့သည်။

## လယ်သမားဥပမာ နှိုင်းယှဉ်ကာ

မြတ်ဗုဒ္ဓသည် အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယပဏ္ဏာသက သမဏဝဂ် ခေတ္တသုတ်မှာ ရဟန်းတော်များ၏ ရှေးဦးအစၝပင် ဧကန်ပြုလုပ်ရမည့် ကျင့်သုံးရမည့် ပြုလုပ်ဖွယ်များ ကျင့်စဉ်များကို ဥပမာဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူသည်။

ချစ်သားရဟန်းတို့ ! အိမ်ရှင်ယောက်ျား လယ်သမားသည် ရှေးဦးအစၝ ပြုလုပ်ရမည့် ပြုလုပ်ဖွယ် သုံးမျိုးရှိသည်။ ၎င်းသုံးမျိုးတို့မှာ---

(၁) အိမ်ရှင်ယောက်ျား လယ်သမားသည် ရှေးဦးသာလျှင်

(ကြိုကြိုတင်တင်ပင်) လယ်ကို ထွန်ရေးညက်အောင် ထွန်၍ မြေကို ညီညီညွတ်ညွတ် ပြုထားရမည်။

(၂) ရှေးဦးစွာသာလျှင် လယ်ကိုထွန်ရေးညက်အောင် ထွန်ယက်၍ မြေကို ညီညီညွတ်ညွတ် ပြုပြီးလျှင် စိုက်ပျိုးသင့်သော အချိန်အခါ၌ မျိုးစေ့တို့ကို စိုက်ပျိုးကြဲချရမည်။

(၃) စိုက်ပျိုးသင့်သော အချိန်အခါ၌ မျိုးစေ့တို့ကို စိုက်ပျိုးကြဲချပြီး၍ ရေသွင်းသင့်သော အချိန်အခါ၌ ရေသွင်းရမည်၊ ရေထုတ်သင့်သော အချိန်အခါ၌ ရေထုတ်ရမည်။

မြတ်ဗုဒ္ဓသည် ဆက်လက်၍

ချစ်သားရဟန်းတို့ ! မိန့်ဆိုခဲ့ပြီး လယ်သမားဥပမာအတိုင်းပင် ရဟန်းတော်များအား ရှေးဦးအစ၌ပင် ဧကန် ပြုလုပ်ရမည့် ပြုလုပ်ဖွယ် ကျင့်သုံးဖွယ် ကျင့်စဉ်သုံးမျိုးရှိသည်။ ယင်းကျင့်သုံးဖွယ် ကျင့်စဉ်သုံးမျိုးဆိုသည်မှာ---

(၁) အဓိသီလသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၊

(၂) အဓိစိတ္တသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၊

(၃) အဓိပညာသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၊

တို့ပင် ဖြစ်ပါသည်။

ချစ်သားရဟန်းတို့ ! ထို့ကြောင့် သင်ချစ်သားတို့သည် ဤသာသနာတော်၌

အဓိသီလသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၌ ငါတို့အား ထက်သန်သော အလိုဆန္ဒ ဖြစ်လိမ့်မည်။

အဓိစိတ္တသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၌ ငါတို့အား ထက်သန်သော အလိုဆန္ဒ ဖြစ်လိမ့်မည်။

အဓိပညာသိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၌ ငါတို့အား ထက်သန်သော အလိုဆန္ဒ ဖြစ်လိမ့်မည်'' ဟု ဤအတိုင်းကျင့်သုံးကြရမည်-ဟု မိန့်တော်မူပါသည်။

မြတ်ဗုဒ္ဓ၏ မိန့်ကြားတော်မူချက်နှင့်အညီ မြတ်ဗုဒ္ဓ၏ သားတော် ရဟန်းတော်များသည် သိက္ခာသုံးဖြာနှင့်ပြည့်စုံအောင် အမှန်ပင် ကျင့်သုံးကြရပါမည်။

## သီလ နှင့် အဓိသီလ

သိက္ခာသုံးဖြာနှင့်စပ်၍ မှတ်သားဖွယ်ရာများကို(ဝိ-၄-၁)နှင့်အညီ ဆက်လက်တင်ပြပါဦးမည်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို သီလရိုးရိုးသီလ, သာမညသီလ-ဟူ၍ သာ ဆိုရသည်။ အဓိသီလ-

လွန်ကဲထူးမြတ်သောသီလ-ဟု မဆိုနိုင်ပါ။ လုံးဝမဆိုရပါ။

မှန်ပါသည်။ ငှင်းငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလတို့သည် ဘုရားပွင့်တော်မူသည်ဖြစ်စေ ဘုရားရှင်မပွင့်တော်မူသည်ဖြစ်စေ လောကမှာ တည်ရှိပါသည်။

ဘုရားပွင့်တော်မူသောအခါ ငှင်းသီလများကို ဘုရားရှင်တို့သည်လည်းကောင်း၊ တပည့်သာဝကတို့သည်လည်းကောင်း၊ လူအများကို ဆောက်တည်တော်မူကြစေသည်။

ဘုရားပွင့်တော်မမူသောအခါ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ ကုသိုလ်ကံ အကုသိုလ်ကံရှိ၏-ဟု ပြောဆိုလေ့ရှိကြသော တရားကျင့်သုံးကြသော ရဟန်း,ပုဏ္ဏားတို့သည်လည်းကောင်း၊ စကြဝတေးမင်းတို့သည်ကောင်း၊ ဘုရားအလောင်းတို့သည်ကောင်း၊ ဆောက်တည်စေကြသည်။ ပညာရှင်ဖြစ်ကြသော ရဟန်း,ပုဏ္ဏားတို့သည် ကိုယ်တိုင်လည်း ဆောက်တည်ကြသည်။

ထိုပညာရှင် ရဟန်း,ပုဏ္ဏားတို့သည် ထို ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလစသော ကုသိုလ်တရားကို ဖြည့်ကျင့်ဆည်းပူးသောကြောင့် နတ်ပြည်,လူပြည်တို့၌ စည်းစိမ်အမျိုးမျိုးကို ခံစား စံစားကြရပါသည်။

ဘုရားသားတော် ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံး

ရမည့် ပါတိမောက္ခသံဝရသီလကို"အဓိသီလ" (လွန်ကဲထူးမြတ်သောသီလ)ဟုခေါ်ဆိုရသည်။

မှန်ပါသည်။ လောကတစ်ခွင်ဝယ် ရှိရှိသမျှသောအရောင်တို့ထက် နေရောင်သည် သာလွန်သကဲ့သို့လည်းကောင်း၊ ထူးမြတ်သကဲ့သို့လည်းကောင်း။ လောကတစ်ခွင်ဝယ် ရှိရှိသမျှသောတောင်တို့ထက် မြင်းမိုရ်တောင်သည် သာလွန် မြင့်မားသကဲ့သို့လည်းကောင်း၊ အလုံးစုံသော ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသောလောကီသီလများထက် ပါတိမောက္ခသံဝရသီလဟု ဆိုအပ်သောအဓိသီလသည် သာလွန်လှပါသည် ထူးမြတ်လှပါသည်။

အဓိသီလသည် ဘုရားပွင့်တော်မူရာအခါ၌သာ ဖြစ်ပါသည်၊ ရှိပါသည်။ ဘုရားမပွင့်ရာအခါမှာ လုံးဝမရှိပါ။

မှန်ပါသည်။ ဝိနည်းပညတ်တော်ကို ထုတ်ဖော်၍ ဘုရားရှင်မှတစ်ပါး အခြားသောပုဂ္ဂိုလ်သည် တည်စေခြင်းငှာမစွမ်းနိုင်ပါ၊ မပညတ်နိုင်ပါ။ ဘုရားရှင်တို့သည်သာ ထိုထိုကျူးလွန်မှုအားလျော်သော ဝိနည်းပညတ်တော်ကို ပညတ်တော်မူကြပါသည်။ ပါတိမောက္ခသံဝရသီလထက်လည်း မဂ်နှင့်ယှဉ်သော သီလသည်သာ အဓိသီလ မည်ပြန်ပါသည်။ အဓိသီလ (လွန်ကဲထူးမြတ်သော သီလ)ဖြစ်ပြန်ပါသည်။

## စိတ္တ နှင့် အဓိစိတ္တသိက္ခာ

ကာမာဝစရ မဟာကုသိုလ်စိတ် ရှစ်ပါးတို့ကိုလည်းကောင်း၊ လောကီသမာပတ်စိတ် ရှစ်ပါးတို့ကိုလည်းကောင်း"စိတ္တ" ဟူ၍သာခေါ်ဆိုသည်။ "အဓိစိတ္တ"ဟူ၍ မခေါ်ဆိုနိုင်ပါ။

ယင်းစိတ်များသည် ဘုရားပွင့်တော်မူသည်ဖြစ်စေ၊ ဘုရားပွင့်တော်မမူသည်ဖြစ်စေ လောကမှာ ဖြစ်ပါသည်။

ဘုရားပွင့်တော်မူသောအခါ ၄င်းစိတ်များကို ဘုရားရှင်နှင့် တပည့်သာဝကတို့သည် လူအများကို ဆောက်တည်စေကြပါသည်၊ ဖြစ်စေတော်မူကြပါသည်။

ဘုရားပွင့်တော်မမူသောအခါ ပစ္စေကဗုဒ္ဓါနှင့်၊ ကုသိုလ်ကံ,အကုသိုလ်ကံရှိ၏ဟု ပြောဆိုလေ့ရှိကြသော ရဟန်း,ပုဏ္ဏားတို့နှင့် စကြဝတေးမင်းတို့သည် ဆောက်တည်စေကြသည်၊ ဖြစ်စေကြသည်၊ ပညာရှိ ရဟန်း,ပုဏ္ဏားတို့ ကိုယ်တိုင်လည်း ဆောက်တည်ကြသည်။

ဝိပဿနာ၏ အခြေခံဖြစ်သော ရှစ်ပါးသော သမာပတ်စိတ်ကို "အဓိစိတ္တ"(လွန်ကဲထူးမြတ်သောစိတ်)ဟူ၍ ခေါ်ဆိုရသည်။

မှန်ပါသည်။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော သီလတို့

ထက် အဓိသီလသည် သာလွန်မွန်မြတ်သကဲ့သို့ ဆိုခဲ့ပြီး အဓိစိတ္တသည် အလုံးစုံသောလောကီစိတ်တို့ထက် သာလွန်လှပါသည်။ ထူးမြတ်လှပါသည်။

အဓိစိတ္တသည် ဘုရားပွင့်တော်မူရာအခါ၌သာ ဖြစ်ပါသည်။ တည်ရှိပါသည်။ ဘုရားမပွင့်ရာအခါမှာ လုံးဝ မရှိနိုင်ပါ။ ဆိုခဲ့ပြီး ဝိပဿနာ၏ အခြေခံဖြစ်သော ရှစ်ပါးသောသမာပတ်စိတ်ဟုဆိုအပ်သော အဓိစိတ္တစိတ်ထက်လည်း မဂ်နှင့်ယှဉ်သောစိတ် ဖိုလ်နှင့်ယှဉ်သောစိတ်သည်သာ အဓိစိတ္တမည်ပြန်ပါသည်။

## ပညာ နှင့် အဓိပညာသိက္ခာ

"ပေးလှူကြောင်း ဒါနစေတနာသည် ရှိ၏" အစရှိသော နည်းဖြင့်ဖြစ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ဖြစ်၏-ဟု သိမြင်သော ဉာဏ်ပညာကို "ပညာ"ဟု ခေါ်ဆိုရသည်။

ယင်းပညာသည် ဘုရားပွင့်တော်မမူရာအခါမှာဖြစ်စေ လောကမှာ ဖြစ်ပါသည်။ ရှိပါသည်။

ဘုရားပွင့်တော်မူသောအခါ ဘုရားရှင်နှင့် ဘုရား၏ တပည့်သာဝကများသည် လူအများကို ဆောက်တည်စေကြသည်။ ဖြစ်စေကြသည်။

ဘုရားမပွင့်တော်မူသောအခါ ပစ္စေကဗုဒ္ဓါ တရားကျင့်သုံးကြသောရဟန်း၊ပုဏ္ဏားများနှင့် စကြဝတေးမင်းတို့သည် လူအများကို ဆောက်တည်စေကြသည်။ ဖြစ်စေကြသည်။ ပညာရှိပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်လည်း ဆောက်တည်ကြသည်။

မှန်ပါသည်။ အကိုရမင်းသား၊ ဝေလာမပုဏ္ဏား၊ ဝေဿန္တရာမင်းနှင့် အခြားသော ပညာရှိသောလူတို့သည် ဘုရားပွင့်တော်မူရာ အခါမဟုတ်သော်လည်း ကမ္မဿကတာဉာဏ်ပညာဖြင့် ကြီးကျယ်ခမ်းနားသော အလှူတို့ကို ပေးလှူ ခဲ့ကြပါသည်။

အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော လက္ခဏာရေးသုံးပါး၏ အခြင်းအရာကို ပိုင်းခြားသိမြင်တတ်သော ဝိပဿနာဉာဏ်ပညာကို ''အဓိပညာ''(လွန်ကဲထူးမြတ်သော အသိ၊ဉာဏ်၊ပညာ)ဟု ခေါ်ဆိုရသည်။

အဓိပညာသည် အလုံးစုံသော လောကီပညာတို့ထက် သာလွန်ပါသည်။ ဆိုခဲ့ပြီး အဓိပညာသည် ဘုရားပွင့်တော်မူရာ အခါမှာသာ ရှိပါသည်၊ ဖြစ်ပါသည်။ ဝိပဿနာဉာဏ်ပညာထက်လည်း မဂ်နှင့်ယှဉ်သောပညာ ဖိုလ်နှင့်ယှဉ်သောပညာသည်သာ အဓိပညာ(လွန်ကဲထူးမြတ်သော အသိ၊ဉာဏ်၊ပညာ) မည်ပြန်ပါသည်။

သို့ဖြစ်ပါ၍ မြတ်ဗုဒ္ဓ၏သားတော် သံဃာတော်များသည် ဘုရားပွင့်တော်မူရာအခါ၌သာ ဖြစ်နိုင် ရရှိနိုင်သည့် အဓိသီလ သိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ သုံးပါးနှင့် မဂ်,ဖိုလ်နှင့်ယှဉ်သော အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာ သိက္ခာများကို လက်မွန်မဆွ ရှေးဦးအစကပင် အစဉ်ထာဝရ ကျင့်ကြံကြိုးကုတ် ဆည်းပူးအားထုတ် ပြုလုပ်နေကြရမည် ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်)
အတွဲ-၁၅၊ အမှတ်-၄၊
၁၃၅၆-ခုနှစ်၊ နှောင်းတံခူးလပြည့်နေ့ (၁၄-၄-၁၉၉၅)

**ကျမ်းညွှန်း-**

အင်္ဂုတ္တိုရ်ပါဠိတော်(ပထမ)

## ရဟန်းဒကာလား?
## ရဟန်းတစ်ခါလား?

၁၃၅၆-ခုနှစ်၊ တန်းခူးလပြည့်ကျော်(၁၂)ရက်၊ (၇-၅-၉၄)စနေနေ့က စာရေးသူအား ဒါယကာကြီးတစ်ဦးက

အရှင်ဘုရား ! တပည့်တော်၏ မိတ်ဆွေတစ်ဦးကို သူ့ရဟန်းက 'ရဟန်းဒကာလား ရဟန်းတစ်ခါလား' လို့ စာဖြင့်ရေး၍ မေးမြန်းသည့်အကြောင်း လျှောက်ထားသည်။

ထို့အတူပင် လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ကူညီထောက်ပံ့နေသည့် တိပိဋကနိကာယဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ရွှေညွန့်ကလည်း ''အရှင်ဘုရား-တပည့်တော်မိတ်ဆွေကို သူ့ရဟန်းက ကက်ဆက်ဝယ်ပေးခိုင်းသတဲ့။

အဲဒီအခါ ရဟန်းဒကာက 'အရှင်ဘုရား- ကက်ဆက်က ဘုန်းကြီးနဲ့ မသင့်လျော်ပါဘူးဘုရား၊ အရှင်ဘုရားမှာ လိုအပ်သည့် စာအုပ်စာတမ်း သင်္ကန်းစသော ရဟန်းအသုံးအဆောင်များကိုသာ မိန့်ကြားပါဘုရား' ဟု ပြန်လျှောက်သည်။ ထိုအခါ ရဟန်းက 'ဒကာကြီး ဒီလိုဆို ရဟန်းဒကာလား ရဟန်းတစ်ခါလား' လို့ ပြန်မေးသည့်အကြောင်း လျှောက်ထားခဲ့ဖူးပါသည်။

အထက်ပါ လျှောက်ထားချက်များကို ကြားရသောအခါ စာရေးသူ၏စိတ်အစဉ်မှာ ယခု ဆက်လက်တင်ပြမည့် အကြောင်းအရာများကို တွေးဆဆင်ခြင်မိသည်၊ စဉ်းစားမိသည်။

သဗ္ဗညုမြတ်ဗုဒ္ဓလက်ထက်တော်အခါက ရှင်သာမဏေ တစ်ပါးပါးကို လှူဒါယကာ, ဒါယကာမတစ်ဦးဦးက သင်္ကန်း, သပိတ်စသော ရဟန်းအသုံးအဆောင်ကို ဝယ်ယူလှူဒါန်းကာ ရဟန်းဒကာ,ရဟန်းဒကာမအဖြစ် ခံယူ၍ မြင့်မြတ်သော ရဟန်း ဘောင်သို့ ပို့ဆောင်ပေးခဲ့ခြင်းမျိုး လုံးဝမရှိခဲ့ပါ။

ဥပဇ္ဈာယ်ဆရာကိုယ်တော်တိုင် သင်္ကန်းသပိတ်စသည် ရှာပေးစီစဉ်ပေးကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ပို့ဆောင် ပေးတော်မူကြသည်။

သို့ဖြစ်၍ ရှင်ကျင့်ဝတ်မှာ ''သဒ္ဓိဝိဟာရိကဝတ္တက္ခန္ဓ၊ သင်္ဂြိုဟ်

ထောက်ပံ့ချီးမြှင့်ခြင်းစသည်ဖြင့် သဒ္ဓိဝိဟာရိကတပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသောဝတ်လည်းကောင်း ဟု အကျဉ်းမျှ ပြဆိုထားပါသည်။

ဝိနယပိဋက စူဠဝဂ္ဂပါဠိ ဝတ္တက္ခန္ဓက သဒ္ဓိဝိဟာရိကဝတ္တကထာ၌ကား သဒ္ဓိဝိဟာရိကတပည့်အပေါ်၌ ဥပဇ္ဈာယ်ဆရာက ပြုလုပ်ရမည့် ကျင့်ဝတ်များ တာဝန်များကို အကျယ် မိန့်ဆိုထားပါသည်။

## ရဟန်းဒကာ,အစ အသောက,က

ရှင်လောင်းတစ်ဦးဦး ရှင်သာမဏေတစ်ဦးဦးကို လူပုဂ္ဂိုလ်များထဲမှ ရဟန်းဒကာအဖြစ်ခံယူကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ပို့ဆောင်ပေးခဲ့သူမှာ အများသိနေကြသည့် အသောကဘုရင်မင်းမြတ် ဖြစ်ပေသည်။

အနည်းငယ် ဆက်လက် တင်ပြပါဦးမည်။

အသောကဘုရင်မင်းမြတ်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရှစ်သောင်းလေးထောင်သော မြို့တို့ဝယ် ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို ၉၆-ကုဋေ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းသည်၊

ကျောင်းလှွှတ်ပူဇော်ပွဲ၌ ရဟန်းတော်များကို

"အရှင်ဘုရားတို့ ! မြတ်ဗုဒ္ဓသာသနာတော်မှာ အဘယ်ပုဂ္ဂိုလ်သည် ကြီးကျယ်လှစွာသော စွန့်လှူခြင်းကို စွန့်လှူခဲ့ပါသလဲ၊ အဘယ်ပုဂ္ဂိုလ်၏ စွန့်လှူခြင်းက ကြီးကျယ် များပြားပါသလဲဘုရား" ဟု လျှောက်ထားသည်။

ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က "အရှင်မင်းကြီး မြတ်ဗုဒ္ဓ၏ သာသနာတော်မှာ ပစ္စည်းလေးပါးဖြင့် လှူဒါန်းသူသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်မှာပင် သင်ဒါယကာနှင့်တူသူ တစ်ဦးမျှပင် မရှိခဲ့" ဟု မိန့်ကြားတော်မူသည်။

အသောကမင်းကြီးသည် မထေရ်မြတ်၏ မိန့်ကြားချက်ကို ကြားရသော် အလွန်အားရဝမ်းသာဖြစ်သည်။ ရွှင်လန်းကြည်နူးမိသည်။

ရဟန်းတော်များကို "အရှင်ဘုရားတို့ တပည့်တော်သည် သာသနဒါယါဒ(သာသနာ့အမွေခံ သာသနာ့အတွင်းသား သာသနာ့ဆွေမျိုး)ဖြစ်ပါပြီလားဘုရား" ဟု မေးလျှောက်သည်။

ထိုအခါ မထေရ်မြတ်က အသောကဘုရင်မင်းမြတ်၏ သားတော် မဟိန္ဒမင်းသား၏ ဥပနိဿယသမ္ပတ္တိ (ရဟန္တာဖြစ်မည့်

အကြောင်းနှင့် သာသနာတော်သန့်ရှင်း၊တည်တန့်၊ပြန့်ပွားရန် ဆောင်ရွက်မည့် နောင်ရေးများ)ကို မြင်တော်မူ၍

"အရှင်မင်းကြီး ! ဤမျှလောက်ပစ္စည်းဖြင့် လှူဒါန်းရုံမျှဖြင့် 'သာသနဒါယာဒ'မဖြစ်သေး။ မဟာပထဝီမြေကြီးမှသည် ဗြဟ္မာပြည်အထိ ပစ္စည်းတို့ဖြင့် စုံပုံကာ လှူဒါန်းသော်ပင် 'သာသနဒါယာဒ' ဟု မခေါ်ဆိုနိုင်သေးပေ။

အမှန်စင်စစ်ကား- ပစ္စယဒါယကာ(ပစ္စည်းလေးပါးဒါယကာ) ဥပဋ္ဌာက(သံဃာတော်၏ အလုပ်အကျွေး)ဟူ၍သာ ခေါ်ဆိုရသည်"ဟု မိန့်တော်မူပါသည်။

အသောကဘုရင်က "အရှင်ဘုရား ဒီလိုဆိုရင် အဘယ်သို့ ပြုလုပ်မှ သာသနဒါယာဒ ဖြစ်ပါသနည်းဘုရား"ဟု မေးလျှောက်သောအခါ မထေရ်မြတ်က

"အရှင်မင်းမြတ် ချမ်းသာသောသူဖြစ်စေ, ဆင်းရဲသောသူဖြစ်စေ, မိမိရင်နှစ် သားချစ်ရတနာကို ရှင်ရဟန်းပြုပေးလျှင် သာသနဒါယာဒအစစ် အဖြစ်ကြီးဖြစ်တော့သည်"ဟု မိန့်တော်မူပါသည်။

ထိုအခါ အသောကဘုရင်သည် သားတော်မဟိန္ဒမင်းသားကို ရှင်ရဟန်းပြုပေးသည်။ သမီးတော်သံဃမိတ္တာကိုလည်း

ဘိက္ခုနီ(ရဟန်းမ)ပြုပေးသည်။

အသောကဘုရင်ခေတ်မှသည် ယခုခေတ်အထိ မိမိရင်မှဖြစ်သော သားရတနာကိုဖြစ်စေ၊ သူတပါးရင်မှဖြစ်သော သားရတနာဖြစ်စေ၊ ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ရှင်ပြုပေးကြသည်။ ရဟန်းခံပေးကြသည်။

ယခုခေတ်မှာကား ရဟန်းလောင်းအတွက် တစ်သောင်းခွဲကျော်၊ နှစ်သောင်းဖိုးခန့်အထိ ပစ္စည်းမျိုးစုံ ဝယ်ယူလှူဒါန်းကာ ရဟန်းခံပေးကြသည်။ သံဃာဆွမ်းကပ်စရိတ်၊ ပင့်သံဃာလှူဖွယ်စရိတ်၊ ဧည့်ခံကျွေးမွေးစရိတ်စသည် မပါသေးပါ။

## တာဝန်ကိုယ်စီ ရှိကြသည်

စာရေးသူ၏ ဆန္ဒကို ဆက်လက်တင်ပြပါမည်။ ရဟန်းနှင့် ရဟန်းဒကာ၊ရဟန်းဒကာမတို့သည် မိမိတို့၏တာဝန်ကို အသီးသီး ဆောင်ရွက်ကြရမည်။

ရဟန်းအနေဖြင့် ရဟန်းဖြစ်စ သိမ်ထဲမှာ နာယူမှတ်သားခဲ့ရသည့် မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်ကို မမေ့သင့်ပါ။

မြတ်ဗုဒ္ဓသည်

(၁) မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပြီးသူသည်

ဆွမ်းနှင့်စပ်၍ သက်ဆုံးတိုင်အောင် ဆွမ်းခံစားရမည်၊ သပိတ်အားကိုးရမည်။

(၂) သင်္ကန်းနှင့်စပ်၍ ပံ့သုကူ သင်္ကန်းအားကိုးကာ သာသနာ့အလုပ် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်။

(၃) ကျောင်းနှင့်စပ်၍ သစ်ပင်တည်းဟူသောကျောင်းကို မှီခိုအားကိုးကာ သာသနာ့တာဝန်ကို ထမ်းဆောင်ရမည်။

(၄) ဆေးနှင့်စပ်၍ နွားကျင်ငယ်ပုပ်ဆေး၊ နွားကျင်ငယ်ဖြင့် ထုံထား စိမ်ထားသော ဇီးဖြူသီးဖန်ခါးသီးစသောဆေးကို အားကိုးကာ သာသနာမှာ နေရမည်ဟု မိန့်မှာခဲ့သည် မဟုတ်ပါလော။

ဇကာဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် ဘုရားကြီးကလည်း ``ရှင်ရဟန်းဆိုတာ ဂုဏ်နောက် လာဘ်နောက် ဒကာ၊ဒကာမနောက် မလိုက်ရဘူး။ ကိုယ့်(သာသနာ့)အလုပ်ကိုသာ လုပ်ပါ။

ကိုယ့်အလုပ်ကို လုပ်နေရင် ဂုဏ်တို့ လာဘ်တို့ဟာ သူ့အလိုလို ဖြစ်လာလိမ့်မယ်``ဟု ဩဝါဒပေးခဲ့ဖူးပါသည်။

သို့ဖြစ်ပါ၍ ရဟန်းက`` ရဟန်းတစ်ခါလား``ဟု မေးမနေဘဲ ကိုယ့်အလုပ်ဖြစ်သည့် ဂန္ထဓုရ(စာပေကျမ်းဂန်သင်အံ ပို့ချ

ဟောပြခြင်းအလုပ်)၊ ဝိပဿနာဓုရ(ရဟန်းတရား ကြိုးစား ပွားများ အားထုတ်ခြင်းအလုပ်)ကိုသာ လုပ်ရမည်။ ထမ်းဆောင်ရပါမည်။

ရဟန်းဒကာ ရဟန်းအမကလည်း ရဟန်းခံပေးပြီးသော အခါ ကိုယ့်ရဟန်းကို "အရှင်ဘုရား အလိုရှိရာ အမိန့်ရှိပါဘုရား" ဟုလျှောက်ထားရမည်။

**သာသနာ့ဝန်ထမ်း ရှင်,ရဟန်းများမှာ-**

(၁) ဆွေမျိုးတော်မှ

(၂) ဖိတ်ကြားထားမှ အလှူခံကောင်းသည်၊ တောင်းကောင်းသည်။

ဆွေမျိုးလည်းမတော်၊ ဖိတ်လည်းမထားက ရဟန်းဒကာ ရဟန်းအမ ဖြစ်ပေမည့် လုံးဝမတောင်းကောင်းပါ။ သို့ဖြစ်၍ အထက်ပါအတိုင်း လျှောက်ထားရပါမည်။

"အခါကိုသိ"ဟူသော ကာလဒါနနှင့်အညီ ဝါဆိုချိန် စသော အချိန်အခါအလိုက် သင်္ကန်းစသည်ကို လှူဒါန်းရပါမည်။ စာအုပ်စာတမ်း လှူဒါန်းရပါမည်။ ကိုယ့်ရဟန်း အလှူခံသည့် သာသနာနှင့် လျော်မည့်ပစ္စည်းများကို လှူဒါန်းရပါမည်။

သို့ဖြစ်၍ ရဟန်းနှင့် ရဟန်းဒကာ,ရဟန်းအမတို့သည် တာဝန်ကိုယ်စီ ထမ်းဆောင်လျှက် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို သန့်ရှင်း,တည်တံ့ပြန့်,ပွားအောင် ဆောင်ရွက်နိုင်ကြပါစေ၊ အားထုက်နိုင်ကြပါစေလို့ဟု ဆုမွန်ပြုလိုက်ပါသည်။

(ဓမ္မရုံသိမဂ္ဂဇင်း)

အမှတ်စဉ်-၈၀၊

၁၃၅၈-ခု၊ ဒုတိယဝါဆို,ဝါခေါင်၊

ကျမ်းညွှန်း-

ဝိနည်းမဟာဝါပါဠိ၊

ပါရာဇိကဏ်အဋ္ဌကထာ(ပထမ)

## မှိခိုရာမဲ့ အားကိုးရာမဲ့ မဖြစ်ရလေအောင်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ မြတ်စွာဘုရားသည် ရဟန်းတော်များအား မှီခိုရာ ကိုးကွယ်ရာ အားကိုးရာနှင့်စပ်၍ မှတ်သားဖွယ်ရာ မိန့်ကြားတော်မူသည်။

လောက၌ မှီခိုရာ အမျိုးမျိုးရှိသည်။ ဆိုကြပါစို့-- နိုင်ငံသားစိစစ်ရေးကဒ် လုပ်ကြသောအခါ မိန်းမသားများကို အလုပ်အကိုင်ဆိုသောနေရာမှာ များသောအားဖြင့် ''မှီခို''လို့ ရေးကြသည်။ ယင်း နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ရှင် မိန်းမသားသည် အမျိုးသားကို မှီခိုနေရသည်-လို့ အဓိပ္ပါယ်ဆောင်ပါသည်။

ထို့အတူပင် သားသမီးတို့သည် မိဘကို မှီခိုနေကြရသည်။ တပည့်တို့သည် ဆရာသမားများကို၊ အောက်လက်ငယ်သားတို့သည် အထက်လူကြီးကို၊ အလုပ်သမားတို့သည် အလုပ်ရှင်ကို၊ နောက်လိုက်တို့သည် ခေါင်းဆောင်ကို၊ အချို့လူတို့သည် မိတ်ဆွေကောင်းကို မှီခိုနေကြရသည်။

သား၊သမီးစသူတို့သည် မိဘစသူတို့ကို မှီခိုနေကြရသောကြောင့် စား၊ဝတ်၊နေရေး ပညာရေး ကျန်းမာရေး ချမ်းသာရေး လူမှုရေးစသော အရေးပေါင်းများစွာတို့၌ စိတ်အေးရပါသည်။ ပူပန်ရမှန်း ကြောင့်ကြရမှန်းပင် မသိကြရတော့ပါ။

ထို့ကြောင့် လောကအမြင်အရ မိဘစသူတို့သည် သား၊သမီး စသူတို့၏ မှီခိုရာအစစ်အမှန် အားကိုးရာ အစစ်မှန်သဖွယ်ဖြစ်ကြရပါသည်။

## မှီခိုရာ အားကိုးရာ အစစ်အမှန်

မြတ်ဗုဒ္ဓအမြင်အရ လောကုတ္တရာရှုဒေါင့်အရ လူ၊နတ်ပြဟ္မာ သတ္တဝါအားလုံးတို့၏ မှီခိုရာအစစ်မှန် အားကိုးရာအစစ်မှန် အားထားရာအစစ်မှန်ကို ဆက်လက်တင်ပြပါမည်။

မြတ်စွာဘုရားက ရဟန်းတော်များအား အခုလို မိန့်ကြားတော်မူပါသည်။

ရဟန်းတို့ ! မှီခိုရာရှိလို့သာ နေကြပါ၊ မှီခိုရာ မရှိပဲ မနေကြပါနှင့်။ ရဟန်းတို့, ရဟန်းတို့-ဟု ထပ်ကာထပ်ကာ မေတ္တာတရား ကြီးမားစွာဖြင့် ခေါ်တော်မူပါသည်။ မှတ်သားစေချင် လက်တွေ့ လိုက်နာစေချင် လက်တွေ့ ကျင့်သုံးစေချင်သော မဟာကရုဏာတော်ဖြင့် မိန့်တော်မူပါသည်။

မှီခိုရာကို ပြတတ်သော တရားဆယ်ပါးမှာ--

၁။ သီလနှင့်ပြည့်စုံခြင်း၊

၂။ အကြားအမြင်များခြင်း၊

၃။ မိတ်ဆွေကောင်းရှိခြင်း၊

၄။ ဆိုဆုံးမလွယ်ခြင်း၊

၅။ သီတင်းသုံးဖော်တို့၏ အမှုကိစ္စကို ပြုလုပ်ခြင်း၊

၆။ တရားတော်ကို အလိုရှိခြင်း၊

၇။ ထက်သန်သော လုံ့လဝီရိယရှိခြင်း၊

၈။ တင်းတိမ်ရောင့်ရဲခြင်း၊

၉။ သတိနှင့် ပြည့်စုံခြင်း၊

၁၀။ ပညာနှင့် ပြည့်စုံခြင်း- တို့ ဖြစ်ပါသည်။

နံပါတ်တစ် သီလနှင့်ပြည့်စုံခြင်းဆိုသည်မှာ-

လောကီလူသားတို့အနေဖြင့် သတ်လိုသောစိတ်ထားဖြင့် သူတပါး၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော ငါးပါး သီလကို ခါးဝတ်ပုဆိုးပမာ အမြဲထာဝစဉ် လုံခြုံအောင် စောင့်ထိန်း ကြရပါမည်။

သာမဏေများက ရှင်သာမဏေများ စောင့်ထိန်းရမည့် သီလတို့ကို လုံခြုံအောင် စောင့်ထိန်းကြရပါမည်။

ရဟန်းတော်များက မြတ်စွာဘုရား ပညတ်တော်မူထား သော ဝိနည်းပါတိမောက်လာ (၂၂၇)သွယ်သော သိက္ခာပုဒ်တော် သီလတော်များကို လုံခြုံအောင် စောင့်ထိန်းကြရပါမည်။

မျက်စိ နား နှာ လျှာ ကိုယ် စိတ်-ဟူသော ဣန္ဒြေ ၆-ပါးကို လုံခြုံအောင် စောင့်ထိန်းခြင်းဟူသော ဣန္ဒြိယသံဝရ သီလ အသက်မွေးမှုမှ စင်ကြယ်ခြင်းဟူသော အာဇီဝပါရိသုဒ္ဓိ သီလ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ပညာဖြင့် ဆင်ခြင်၍ သုံးစွဲခြင်း ပစ္စယသန္နိဿိတသီလတို့ကို လုံခြုံအောင် စောင့်ထိန်းကြရပါမည်။

လေထဲမှာ ပျံလွင့်နေသော မြူမှုံအလား သေးငယ်သော အပြစ်တို့၌သော်လည်း မြင့်မိုရ်တောင်အလား ကြီးမားသော

အပြစ်ဟု ရှုလေ့ရှိကာ နေထိုင်ကျင့်သုံးရပါမည်။

ဆိုခဲ့ပြီးသော သိက္ခာပုဒ်အကျင့်သီလ အသီးသီးတို့၌ ကောင်းစွာ ဆောက်တည်ကာ ကျင့်သုံးရပါမည်။ လိုက်နာရပါမည်။

**နံပါတ်နှစ် အကြားအမြင်များခြင်းဆိုသည်မှာ-**

လောကီ,လောကုတ္တရာနှင့်စပ်သော သိသင့်သိထုက် မှတ်သားသင့်မှတ်သားထိုက်သော အကြားအမြင်ကို ဆောင်ထားရပါမည်။ ဆည်းပူးရပါမည်။ အစကောင်းခြင်း၊ အလယ်ကောင်းခြင်း၊ အဆုံးကောင်းခြင်းရှိသော အနက်,အဓိပ္ပါယ်နှင့်ပြည့်စုံ သဒ္ဒါနှင့်ပြည့်စုံ အလုံးစုံပြည့်စုံသောတရား စင်ကြယ်ကောင်းမြတ်သောအကျင့်ကို ပြတတ်သောသဘောရှိသော တရားတို့ကို များများ သင်ယူ နာကြားရပါမည်။ ဆောင်ထား မှတ်သားရပါမည်။ နှုတ်ဖြင့် ရွတ်ဆိုရပါမည်။ စိတ်ဖြင့် ဆင်ခြင်စဉ်းစား မှတ်သားရပါမည်။ အသိဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်းသိမြင်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ရပါမည်။

နံပါတ်သုံး မိတ်ဆွေကောင်းရှိခြင်းဆိုသည်မှာ--

ပဏ္ဍိတာနဥ္စ သေဝနာ-ဟူသော မင်္ဂလာတရားတော်နှင့် အညီ ပညာရှိသူတော်ကောင်းကို မှီဝဲရမည်။ ဆည်းကပ်ရမည်။ ပေါင်းသင်းရမည်။ မိမိအောက် နိမ့်ကျသူ၊ ကိုယ်ကျင့်သီလ မရှိသူ၊ တည်ကြည်မှု သမာဓိ မရှိသူ၊ အသိဉာဏ်ပညာ မရှိသူတို့နှင့် လူလိမ် လူအ လူန လူညံ့ လူမိုက်တို့ကို မပေါင်းရပါ။

မိမိထက်သာသူ မြင့်မြတ်သူ ကိုယ်ကျင့်သီလရှိသူ တည်ကြည်မှုသမာဓိရှိသူ၊ အသိဉာဏ်ပညာရှိသူ အဆွေခင်ပွန်း ကောင်း အပေါင်းအဖော်ကောင်းကိုသာ မှီဝဲရပါမည်။ ပေါင်း သင်းရပါမည်။ ဆက်ဆံရပါမည်။

နံပါတ်လေးဆိုဆုံးမလွယ်ခြင်းဆိုသည်မှာ-

ဆုံမလွယ်ကြောင်း တရားကောင်းတို့နှင့် ပြည့်စုံရပါမည်။ မိမိအတွက် ပြောဆိုဆုံမသည်တို့ကို သည်းခံနိုင်ရပါမည်။ အဆုံး အမတို့ကို ရိုရိုသေသေ လေးလေးစားစား ခံယူရပါမည်။ လိုက်နာ ရပါမည်။

**နံပါတ်ငါး သီတင်းသုံးဖေါ်တို့၏ အမှုကိစ္စကို ပြုလုပ်ခြင်း ဆိုသည်မှာ-**

"သီတင်းသုံးဖေါ်တို့၏ အမှုကိစ္စတို့ကို ဘယ်သို့ ဘယ်ပုံ ပြုလုပ်ရပါမလဲ" ဟု မေးမြန်းပြောဆို၍ ပြုလုပ်ရပါမည်၊ အယုတ် အမြတ်မရွေး ပြုဖွယ်ကိစ္စ မှန်သမျှတို့၌ လိမ္မာ ကျွမ်းကျင်ရမည်။ မပျင်းရပါ။ တက်တက်ကြွကြွ ပြုလုပ် ဆောင်ရွက်ရပါမည်။

ပြုဖွယ်ကိစ္စမှန်သမျှတို့၌ အကျိုးအကြောင်း အဆိုး အကောင်းကို စူးစမ်းဆင်ခြင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ ရပါမည်။ မိမိကိုယ်တိုင်လည်း ပြုလုပ်နိုင်ရပါမည်။ အခြားသူ တို့အားလည်း ပြုလုပ်စေရန် စီမံခန့်ခွဲနိုင်ရပါမည်။

**နံပါတ်ခြောက် တရားတော်ကို အလိုရှိခြင်းဆိုသည်မှာ-**

တရားနှင့်စပ်သော ချစ်ဖွယ်သောစကားကို ပြောဆို တတ်ရပါမည်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော လွန်မြတ်သော ဝိနည်း, သုတ္တန်, အဘိဓမ္မာတရားတို့၌ များစွာ မြတ်နိုး တန်ဖိုး ထားရပါမည်။ အလေးဂရုပြုရပါမည်။

**နံပါတ်ခုနစ် ထက်သန်သော လုံ့လဝီရိယ ရှိခြင်းဆို သည်မှာ-**

အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လဝီရိယ ရှိရပါမည်။ အားအစွမ်းရှိရပါမည်။ မြဲမြန်ခိုင်ခံ့ တည်တန့်သော ဝီရိယရှိရပါမည်။ ကုသိုလ်တရားတို့ကို အမြဲထာဝရ ပြုလုပ်နေရပါမည်။

**နံပါတ်ရှစ် တင်းတိမ်ရောင့်ရဲခြင်းဆိုသည်မှာ-**

ရဟန်းသည် ရလာသမျှသော သင်္ကန်း၊ဆွမ်း၊ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် တင်းတိမ်ရောင့်ရဲရပါမည်။ တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာ-ဟူသော မြတ်ဗုဒ္ဓ၏ ဟောတော်မူချက်နှင့်အညီ မိမိမှာ ရလာသမျှလေးနှင့်သာ ရှိသမျှလေးနှင့်သာ မျှတရပါမည်။ တင်းတိမ်ရပါမည်။ ရောင့်ရဲရပါမည်။

**နံပါတ်ကိုး သတိနှင့်ပြည့်စုံခြင်းဆိုသည်မှာ-**

လွန်ကဲရင့်ကျက်သောသတိနှင့် ပြည့်စုံရပါမည်။ အချိန်ကာလကြာမြင့်စွာက ပြုလုပ်ခဲ့ပြီးသော အလုပ်ဖြစ်စေ ပြောခဲ့ဆိုခဲ့သော စကားကိုဖြစ်စေ အောင့်မေ့နိုင်သည်၊ အမှတ်ရသည်။ အဖန်

တလဲလဲ အောင့်မေ့နိုင်သည်၊ အဖန်တလဲလဲ သတိရ နေသည်။

နံပါတ်တစ်ဆယ် ပညာနှင့်ပြည့်စုံခြင်းဆိုသည်မှာ-

ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏ အဖြစ်အပျက်ကို ပိုင်းခြားထင်ထင် သိမြင်နိုင်သော ပညာနှင့် ပြည့်စုံရပါမည်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော အသိဉာဏ်ပညာနှင့် ပြည့်စုံရပါမည်။ လောကီရေးရာ လောကုတ္တရာရေးရာ အသိ,ဉာဏ်,ပညာအမျိုးမျိုးနှင့် ပြည့်စုံရပါမည်။

အို--စာရှုသူ ! ရဟန်းရှင်လူ မည်သူမဆို အထက်ပါ တင်ပြခဲ့သော မြတ်စွာဘုရား ဟောကြားတော်မူသော "မိခိုရာ အစစ်အမှန် အားကိုးရာ အစစ်အမှန် အားထားရာအစစ်အမှန်" ဖြစ်သော တရားတို့နှင့် ပြည့်စုံအောင် နေထိုင်ကျင့်သုံးရပါမည်။ သို့မှသာ မိခိုရာမဲ့ အားကိုးရာမဲ့ မဖြစ်ကြတော့ဘဲ မိခိုရာ အစစ်အမှန် အားကိုးရာ အစစ်အမှန် အားထားရာ အစစ်အမှန် ရှိသူတို့သာ ဖြစ်နေကြပါတော့မည်။

(သာသနာ့ရောင်ခြည်)

ကျမ်းညွှန်း-

အင်္ဂုတ္တိုရ်ပါဠိ(တတိယ)

## ရှင်ဒေဝဒတ်၏
## နောက်ဆုံးခရီး

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေစဉ်အချိန်ကဖြစ်သည်။

ဒေဝဒတ်သည် မြတ်စွာဘုရားအား ငါးမျိုးသောဝတ္တုတို့ကို ရဟန်းတော်များအား ကျင့်သုံးစေရန် တောင်းခံလျှောက်ထားသည်။ မြတ်စွာဘုရားက ခွင့်ပြုတော်မမူပါ။ ပယ်မြစ်တော်မူသည်။

ဒေဝဒတ် တောင်းခံလျှောက်ထားသော ဝတ္တုငါးမျိုးတို့မှာ-

၁။ မြတ်စွာဘုရား ! တောင်းခံလျှောက်ထားပါ၏။ ရဟန်းတော်များသည် အသက်ထက်ဆုံး တောကျောင်း၌သာ နေကြရပါမည်။

၂။ ရဟန်းတော်များသည် အသက်ထက်ဆုံး ဆွမ်းခံ၍သာ စားကြရပါမည်။ (ပို့ဆွမ်း၊ လာရောက်လှူဒါန်းသည့်ဆွမ်းတို့ကို လက်မခံရပါ။)

၃။ ရဟန်းတော်များသည် အသက်ထက်ဆုံး လူတို့ စွန့်ပစ်ထားသော အဝတ်စုတ်စသည်တို့ကိုသာ ကောက်ယူ၍ ဝတ်ရုံရသော ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံသုံးစွဲကြရပါမည်။ (လာရောက်လှူဒါန်းသောသင်္ကန်းတို့ကို လက်မခံရပါ။)

၄။ ရဟန်းတော်များသည် အသက်ထက်ဆုံး သစ်ပင်ရင်း သစ်ပင်အောက်၌သာ နေကြရပါမည်။ (အမိုးအကာရှိသော ကျောင်း၌ မနေကြရပါ။)

၅။ ရဟန်းတော်များသည် အသက်ထက်ဆုံး အသားငါးကို မစားကြရပါ။ (သက်သတ်လွတ်သာ စားကြရပါမည်။)

## ကောင်းကင်ခရီးဖြင့် ပြန်ကြွလာ

ထို့နောက် ဒေဝဒတ်သည် သံဃာအသင်းခွဲဖို့ရန် မြတ်စွာဘုရား၏ အာဏာစက်ကို ဖျက်ဖို့ရန် ကြိုးစား အားထုတ်သည်။

မသိနားမလည်သေးသော ရဟန်းပြုစဖြစ်သော ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့ကို ခေါ်၍ ဂယာသီသသို့ သွားရောက်

နေထိုင်သည်။

မကြာပါ။ မြတ်စွာဘုရားက ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့ကို ခေါ်ခဲ့ဖို့ အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးတို့အား ဂယာသီသသို့ စေလွှတ်တော်မူသည်။ အဂ္ဂသာဝကနှစ်ပါးတို့က ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့အား

**အာဒေသနာပါဋိဟာရိယာနုသာသနီ**- ယမိုက်ပြာဋိဟာပြခြင်းရှိသော တရားဟောခြင်းဖြင့် အဖန်တစ်လဲလဲဆုံးမခြင်း။

**ဣဒ္ဓိပါဋိဟာရိယာနုသာသနီ**- တန်ခိုးအဘိညာဉ် ဖန်ဆင်းခြင်းလျှင်အကြောင်းရှိသော အဖန်တစ်လဲလဲဆုံးမခြင်း။

တို့ဖြင့် ဆုံးမတော်မူကြသည်။ ချိုမြိန်ကောင်းမြတ်သော အမြိုက်ရေအေး တရားဆေးကို တိုက်ကျွေးတော်မူကြသည်။ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့ကိုခေါ်၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွလာပါသည်။

## လေးဦးသားအပေါ် ညီမျှသောစိတ်ထား

ယင်းအချိန်မှစ၍ ဒေဝဒတ်သည် သွေးအံ၍ ကိုးလလုံးလုံး ဂိလာနဖြစ်နေသည်။ နောက်ဆုံးအချိန်မှာ အိပ်ယာထဲလဲနေတော့သည်။ နောက်ဆုံးအချိန် မသွားနိုင်တော့မှ သူ့တပည့်

များကို အခုလို ပြောပြသည်။

''ငါ, မြတ်စွာဘုရားကို ဖူးချင်ပါတယ်။ ငါ့အား မြတ်စွာဘုရားကို ပြကြပါ''လို့ ပြောပြသည်။ တပည့်များက အခုလို ပြန်ပြောကြသည်။

''သင်ဟာ အရင့်အရင်စွမ်းနိုင်ရာအခါက ဘုရားနှင့်အတူ ရန်သူဖြစ်ခဲ့ပါတယ်။ ဘုရားအား ရန်လုပ်ခဲ့ပါတယ်။ ဘုရားအား သတ်ဖို့ရန် အဖန်ဖန် ကြံစည်ခဲ့ပါတယ်။ လုပ်ဆောင်ခဲ့ပါတယ်။ သင့်ကို ဘုရားထံသို့ မပို့နိုင်ပါ''လို့ ပြန်ပြောကြပါသည်။

ဒေဝဒတ်က အခုလို ပြန်ပြောပြသည်။ ရှင်းပြသည်။

''ငါ့ကို မဖျက်ဆီးကြပါနဲ့။ ငါ မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးဖွဲ့ခဲ့ပါတယ်။ ရန်ပြုခဲ့ပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက ဆံပင်ဖျားကလေးပမာဏမျှ ငါ့အပေါ်မှာ ရန်ငြိုးမဖွဲ့ပါ။ စိတ်ဆိုးတော် မမူပါ။

မှန်ပါတယ်။ မြတ်စွာဘုရားသခင်ဟာ ကိုယ်တော်မြတ်ကို သတ်တဲ့

ဒေဝဒတ်ရယ်၊

အင်္ဂုလိမာလ တောပုန်းကြီးရယ်၊

နာဠာဂီရိဆင်ရယ်။

သားတော်ရာဟုလာရယ်၊
ဒီလေးဦးသောသူတို့အပေါ်မှာ ညီမျှသောစိတ်ကို ထားရှိတော်မူပါတယ်။

## ဖူးမြော်ခွင့်မရတာ ခမ္မတာပါ

ငါ့အား မြတ်စွာဘုရားကို ပြကြပါ။ မြတ်စွာဘုရားထံတော်သို့ ပို့ကြပါ''လို့ အဖန်ဖန် တောင်းပန်ပါတော့သည်။

ဒေဝဒတ်က အဖန်ဖန်တောင်းပန်သည်အခါ သူ့တပည့်များက ဒေဝဒတ်ကို ညောင်စောင်းပေါ်တင်၍ ရာဇဂြိုဟ်မြို့မှ သာဝတ္ထိမြို့သို့ ခေါ်ဆောင်လာကြသည်။

ဒေဝဒတ် ဘုရားဖူးလာသည့်အကြောင်းကိုသိရ၍ ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြသည်။

မြတ်စွာဘုရားက ရဟန်းတို့ ! ဒေဝဒတ်သည် ဒီခန္ဓာဒီအတ္တဘောနဲ့ ငါဘုရားကို ဖူးမြော်ခွင့် ရလိမ့်မည် မဟုတ်လို့ မိန့်တော်မူပါသည်။

မှန်ပါ၏။ ဒေဝဒတ်သည် မြတ်စွာဘုရားကို ငါးမျိုးသော ဝတ္ထုတို့ကို တောင်းခံရာအခါမှစ၍ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရတော့ပါ။ အခုလို ဖူးမြော်ခွင့် မရခြင်းသည် သဘောတံထွာ

မေ့မှတာဖြစ်ပါသည်။

ရဟန်းများက မြတ်စွာဘုရားအား ''မြတ်စွာဘုရား ! ဒေဝဒတ် ဘယ်နေရာ ဘယ်နေရာ ရောက်လာပါပြီဘုရား''လို့ လျှောက်ထားကြသည်။

မြတ်စွာဘုရားက ရဟန်းများကို ''ဒေဝဒတ်ဟာ သူ့အလို ရှိရာ ပြုချင်ရာပြုပါစေ။ ငါဘုရားကို ဖူးမြော်ခွင့်ကိုတော့ ရလိမ့်မည်မဟုတ်ပါ''လို့ မိန့်တော်မူပါသည်။

မြတ်စွာဘုရား ! ဤဇေတဝန်ကျောင်းတော်မှ တစ်ယူဇနာ အကွာအဝေးအထိ ရောက်လာပါပြီ။ ယူဇနာဝက်၊ တစ်ဂါဝုတ် ဇေတဝန်ကျောင်းရေကန်ရဲ့အနီးသို့ ရောက်လာပါပြီ-ဟု လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက ရဟန်းများကို ''ဒေဝဒတ်ဟာ ဇေတဝန်ကျောင်းတိုက်ရဲ့အတွင်းသို့ ဝင်လာစေဦးတော့ ငါဘုရားကို ဖူးမြော်ခွင့် ရလိမ့်မည် မဟုတ်ပါ''လို့ ထပ်မံကာ မိန့်တော်မူပါသည်။

ဒေဝဒတ်ကို ထမ်း၍လာကြသော တပည့်တို့သည် ဇေတဝန်ကျောင်းတိုက် ရေကန်၏အနီးမှာ ညောင်စောင်းကို ချကြသည်။ ရာဇဂြိုဟ်မြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာကြရ၍

မောပန်းနေကြသည်။ ချွေးတလုံးလုံး ဖြစ်နေကြသည်။ အမော ပြေစေရန် ရေကန်တွင်းသို့ ရေချိုးဆင်းကြသည်။

## မြေမြိုနေစဉ် ဘုရားရှိခိုး

ဒေဝဒတ်ကလည်း ညောင်စောင်းပေါ်မှ အားယူကာ ထ သည်။ ခြေထောက်နှစ်ဖက်တို့ကို မြေပေါ်မှာထား၍ ထိုင် လိုက်သည်။

ထိုအခါ ခြေနှစ်ဖက်စလုံး မြေထဲ ဝင်သွားသည်။ အစဉ် အတိုင်း ခြေဖမိုး ခြေကျင်းဝတ်တိုင်အောင်၊ ထိုမှ ဒူးတိုင်အောင်၊ ထိုမှ ခါးတိုင်အောင်၊ ထိုမှ သားမြတ်တိုင်အောင်၊ ထိုမှ လည်ပင်း တိုင်အောင် မြေမြိုသွားသည်။ ဒေဝဒတ်ရဲ့မေးက မြေထဲဝင်နေ တဲ့အချိန်မှာ မြတ်စွာဘုရားကို အခုလို ရှိခိုးပါတယ်။

ပုဂ္ဂိုလ်အမျိုးမျိုးတို့ထက် မြတ်တော်မူသော၊ နတ်တို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော၊ လူနတ်တို့ကို နတ်ရွာနိဗ္ဗာန် သို့ရောက်အောင် ဆုံးမခြင်း၌ ရထားထိန်းသဖွယ် ဖြစ်တော်မူသော၊ အလုံးစုံသော တရားတို့ကို သိမြင်ခြင်းငါးစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်ရှိတော်မူသော၊ များစွာသော ဘုန်းလက္ခဏာနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို ဤမေးရိုးတို့ဖြင့်လည်းကောင်း၊ ဤ

**အသက်တို့ဖြင့်လည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဉာဏ်ဖြင့် သိမှတ်ဆည်းကပ်ပါ၏၊ လေးမြတ်ရိုကျိုး ရှိခိုးပါ၏။**

မြတ်စွာဘုရားရှင်သည် ဤသို့ဤပုံ ရှိခိုးမည့်အကြောင်းကို မြင်တော်မူ၍ ဒေဝဒတ်ကို ရဟန်းပြုပေးခြင်း ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ သတ္တဝါများအပေါ်၌ ထားရှိတော်မူသော မဟာကရုဏာတော်ကား အတိုင်းအဆမရှိ ကြီးမားတော်မူဘိသည်။

## ဘဝသံသရာ၏ သစ်ငုတ်ပမာ

ဒေဝဒတ်သည် ဘဝအဆက်ဆက်တိုင်း ဘဝအဆက်ဆက်တိုင်း မြတ်စွာဘုရားကို ရန်ပြုခဲ့သည်။ ညှင်းဆဲခဲ့သည်။ သတ်ခဲ့သည်။ ရန်ငြိုးဖွဲ့ခဲ့သည်။ မြတ်စွာဘုရားက ဒေဝဒတ်အပေါ်မှာ သားတော် ရှင်ရာဟုလာပမာ စိတ်ထားတော်မူသည်။ ဘယ်အခါမှ ဘယ်ဘဝကမှ စိတ်ဆိုးတော်မမူခဲ့ပါ။ အမျက်ဒေါသမရှိခဲ့ပါ။ အမြဲထာဝရ ခွင့်လွှတ်ခဲ့သည်သာ။

ဒေဝဒတ်သည် ရဟန်း မပြုခဲ့ဘူးဆိုပါသော် ဒီအတိုင်းနေမည် မဟုတ်ပါ။ လူဝတ်ကြောင်ဘဝနဲ့ သံဃာသင်းခွဲခြင်းစသော ကြီးလေးသော ဝန်လေးဖွယ်သောအမှုကို ပြုမည်သာဖြစ်သည်။

ရဟန်းမပြုပဲ လူဘဝနှင့်သာ ဝန်လေးဖွယ်သော အမှုကို ပြုလျှင် နောက်နောင်အခါမှာ ဘဝသံသရာမှ ထွက်မြောက်ဘို့ လွတ်မြောက်ဘို့ အားထုတ်ဘို့ရန် စွမ်းနိုင်မည် မဟုတ်တော့ပါ။ ဘဝသံသရာ၏ သစ်ငုတ်သဖွယ်သာ ဖြစ်သွားပါတော့မည်။

## အဋ္ဌိသရ ပစ္စေကဗုဒ္ဓါ

ဒေဝဒတ် ရဟန်းပြုခဲ့သည်။ ယခုလို ရဟန်းဘဝနှင့် ကြီးလေးသော ဝန်လေးဖွယ်သော သံဃာသင်းခွဲခြင်း၊ မြတ်စွာ ဘုရား၏ အာဏာစက်ကို ဖီဆန်ခြင်းစသော အမှုများကို ပြုခဲ့ ပေမည့် နောင်အခါ ဘဝသံသရာမှ ထွက်မြောက်ဘို့ အကြောင်း တွေကို ပြုလုပ်နိုင်ပါလိမ့်မည်။

ပြဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် မြတ်စွာဘုရား သည် ဒေဝဒတ်အား ရဟန်းပြုပေးခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ဒေဝဒတ်သည် ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာ အဋ္ဌိသရ ``မည်သော ပစ္စေကဗုဒ္ဓါ ဘုရား ငယ်တစ်ဆူ ဖြစ်ပါလိမ့်မည်။

## အဝီစိငရဲမှာ ကျောက်ရုပ်ပမာ

ဒေဝဒတ်သည် မြတ်စွာဘုရားအား ပြစ်မှားခြင်းမျိုးစုံ စော်ကားခြင်းမျိုးစုံတို့ကြောင့် မြေမြိုခံရသည်။ အဝီစိငရဲ၌ ကျသွားတော့သည်။

ဒေဝဒတ်က ဘယ်လောက်ပဲ ပြစ်မှားပြစ်မှား၊ ဘယ်လောက်ပဲ စော်ကားစော်ကား မြတ်စွာဘုရားသည် တုန်လှုပ်တော်မမူပါ။ စိတ်ဆိုးတော်မမူပါ။ အမျက်ထွက်တော်မမူပါ။

ထို့ကြောင့် ဒေဝဒတ်သည် မတုန်မလှုပ် ကျောက်ရုပ်ပမာ မလှုပ်နိုင် မရှားနိုင်ပဲ အဝီစိငရဲ၌ ခံစားရသည်။ သူ့ရဲ့ခန္ဓာကိုယ်က အပြန့်အကျယ် ယူဇနာတစ်ရာရှိသည်။ အမြင့်ကလည်း ယူဇနာ တစ်ရာရှိသည်။

ဒေဝဒတ်ရဲ့ အဝီစိငရဲ၌ ခံစားရပုံကို ဆက်လက် တင်ပြပါဦးမည်။

ဒေဝဒတ်ရဲ့ ခေါင်းကနေ နားရွက်အထိ၊ အပေါ်သံပြား တွေထဲမှာ ဝင်နေသည်။ ခြေထောက်နှစ်ဖက်စလုံး ခြေဖမျက် ခြေကျင်းဝတ်အထိ အောက် သံအတိပြီးသော မြေထဲမှာ ဝင်နေသည်။

ထန်းပင်လုံးခန့် ပမာဏရှိသော သံတံကျင်က ကျော

နောက်ရှိ သံနံရံမှ ထွက်လာကာ ကျောက်ကုန်းကို ဖောက်၍ ရင်ဘတ်မှ ထွက်ကာ ရှေ့ သံနံရံထည်း ဝင်သွားသည်။

ထန်းပင်လုံးခန့် ပမာဏရှိသော သံတံကျင်တစ်ချောင်းက လက်ျာဘက်နံရံမှ ထွက်လာကာ လက်ျာနံဘေးကို ဖောက်ဝင်သွားသည်။

ထန်းလုံးခန့်ပမာဏရှိသော သံတံကျင်တစ်ချောင်းက ခေါင်းပေါ်ရှိ သံဒယ်အိုးအဖုံးမှ ထွက်လာသည်။ ဦးခေါင်းကို ဖောက်၍ အောက်ကနေထွက်ကာ အောက် သံအတိပြီးသော မြေပြင်သို့ ဝင်သွားသည်။

အထက်ပါတင်ပြခဲ့သည့်အတိုင်း ဒေဝဒတ်သည် အစိစိ ငရဲ၌ မလှုပ်နိုင်မရှားနိုင်ပဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ ခံစား ရပါတော့သည်။

(သာသနာ့ရောင်ခြည်စာစောင်)

ကျမ်းညွှန်း-

ဓမ္မပဒအဋ္ဌကထာ(ပထမ)

## မြတ်စွာဘုရား၏
## အတုမဲ့စွမ်းအား

လောက၌ တိရစ္ဆာန်အမျိုးမျိုးရှိသည်၊ သားကောင်အမျိုးမျိုးရှိသည်။ သားကောင်အမျိုးမျိုးတွင် ခြသေ့-ဟုခေါ်သော သားကောင်ကို ပါဠိစာပေတို့၌ 'မိဂရာဇ' လို့ ခေါ်ဝေါ်သုံးစွဲသည်။ မြန်မာလို 'သားတို့သနင်း ခြသေ့မင်း' ဖြစ်သည်။

သားတို့သနင်း ခြသေ့မင်း၏ စားကျက်သို့ ကျက်စားရန် ထွက်သောအခါ ဖြစ်ပျက်ပုံ မြင်ကွင်းအစုံကို အင်္ဂုတ္တိုရ်ပါဠိတော် ပထမအုပ် စတုက္ကနိပါတ်၌ မြတ်စွာဘုရားက အခုလို ဟောထားတော်မူပါသည်။

သားတို့သနင်း ခြင်္သေ့မင်းသည် ညနေချမ်းအခါ နေရာမှ ထွက်လာသည်၊ ကွန့်မြူးကာ ပတ်ဝန်းကျင်အရပ်လေးမျက်နှာ တို့ကို စောင်းငဲ့ကြည့်ရှုသည်။ ထို့နောက် သုံးကြိမ်သုံးခါ ဟောက် လျှက် ကျက်စားရန် ထွက်သွားပါတော့သည်။

## တိရစ္ဆာန်များ ကြောက်ရွံ့ပြေးလွှား

သားတို့သနင်း ခြင်္သေ့မင်း၏ဟောက်သံကို ကြားကုန်သော တိရစ္ဆာန်တို့သည် များသောအားဖြင့် ကြောက်ကြသည်၊ ထိတ်ကြ သည်၊ လန့်ကြသည်။

ထိုအခါ တွင်းအောင်းသတ္တဝါတို့က အပြေးအလွှား တွင်းအတွင်းသို့ ဝင်သွားကြသည်။ ရေထဲ၌နေကြသော သတ္တဝါ တို့က ရေထဲသို့ ငုတ်လျှိုးသွားကြသည်။ တောထဲ၌နေကြသော သတ္တဝါတို့သည် တောအတွင်းသို့ ပြေးဝင်သွားကြသည်။ ငှက် တို့က ကောင်းကင်သို့ ပျံတက်သွားကြပါသည်။

မြို့၊ ရွာ၊ နိဂုံး မင်းနေပြည်တို့မှာရှိကြသော ခိုင်ခံ့သော သားရေနှောင်ကြိုးတို့ဖြင့် ဖွဲ့ချည်ထားကြသော မင်းစီးဆင်တို့သည် နှောင်ကြိုးတို့ကို ဖြတ်တောက်ပစ်ကြသည်။ ကြောက်ရွံ့ကြသော ကြောင့် ကျင်ကြီးကျင်ငယ်ကို စွန့်ပါကြသည်။ ကြောက်ရွံ့သော

ကြောင့် ဦးတည်ရာအရပ် ရှေးရှုအရပ် တွေ့မြင်ရာအရပ်သို့ အပြေး
အလွှား ပြေးသွားကြပါသည်။

## ဥပမာအလင်္ကာ

သားတို့သနင်း ခြင်္သေ့မင်းသည် တိရစ္ဆာန်သတ္တဝါတို့တွင် ယခုပြဆိုတင်ပြခဲ့သည့်အတိုင်းပင် တန်ခိုးကြီးသည်၊ အစိုးရသည်၊ အာနုဘော်ကြီးသည်၊ အစွမ်းထက်မြက်သည်၊ အရှိန်အဝါ ကြီးသည်။

မြတ်စွာဘုရားက သားတို့သနင်း ခြင်္သေ့မင်း၏ တိရစ္ဆာန်သတ္တဝါတို့တွင် တန်ခိုးကြီးပုံ အစိုးရပုံ အာနုဘော်ကြီးပုံ အစွမ်းထက်မြက်ပုံ အရှိန်အဝါကြီးပုံကို ဆိုခဲ့ပြီးသည့်အတိုင်း ပေါ်လွင်ထင်ရှားအောင် ဥပမာအနေနဲ့ မိန့်ကြားတော်မူပါသည်။

မှန်ပါသည်။ ဥမာပေးကာ နှိုင်းယှဉ်ကာ ဟောပြောပြသဆုံးမပါလျှင် ကြားရ နာယူရသောသူတို့မှာ ဆိုလိုရင်း ပြောလိုရင်းကို ပြတ်သားထင်ထင် သိမြင်ကြသည်။ ဆိုလိုသည့် ပြောလိုသည့် အဓိပ္ပါယ်ကို သိလွယ်ကြပါသည်။ ရှင်းရှင်းလင်းလင်း နားလည်ကြပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် တရားဟောတော်

မူသည့်အခါ ဥပမာအလင်္ကာဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူလေ့ရှိပါသည်။

## မြတ်ဗုဒ္ဓ ပွင့်တော်မူ

မြတ်စွာဘုရားရှင်သည် သားတို့သနင်း ခြင်္သေ့မင်းကို ဥပမာပေးကာ ယခုလို ဆက်လက် ဟောကြားတော်မူသည်။

ရဟန်းတို့ ! ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သိစရာမှန်သမျှ တရားအားလုံးကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူသော၊ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော၊

ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ လောကသုံးပါးကို သိတော်မူသော၊ ဆုံးမထိုက်သော သတ္တဝါတို့ကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော၊

လူ၊နတ်၊ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်းသိ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူသော၊ ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား လောကတစ်ခွင်မှာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာသည်။

## သင်္ကာယ အရှိတရား

မြတ်စွာဘုရားသည် ရဟန်းတော်များအား ဆက်လက်၍ မိန့်ကြားတော်မူသည်။

"ဤ တဏှာကြဉ်ထား တေဘူမကတရားအပေါင်းကား အထင်အရှားရှိသော ခန္ဓာငါးပါးအပေါင်း 'သင်္ကာယ' ဖြစ်ပါတယ်။

ဤတဏှာတရား လောဘတရားကား သဘာဝမွေအား ဖြင့် အထင်အရှားရှိသော ခန္ဓာငါးပါးအပေါင်း၏ ဖြစ် ပေါ်လာကြောင်း သမုဒယသစ္စာဖြစ်သည်။

ဤနိဗ္ဗာန်တရားကား ပရမတ္ထသဘာဝအားဖြင့် အထင်အရှားရှိသော ခန္ဓာငါးပါးအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရား ဖြစ်သည်။

ဤမဂ္ဂင်တရားကား ခန္ဓာငါးပါး အပေါင်း၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း စင်စစ် အမှန်ပင် ဖြစ်သော ကျင့်စဉ်တရားဖြစ်သည်"ဟု မိန့်တော်မူသည်၊ ဟော ကြားတော်မူပါသည်။

## နတ်,ဗြဟ္မာတို့၏ အသက်တမ်း

စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းကား လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း ကိုးသန်းရှိသည်။

တာဝတိံသာနတ်တို့၏ အသက်တမ်းကား သုံးကုဋေခြောက်သန်းရှိသည်။

ယာမာနတ်တို့၏အသက်တမ်းကား တစ်ဆယ့်လေးကုဋေလေးသန်းရှိသည်။

တုသိတာနတ်တို့၏ အသက်တမ်းကား ငါးဆယ့်ခုနှစ်ကုဋေခြောက်သန်းရှိသည်။

နိမ္မာနရတိနတ်တို့၏ အသက်တမ်းကား နှစ်ပေါင်း နှစ်ဆယ့်သုံးကုဋေ လေးသန်းရှိသည်။

ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်တမ်းကား လူ့အရေအတွက်အားဖြင့် နှစ်ပေါင်းကိုးရာနှစ်ဆယ့်တစ်ကုဋေ ခြောက်သန်းရှိပါသည်။

ရူပဗြဟ္မာတို့တွင် အထက်ဆုံးဘုံ၌နေကြသော အကနိဋ္ဌဗြဟ္မာတို့၏အသက်တမ်းကား မဟာကပ် တစ်သောင်း ခြောက်ထောင်ရှိသည်။

## ကြောက်ရွံ့ကြ ထိတ်လန့်ကြ

ထို နတ်,ဗြဟ္မာတို့တွင် အချို့သောနတ်,ဗြဟ္မာတို့သည် အသက်တမ်းကို ကျော်လွန်ကာ အလွန့်အလွန် အသက်ရှည်ကြသည်။ ကိုယ်ရေအဆင်းရူပကာယ လှပကြသည်၊ ချမ်းသာခြင်းအမျိုးမျိုးတို့ဖြင့် ချမ်းသာကြသည်။ မြင့်မားသော လှပ ဆန်းပြားသော ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော ဘုံဗိမာန်တို့၌ ကြာမြင့်စွာ တည်နေကြသည်။ ပျော်ရွှင်ချမ်းမြေ့စွာ စံစားနေကြရသည်။

ထိုသို့သော နတ်,ဗြဟ္မာတို့သော်ပင် မြတ်စွာဘုရား၏ အထက်ပါတင်ပြခဲ့သော သစ္စာလေးပါးတရားတော်ကို ကြားနာရသိရသောအခါ များသောအားဖြင့် ကြက်သီးမွေးညင်း တဖြင်းဖြင်းထကာ ကြောက်ကြသည်၊ ထိတ်ကြသည်၊ လန့်ဖြန့်ကုန်ကြသည်။

အသက်ရှည်ကြသော ချမ်းသာမျိုးစုံ အဖုံဖုံကို မွေ့လျော်ပျော်ပါး စံစားနေကြသော ထို နတ်,ဗြဟ္မာတို့၏ ကြောက်ကြပုံ ထိတ်ကြပုံ လန့်ဖြန့်ကြပုံကို ယခုလို ဆက်လက် ဟောတော်မူထားပါသည်။

## ကြောက်ရွံ့ ထိတ်လန့်ကြပုံ

"အမောင်တို့ ! ငါတို့ရဲ့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ဟာ မမြဲကြပါ။ ထိုသို့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့က မမြဲကြပါပဲလျက် မြဲတယ်-လို့ အောင့်မေ့နေမိကြပါတယ်၊ မှတ်ထင်နေမိကြပါတယ်။

အမောင်တို့ ! ငါတို့ရဲ့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ဟာ မခိုင်ခန့်ကြပါ။ ထိုသို့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့က မခိုင်ခန့်ကြပါပဲလျက် ခိုင်ခန့်တယ်-လို့ အောင့်မေ့နေမိကြပါတယ်၊ မှတ်ထင်နေမိကြပါတယ်။

အမောင်တို့ ! ငါတို့ရဲ့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ဟာ အစဉ်အမြဲ မတည်ကြပါ။ ထိုသို့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့က အစဉ်အမြဲ မတည်ကြပါပဲလျက် အစဉ်အမြဲ တည်ကြတယ်လို့ အောင့်မေ့နေမိ ကြပါတယ်။ မှတ်ထင်နေမိကြပါတယ်။

အမောင်တို့ ! ငါတို့ဟာ၊ ငါတို့ရဲ့ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ဟာ မမြဲကြပါတဲ့။ မခိုင်ခန့်ကြပါတဲ့။ အစဉ်အမြဲ မတည်ကြပါတဲ့။ သဘာဝဓမ္မအားဖြင့် အထင်အရှားရှိသော တရားအပေါင်း၌ အကြုံးဝင်ကြပါသတဲ့-ဟု ကြောက်ကြသည်၊ ထိတ်ကြသည်၊ လန့်ဖြန့်ကြသည်။

## အနိစ္စ ဒုက္ခ အနတ္တ

အလွန့်အလွန် အသက်ရှည်ကြသော ဒုက္ခမျိုးစုံ မတွေ့ကြုံကြရပဲ ချမ်းသာအတိပြီးကြသော နတ်,ဗြဟ္မာတို့သည် မြတ်စွာဘုရားမပွင့်ခင် တရားဟောတော်မမူခင်က သူတို့ကိုသူတို့ မအိုမနာ မသေပဲ အမြဲနေကြရသည်။ အခါခပ်သိမ်း ဖြစ်နေကြရသည်၊ အမြဲထာဝစဉ် တည်မြဲနေကြသည်၊ ချမ်းသာခြင်းအတိဖြစ်ကြသည်။ မိမိ၏ အလိုအတိုင်း ဖြစ်နေကြရသည်''ဟု အထင်ရောက်နေကြသည်။ တင့်တယ်သည် လှပသည်ဟု ထင်မြင်ယူဆကြသည်။ ''စေ''တစ်လုံးပိုင်သော တန်ခိုးရှင်ပုဂ္ဂိုလ်များဖြစ်နေကြသည်။

မြတ်စွာဘုရားက-

အနိစ္စ- ခန္ဓာငါးပါး ရုပ်,နာမ်တရားဟာ အမြဲမရှိ။

ဒုက္ခ- ခန္ဓာငါးပါး ရုပ်,နာမ်တရားဟာ ဆင်းရဲအတိဖြစ်၏။

အနတ္တ- ခန္ဓာငါးပါး ရုပ်,နာမ်တရားဟာ အစိုးမရ၊ မိမိအလိုသို့မလိုက်၊ မိမိဖြစ်ချင်သလို မဖြစ်နိုင်။

အသုဘ- ဤထင်ရှားရှိသည့် ခန္ဓာငါးပါးအပေါင်းဟာ မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်ရာသာ ဖြစ်၏ ဟုလည်းကောင်း၊

သစ္စာလေးပါး မြတ်တရားကိုလည်းကောင်း ဟောတော်မူသောအခါ အလွန်အလွန် အသက်ရှည်ကြသော ဒုက္ခမျိုးစုံ မတွေ့ကြုံပဲ ချမ်းသာအတိပြီးကြသော နတ်၊ဗြဟ္မာတို့သည် မြတ်စွာဘုရား၏ အနိစ္စ ဒုက္ခ အနတ္တ အသုဘတရား၊ သစ္စာလေးပါးတရားတို့ကို နာကြားရသောကြောင့် အလွန်အမင်း ကြောက်ကြသည်၊ ထိတ်ကြသည်၊ လန့်ဖြန့်ကြသည်။

မြတ်စွာဘုရားက ရဟန်းတော်များအား

ရဟန်းတို့ ! ငါဘုရားသည် ယခုတင်ပြခဲ့သည့်အတိုင်းပင် လူ၊နတ်၊ဗြဟ္မာ သတ္တဝါအပေါင်းတွင် ကြီးသောတန်ခိုး ရှိတော်မူသည်။ ကြီးသော အစိုးရခြင်းရှိတော်မူသည်။ ကြီးသော အစွမ်းအာနုဘော်ရှိတော်မူသည်ဟု မိန့်ကြားတော်မူပါသည်။

(မေတ္တာရှင် ရွှေပြည်သာမဂ္ဂဇင်း)

**ကျမ်းညွှန်း-**

အင်္ဂုတ္တိုရ်ပါဠိတော်(ပထမ)

## ဆက်သွယ်ပေါင်းဆုံ အိမ်ထောင်စုလေးမျိုး

မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တို့ကို ရရှိတော်မူသော အချိန်ကစ၍ တနည်းအားဖြင့် ဘုရားစင်စစ် ဖြစ်တော်မူသောအချိန်ကစ၍ ပရိနိဗ္ဗာန်စံခါနီး အချိန်အထိ ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါသည်။ တရားဒေသနာများကို ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားသည် တရားဟောတော်မူသောအခါ လောကုတ္တရာရေး သက်သက်လည်း ဟောတော်မူပါသည်။

လောကီရေးသက်သက်လည်း ဟောတော်မူပါသည်။ မျက်မှောက်ဘဝကြီးပွားဖို့ အစီးအပွားဖြစ်ထွန်းဖို့ ချမ်းသာဖို့အတွက်လည်း ဟောတော်မူပါသည်။ ဘဝသံသရာ အဆက်ဆက်မှာ ကြီးပွားဖို့ အစီးအပွါးဖြစ်ထွန်းဖို့ ချမ်းသာဖို့အတွက်လည်း ဟောတော်မူပါသည်။

မြတ်စွာဘုရားသည် တစ်ချိန်သောအခါဝယ် မဓုရာမြို့ကနေ ဝေရဉ္စာမြို့သို့ ကြွတော်မူပါသည်။ များစွာသော အိမ်ရှင်ဒကာတွေ အိမ်ရှင်ဒကာမတွေကလည်း မဓုရာမြို့ကနေ ဝေရဉ္စာမြို့ အာဝါဟ၊ဝိဝါဟမင်္ဂလာပွဲ မင်္ဂလာဆောင်သို့ သွားနေကြပါသည်။

မြတ်စွာဘုရားက မဓုရာမြို့နဲ့ဝေရဉ္စာမြို့၏အကြားမှာ ခရီးတစ်ထောက် နားတော်မူပါသည်။ အရိပ်အာဝါသကောင်းသော အုပ်အုပ်ဆိုင်းဆိုင်းရှိသော သစ်ပင်အောက်မှာ ထိုင်နေတော်မူပါသည်။ ခရီးသွားနေကြသော အိမ်ရှင်ဒကာ၊ အိမ်ရှင်ဒကာမတွေက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သစ်ပင်အောက်မှာ ထိုင်နေတော်မူသည်ကို တွေ့မြင်ကြပါသည်။

တွေမြင်သည့်အတွက်ကြောင့် အိမ်ရှင်ဒကာ အိမ်ရှင်ဒကာမတွေက မြတ်စွာဘုရားထံ သွားကြပါသည်။ မြတ်စွာဘုရားကို ရှိခိုးဦးချပြီး သင့်တော်သောနေရာ၌ ထိုင်နေကြပါသည်။

မြတ်စွာဘုရားက အိမ်ရှင်ဒကာ၊ဒကာမတွေကို အကြောင်းတိုက်ဆိုင်တုန်း ဆက်သွယ်ပေါင်းဆုံ အိမ်ထောင်စုံ လေးမျိုးကို မိန့်ကြားတော်မူပါသည်။

မြတ်စွာဘုရား၏ မိန့်ကြားတော်မူချက်ကို ဘဝမှာ အတူတူ လက်တွဲနေထိုင်ကြသော လက်တွဲစဖြစ်သော လူငယ်တွေရော လက်တွဲနေကြသော လူလက်ပိုင်းပုဂ္ဂိုလ်တွေရော လက်တွဲပြီးဖြစ်သော လူကြီးတွေရော နှစ်ဦးသားလုံး လိုက်နာကျင့်သုံးကြမည်ဆိုပါလျှင် မိမိတို့အတွက် အကောင်းဆုံးတွေကိုသာ ထာဝစဉ်တွေမြင်နေကြရမှာပါ။

မြတ်စွာဘုရားက "အိမ်ရှင်ဒကာ၊ဒကာမအပေါင်းတို့! လောကမှာ လူသားတွေမှာ ဆက်သွယ်ပေါင်းဆုံ အိမ်ထောင်စုံ လေးမျိုးရှိပါသည်။

၁။ သူသေလင်ယောကျ်ားနှင့် သူသေမယား ဆက်သွယ်ပေါင်းဆုံခြင်း၊

၂။ သူသေလင်ယောကျ်ားနှင့် နတ်သမီးမယား ဆက်သွယ်ပေါင်းဆုံခြင်း၊

၃။ နတ်သားလင်ယောကျ်ားနှင့် သူသေမယား ဆက်သွယ်ပေါင်းဆုံခြင်း၊

၄။ နတ်သားလင်ယောကျ်ားနှင့် နတ်သမီးမယား ဆက်သွယ်ပေါင်းဆုံးခြင်း တို့ဖြစ်ကြပါသည်။

**နံပါတ်တစ် သူသေလင်ယောကျ်ားနှင့် သူသေမယား ဆက်သွယ်ပေါင်းဆုံခြင်းဆိုတာ-**

လူ့လောကမှာ ဆက်သွယ်ပေါင်းဆုံကြတဲ့ ဘဝအဖော်မွန်အဖြစ် လက်တွဲကြတဲ့ မိန်းမယောကျ်ား နှစ်ဦးသားတို့တွင် အိမ်ရှင်ယောကျ်ားက သတ်လိုသောစိတ်ထား သေစေလိုသောစိတ်ထားနှင့် သူတစ်ပါးအသက်ကို သတ်ပါသည်။ ပိုင်ရှင်မပေးတဲ့ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူလုယက် တိုက်ဖျက်ပါသည်။ ကာမမှားတို့မှာ လိုက်စား လွန်ကျူးပါသည်။

သူတပါးတို့၏ အကျိုးစီးပွား ပျက်စီးသွားအောင် လိမ်ညာပြောဆိုပါသည်။ ပင်ကိုယ်စိတ်ကို ဖော်ပြန်ပြောင်းလွဲစေတတ်သည့် ကုသိုလ်တရားတို့ကို မေ့လျော့စေတတ်သည့် သေရည်အရက်ကို သောက်ပါသည်။ ကိုယ်ကျင့်သီလမရှိပါ။ ယုတ်မာသော သဘောတရားတို့ ရှိပါသည်။ ရဟန်းပုဏ္ဏားတွေကို ဆဲရေးပါသည်။ ခြိမ်းခြောက်ပါသည်။ ကြိမ်းမောင်းပါသည်။

သူ၏ ဇနီးမယားကလည်း သတ်လိုသောစိတ်ထား သေစေလိုသောစိတ်ထားနှင့် သူတစ်ပါးအသက်ကို သတ်ပါသည်။ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းဉစ္စာကို ခိုးယူလုယက် တိုက်ဖျက်ပါသည်။ ကာမမှားတို့မှာ လိုက်စားလွန်ကျူးပါသည်။ သူတစ်ပါးတို့၏ အကျိုးစီးပွါးပျက်စီးသွားအောင် လိမ်ညာ ပြောဆိုပါသည်။ ပင်ကိုယ်စိတ်ကို ဖောက်ပြန်ပြောင်းလွှဲစေတတ်သည့် ကုသိုလ်တရားတို့ကို မေ့လျော့စေတတ်သည့် သေရည်အရက်ကို သောက်ပါသည်။ ကိုယ်ကျင့်သီလမရှိပါ။ ယုတ်မာသော သဘောတရားတို့ ရှိပါသည်။ ရဟန်းပုဏ္ဏားတို့ကို ဆဲရေးပါသည်။ ခြိမ်းခြောက်ပါသည်။ ကြိမ်းမောင်းပါသည်။

အိမ်ရှင်ဒကာ အိမ်ဒကာမအပေါင်းတို့ ! ယခု ပြဆိုခဲ့ပြီးသော မိန်းမ,ယောကျာ်း နှစ်ဦးသားတို့သည် သူသေလင်ယောကျာ်းနှင့် သူသေမယားတို့ ဆက်သွယ်ပေါင်းဆုံခြင်း ဖြစ်ပါသည်။

ဒီနေရာမှာ မှတ်သားဖွယ်အလွန်ကောင်းပါသည်။ ကိုယ်ကျင့်သီလမရှိရင် ကိုယ်ကျင့်တရားပျက်ပြားရင် အကျင့်စာရိတ္တမကောင်းရင် ယုတ်မာသောသဘောတရားရှိရင် ဂုဏ်မရှိ ဂုဏ်အားဖြင့်သေတာ ဖြစ်ပါသည်။ ကိုယ်ကျင့်သီလမရှိသူသည် ဂုဏ်အနေဖြင့် သေသည့်အတွက်ကြောင့် သေသူနှင့် မခြားနားတော့ပါ။ ဂုဏ်အနေနှင့် သေသောသူသာ ဖြစ်ပါတော့သည်။

နံပါတ်နှစ် သူသေလင်ယောကျ်ားနှင့် နတ်သမီးမယား ဆက်သွယ်ပေါင်းဆုံခြင်းဆိုသည်မှာ-

ဘဝမှာ လက်တွဲကြသော မိန်းမယောကျ်ားနှစ်ဦးသားတို့တွင် အိမ်ရှင်ယောကျ်ားက ငါးပါးသီလနှင့်မပြည့်စုံပါ။ ကိုယ်ကျင့်သီလ လုံးဝမရှိပါ။ ယုတ်မာသောသဘောတရားများ ရှိပါသည်။ ရဟန်းပုဏ္ဏားတွေကို ဆဲရေးပါသည်။ ခြိမ်းခြောက်ပါသည်။ ကြိမ်းမောင်းပါသည်။

သို့ပေမည့် အိမ်သူသက်ထား ဇနီးမယားက ငါးပါးသီလနှင့် ပြည့်စုံပါသည်။ ကိုယ်ကျင့်တရား ကောင်းပါသည်။ ဝန်တိုခြင်းအညစ်အကြေးကင်းတဲ့စိတ်နှင့် အိမ်၌ နေပါသည်။ စိတ်သဘောထား ဖြူစင်သန့်ရှင်းပါသည်။ ရည်ရည်မွန်မွန် ရှိပါသည်။ ရဟန်းပုဏ္ဏားတို့ကို မဆဲပါ။ မခြိမ်းခြောက်ပါ။ မကြိမ်းမောင်းပါ။

ယခုတင်ပြခဲ့သည့် မိန်းမယောကျ်ား နှစ်ဦးသားတို့သည် သူသေယောကျ်ားနှင့် နတ်သမီးမယားတို့ အတူတကွ ဆက်သွယ်ပေါင်းဆုံကြသည့် အိမ်ထောင်စုံ ဖြစ်ပါသည်။

**နံပါတ်သုံး နတ်သားလင်ယောကျ်ားနှင့် သူသေမယား ဆက်သွယ်ပေါင်းဆုံခြင်းဆိုသည်မှာ-**

ဘဝမှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ဆုံမက် လက်တွဲကြသည့် မိန်းမယောကျ်ား နှစ်ဦးသားတို့တွင် အိမ်သားယောကျ်ားက ငါးပါးသီလနှင့် ပြည့်စုံပါသည်။ ကိုယ်ကျင့်တရား ကောင်းပါသည်။ ဝန်တိုခြင်းအညစ်အကြေးကင်းသည့်စိတ်နှင့် အိမ်မှာနေပါသည်။ စိတ်ထား သဘောထား ဖြူစင်ကောင်းမွန်ပါသည်။ ရဟန်းပုဏ္ဏားတို့ကို မဆဲပါ။ မခြိမ်းခြောက်ပါ။ မကြိမ်းမောင်းပါ။

သို့ပေသည့် အိမ်သူသက်ထားဇနီးမယားက ငါးပါးသီလနှင့်မပြည့်စုံပါ။ ကိုယ်ကျင့်တရား ပျက်ပြားပါသည်။ ယုတ်မာသောသဘောတရားများ ရှိပါသည်။ ဝန်တိုခြင်းမစ္ဆရိယအညစ်အကြေးတွေ အပြည့်နှင့်သာ အိမ်မှာနေပါသည်။ ရဟန်းပုဏ္ဏားတို့ကို ဆဲပါသည်။ ခြိမ်းခြောက်ပါသည်။ ကြိမ်မောင်းပါသည်။

ယခု ပြဆိုခဲ့သည့် မိန်းမယောကျ်ားနှစ်ဦးသားတို့သည် နတ်သားလင်ယောကျ်ားနှင့် သူသေမယားတို့ အတူတကွ ပေါင်းဆုံကြသည့် အိမ်ထောင်စုံ ဖြစ်ပါသည်။

နံပါတ်လေး နတ်သားလင်ယောကျ်ားနှင့် နတ်သမီးမယား ဆက်သွယ်ပေါင်းဆုံခြင်းဆိုသည်မှာ-

ဘဝမှာ လက်တွဲဖော်အဖြစ် တစ်ဦးနှင့်တစ်ဦး လက်တွဲကြသည့် မိန်းမယောကျ်ား နှစ်ဦးသားတို့တွင် အိမ်သားယောကျ်ားနှင့် အိမ်သူသက်ထား ဇနီးမယား နှစ်ဦးသားလုံး ငါးပါးသီလနှင့် ပြည့်စုံကြပါသည်။ ကိုယ်ကျင့်တရား ကောင်းကြပါသည်။ ဝန်တိုခြင်းမစ္ဆရိယအညစ်အကြေးကင်းသောစိတ်နှင့် အိမ်မှာ နေကြပါသည်။ နှစ်ဦးသားလုံး စိတ်ထား သဘောထား ဖြူစင်ကောင်းမွန်ကြပါသည်။ ရည်ရည်မွန်မွန် ရှိကြပါသည်။ ရဟန်းပုဏ္ဏားတွေကို မဆဲပါ။ မခြိမ်းခြောက်ပါ။ မကြိမ်းမောင်းပါ။

ယခုတင်ပြခဲ့သည့် မိန်းမယောကျ်ားနှစ်ဦးသားတို့သည် နတ်သားလင်ယောကျ်ားနှင့် နတ်သမီးမယားတို့ အတူတကွ ပေါင်းဆုံကြသည့် အိမ်ထောင်စုံ ဖြစ်ပါသည်။

မြတ်စွာဘုရားက အာဝါဟ ဝိဝါဟမင်္ဂလာပွဲ မင်္ဂလာဆောင်သို့ သွားကြမည့် အိမ်ရှင်ဒကာ အိမ်ရှင်ဒကာမတို့အား အိမ်ထောင်စုံလေးမျိုးတို့တွင် အကောင်းဆုံးဖြစ်သည့် နံပါတ်လေး အိမ်ထောင်စုံ၏ ဂုဏ်ရည်တို့ကိုလည်း ယခုလို ဆက်လက် ဟောကြားတော်မူပါသည်။

သစ်ပင်အောက်မှာ လာရောက်ကာ ဘုရားဖူးလာကြသည့် ဒကာ ဒကာမတို့အား မျက်မှောက်,သံသရာ နှစ်ဖြာသောဘဝမှာ ကြီးပွားစေရန် အစီးအပွားဖြစ်စေရန် ချမ်းသာစေရန် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## ပြည့်စုံရမည့် ဂုဏ်ရည်များ

ဘဝမှာ လက်တွဲကြသည့် ဇနီးမောင်နှံ နှစ်ဦးသားတို့သည် ဘုရား,တရား,သံဃာ ရတနာမြတ်သုံးဖြာကို ယုံကြည်ခြင်းဆိုသည့် ယုံကြည်ချက်သဒ္ဓါတရား ရှိရပါမည်။ အလှူခံပုဂ္ဂိုလ်တို့၏ ပြောစကား ဆိုစကား သဘောထားကိုလည်း သိရပါမည်။ ကိုယ်,နှုတ်,နှလုံး သုံးပါးစလုံး စောင့်စည်းရပါမည်။ ကိုယ်အမူအရာမှာလည်း သိမ်မွေ့နူးညံ့ရပါမည်။ အပြောအဆိုမှာလည်း သိမ်မွေ့နူးညံ့ရပါမည်။ စိတ်သဘောထား ဖြူစင်ရပါမည်။ ဖြောင့်မတ်ရပါမည်။

မိမိတို့ ဘဝမှာ ကြီးပွားဖို့ တိုးတက်ဖို့ အောင်မြင်ဖို့ ချမ်းသာဖို့ စီးပွားရေးလုပ်သည့်အခါမှာ တရားသဖြင့်သာ တရားနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရပါမည်။ တစ်ဦးနှင့်တစ်ဦး ချစ်ဖွယ်သောစကား မြတ်နိုးဖွယ်သောစကား နားဝင်ချိုသောစကား

တို့ကိုသာ ပြောဆိုကြရပါမည်။

တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်သည့် မျက်လုံးတွေနှင့်သာ ကြည့်ရှုကာ နေကြရပါမည်။ ဒေါသမျက်လုံး အာဃာတမျက်လုံး အမုန်းပွားစရာမျက်လုံးတွေနှင့် မကြည့်ရပါ-ဟု မိန့်တော်မူပါသည်။

အထက်ပါ တင်ပြခဲ့သည့်အတိုင်း ဇနီးမောင်နှံ နှစ်ဦးသားလုံး လက်တွဲကာ နေထိုင်ပါလျှင် ဇနီးမောင်နှံနှစ်ဦးသားတို့အား မျက်မှောက်ဘဝမှာလည်း များပြားလှစွာသော ကောင်းကျိုးတရားများ ဖြစ်ပွားလာမှာ ဖြစ်ပါသည်။ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေကြရမှာ ဖြစ်ပါသည်။ မိတ်ဆွေသူငယ်ချင်းတို့၏ အားကျဖွယ် အတုယူဖွယ် စံပြုဖွယ် အိမ်ထောင်စု ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘဝမှာ အဖော်မွန်အဖြစ် လက်တွဲကြသူတိုင်း နံပါတ်လေးဖြစ်သည့် နတ်သားလင်ယောကျ်ားနှင့် နတ်သမီးမယား ဆက်သွယ်ပေါင်းစုံ အိမ်ထောင်စုအဖြစ်နှင့် မျက်မှောက်သံသရာ နှစ်ဖြာသောဘဝမှာ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ရှာဖွေစုဆောင်းနိုင်ကြပါစေလို့---။

ကျမ်းညွှန်း- အင်္ဂုတ္တိုရ်ပါဠိတော်(ပထမ)

## ချောမော လှပ ကြွယ်ဝ ချမ်းသာ

### အရှိန်အဝါကြီးလိုလျှင်

တစ်ချိန်သောအခါမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ ကောသလမင်းကြီးရဲ့ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဖြစ်တဲ့ မလ္လိကာ ဒေဝီဟာ မြတ်စွာဘုရားထံတော်သို့ လာရောက်ဖူးမြော်ပါတယ်။ မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပြီးတဲ့အခါ သင့်လျော်တဲ့နေရာမှာ ထိုင်နေပြီး မြတ်စွာဘုရားကို သူသိလိုတဲ့ အကြောင်းအရာများကို လျှောက်ထားပါတယ်။

မလ္လိကာဒေဝီရဲ့ လျှောက်ထားတဲ့ အကြောင်းအရာနဲ့ မြတ်စွာဘုရားရဲ့ ဖြေဆိုမိန့်ကြားတော်မူတဲ့ အချက်အလက်တို့ကို စာရှုသူများ အထူးသဖြင့် အမျိုးသမီးများ မှတ်သားသင့်ပါတယ်။ သိတဲ့အတိုင်း မှတ်သားတဲ့အတိုင်း လက်တွေ့လိုက်နာ ကျင့်သုံးသင့်ပါတယ်၊ မိမိအတွက် အများကြီးအကျိုးရှိပါတယ်၊ ယခုဘဝနဲ့ နောင်ဘဝသံသရာ အဆက်ဆက်မှာပါ အကျိုးကျေးဇူးများမှာပါ။

မလ္လိကာဒေဝီက မြတ်စွာဘုရားအား ယခုလို လျှောက်ထားပါတယ်။

(၁) မြတ်စွာဘုရား ! ဒီလောကမှာ အချို့သော မိန်းမသားဟာ ရုပ်ရေရူပကာယ အဆင်းလည်းမလှပါ၊ ခန္ဓာကိုယ် အသွင်အပြင်လည်း မလှပါ၊ ကိုယ်လုံးကိုယ်ပေါက်လည်း အချိုးမကျ မလှပပါ။ ရှုချင်စဖွယ်လည်း မရှိပါ။ မတင့်တယ် မလှပပါ။

(၂) ဆင်းရဲလည်း ဆင်းရဲပါတယ်၊ ကိုယ်ပိုင်ဥစ္စာလည်းမရှိပါ။ သုံးစရာ စွဲစရာ ငွေအသပြာလည်း မရှိပါ။ အသုံးအဆောင် ပစ္စည်းများလည်း မရှိပါ။

(၃) တန်ခိုးလည်း နည်းပါတယ်။ အရှိန်အဝါလည်း နည်းပါတယ်။ သြဇာအာဏာလည်း နည်းပါတယ်။

မြတ်စွာဘုရား ! တပည့်တော်မ တင်ပြလျှောက်ထားခဲ့တဲ့ အတိုင်း အဘယ်အကြောင်းများကြောင့် မိန်းမသားအား အဆင်း မလှခြင်း၊ ဆင်းရဲခြင်း၊ အရှိန်အဝါနည်းပါးရခြင်း ဖြစ်ရပါသလဲ ဘုရား-လို့ လျှောက်ထားပါတယ်။

## ရုပ်ရေအဆင်း မလှပခြင်းရဲ့အကြောင်း

မြတ်စွာဘုရားက မလ္လိကာဒေဝီအား အခုလို ဖြေဆိုမိန့် ကြားတော်မူပါတယ်။

မလ္လိကာ ! ဒီလောကမှာ အချို့သော မိန်းမသားဟာ စိတ်ကြီးပါတယ်၊ အမျက်ဒေါသကြီးပါတယ်၊ စိတ်ပင်ပန်းလွန်း ပါတယ်။ စိတ်ဖိစီးမှု အားကြီးပါတယ်။

သူ့ကို နည်းနည်းလေး ပြောတာ ဆိုတာဖြစ်ပေမယ့် အမျက်ထွက်ပါတယ်။ ဒေါသထွက်ပါတယ်။ အမူအရာ ပျက်ပါ တယ်။ ရန်ငြိုးထားပါတယ်။ စိတ်ဆိုးအမျက်ထွက် မနှစ်သက် ခြင်းကို အထင်အရှားပင် ပြုပါတယ်။ နှုတ်ခမ်းရှုပါတယ်၊ အံကြိတ်ပါတယ်။ တောက်ခေါက်ပါတယ်။

သို့ကလို စိတ်ဆိုးဒေါသ အာဃာတကြီးတဲ့အတွက် ကြောင့် အဲဒီမိန်းမသားဟာ ဖြစ်ရာဖြစ်ရာဘဝမှာ ရုပ်ရေအဆင်း

မလှပရခြင်း ဖြစ်ပါတယ်။ ကိုယ်လုံးကိုယ်ထည် အချိုးမကျ မလှပရခြင်း ဖြစ်ပါတယ်။ ရှုချင်စဖွယ်မရှိခြင်း မတင့်တယ်ခြင်း ဖြစ်ပါတယ်။ ကျက်သရေမရှိခြင်း ဖြစ်ပါတယ်။

## ဆင်းရတွင်း နက်ရခြင်းအကြောင်း

မြတ်စွာဘုရားက ဆင်းရဲရခြင်းရဲ့ အကြောင်းကို ဆက်လက်၍ အခုလို ဖြေဆိုမိန့်ကြားတော်မူပါတယ်။

မလ္လိကာ ! ဒီလောကမှာ အချို့သောမိန်းမသားဟာ ရဟန်းဖြစ်စေ သူတော်စင်တို့အားဖြစ်စေ ဆွမ်းဘောဇဉ်၊ အဖျော်၊ အဝတ်သင်္ကန်း လှူဖွယ်ဝတ္ထု ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးကို မပေးလှူခဲ့ဘူးပါ။

လှူဖွယ်ဝတ္ထု ဆယ်မျိုးဆိုတာ ဆွမ်းဘောဇဉ်၊ အဖျော်ရည်၊ အဝတ်သင်္ကန်း၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာနေရာ၊ ဆီမီး အဆောက်အဦး-တို့ဖြစ်ပါတယ်။

ထိုလှူဖွယ်ဝတ္ထုဆယ်မျိုးတို့တွင် ဆွမ်းတစ်ဇွန်းဖြစ်စေ ရေတစ်ခွက်ကိုဖြစ်စေ ပန်းတစ်ပွင့်ကိုဖြစ်စေ ဘာဆိုဘာမှ မလှူခဲ့ဘူးပါ။ မပေးခဲ့ဘူးပါ။ ။

သို့ကလို ဆွမ်းတစ်ဇွန်းကိုမျှ မပေးလှူခဲ့ဘူးတဲ့အတွက်

ကြောင့် အဲဒီမိန်းမသားဟာ ဖြစ်ရာဖြစ်ရာဘဝမှာ ဆင်းရဲရခြင်း ဖြစ်ပါတယ်။ ကိုယ်ပိုင်ဥစ္စာ မရှိရခြင်း ဖြစ်ပါတယ်။ သုံးစရာ စွဲစရာ ငွေကြေးအသပြာ မရှိရခြင်း ဖြစ်ပါတယ်။ အသုံး အဆောင်ပစ္စည်းများ မရှိရခြင်း ဖြစ်ပါတယ်။

## ဩဇာအာဏာ နည်းရခြင်းရဲ့အကြောင်း

မြတ်စွာဘုရားက မလ္လိကာအား အရှိန်အဝါ နည်းပါးရ ခြင်းအကြောင်း ဩဇာအာဏာ နည်းပါးရခြင်းရဲ့ အကြောင်းတို့ ကို ဆက်လက်၍ အခုလို ဖြေဆိုမိန့်ကြားတော်မူပါတယ်။ ။

မလ္လိကာ ! ဒီလောကမှာ အချို့သောမိန်းမသားဟာ အရာ ရာမှာ ငြူစူပါတယ်။ ကိုယ့်ထက်သာ မနာလိုပါတယ်။ ငြူစူခြင်း ဣဿာနဲ့ ယှဉ်တဲ့စိတ်ရှိပါတယ်။

မိမိမှတပါး အခြားသောသူများ လာဘ်ရရင် စီးပွားရေး အဆင်ပြေရင် အလုပ်အကိုင်အဆင်ပြေရင် စားဝတ်နေရေး အဆင်ပြေရင် ကိုယ့်ထက် ရာထူးကြီးရင် မျက်နှာသာပေးခံရရင် ငြူစူပါတယ်။

သူတစ်ပါးတို့ အရိုအသေခံရတာ အလေးဂရုပြုခံရတာ မြတ်နိုးတန်ဖိုးထားခံရတာတို့ကို တွေ့ရ မြင်ရရင် ငြူစူပါတယ်။

သူတပါး ရှိခိုးခံရရင် အပူဇော်ခံရရင် ငြူစူပါတယ်။ မနာလို မရှုစိမ့်လို မကြည့်လို ဣဿာပိုပါတယ်။ ပြစ်မှားပါတယ်။ သူမရဲ့ရင်မှာ ငြူစူတဲ့စိတ်တွေ အမြဲပင် ပြည့်နေပါတယ်။

သို့ကလို သူတစ်ပါးအား အရာရာမှာ ငြူစူတဲ့အတွက် ကိုယ့်ထက်သာ မနာလိုတဲ့အတွက် ငြူစူခြင်း ဣဿာနဲ့ယှဉ်တဲ့ စိတ်ကြောင့် မိန်းမသားဟာ ဖြစ်လေရာရာဘဝတိုင်းမှာ တန်ခိုး နည်းရပါတယ်။ အရှိန်အဝါနည်းရပါတယ်။ သြဇာအာဏာ နည်း ရပါတယ်။

## ဒုတိယမေးခွန်း

မလ္လိကာဒေဝီက မြတ်စွာဘုရားအား ဒုတိယမေးခွန်းကို အခုလို မေးမြန်းလျှောက်ထားပါတယ်။

မြတ်စွာဘုရား ! ဒီလောကမှာ အချို့သောမိန်းမသားဟာ ရုပ်ရေရူပကာယ အဆင်းလည်း မလှပပါ။ ခန္ဓာကိုယ် အသွင် အပြင်လည်း မလှပါ။ ကိုယ်လုံးကိုယ်ပေါက်လည်း အချိုးမကျ မလှပပါ။ ရှုချင်စဖွယ်လည်း မရှိပါ။

ဒါပေမဲ့ ချမ်းသာကြွယ်ဝပါတယ်။ များပြားလှတဲ့ စည်း စိမ်ဥစ္စာလည်း ရှိပါတယ်။ များပြားလှတဲ့ သုံးစရာစွဲစရာ အသုံး အဆောင်ပစ္စည်းများလည်း ရှိပါတယ်။ တန်ခိုးလည်း ကြီးပါ တယ်။ အရှိန်အဝါလည်း ကြီးပါတယ်။ သြဇာအာဏာလည်း

ကြီးပါတယ်။

မြတ်စွာဘုရား ! တင်ပြလျှောက်ထားခဲ့တဲ့ ရုပ်ရေအဆင်း မလှပခြင်းစသည်စသည်ရဲ့ အကြောင်းကား ဘာ့ကြောင့်ပါလည်း ဘုရားလို့ မေးမြန်းလျှောက်ထားပါတယ်။

## တတိယမေးခွန်း

မလ္လိကာဒေဝီက မြတ်စွာဘုရားအား တတိယမေးခွန်းကို အခုလို ဆက်လက်၍ မေးမြန်းလျှောက်ထားပါတယ်။

မြတ်စွာဘုရား ! ဒီလောကမှာ အချို့သော မိန်းမသားဟာ ရုပ်ရေအဆင်း အလွန်ပင် လှပချောမောပါတယ်။ ရှုချင်စဖွယ်လည်း ရှိပါတယ်။ ကြည်နူးဖွယ်အလှလည်း ဖြစ်ပါတယ်။ မွန်မြတ်တဲ့ အသွင်အပြင်နှင့် ပြည့်စုံပါတယ်။ အလှကြွယ်ပါတယ်။

ဒါပေမဲ့ ဆင်းရဲပါတယ်။ ကိုယ်ပိုင်ပစ္စည်းလည်း မရှိပါ။ သုံးစရာ စွဲစရာ ငွေအသပြာလည်း မရှိပါ။ အသုံးအဆောင်ပစ္စည်းများလည်း မရှိပါ။ တန်ခိုးလည်း နည်းပါတယ်။ အရှိန်အဝါလည်း နည်းပါတယ်။ ဩဇာအာဏာလည်း နည်းပါတယ်။

မြတ်စွာဘုရား ! တပည့်တော်မ တင်ပြလျှောက်ထားခဲ့တဲ့ ရုပ်ရေအဆင်း အလွန်ပင် လှပချောမောခြင်းစသည်စည်ရဲ့

အကြောင်းကား ဘာပါလဲ၊ ဘာကြောင့်ပါလဲဘုရားလို့ မေးမြန်းလျှောက်ထားပါတယ်။

**စတုတ္ထမေးခွန်း**

မလ္လိကာဒေဝီက မြတ်စွာဘုရားအား စတုတ္ထမေးခွန်းကို အခုလို လျှောက်ထားပါတယ်။

၁။ မြတ်စွာဘုရား ! ဒီလောက၌ အချို့သော မိန်းမသားဟာ ရုပ်ရေအဆင်း အလွန်ပင်ချောမောလှပပါတယ်။ ရှုချင်ဖွယ်အလှလည်း ဖြစ်ပါတယ်။ မွန်မြတ်တဲ့ အသွင်အပြင်နှင့်လည်း ပြည့်စုံပါတယ်။ အလှလည်း ကြွယ်ပါတယ်။

၂။ ချမ်းသာလည်း ချမ်းသာပါတယ်။ ကြွယ်ဝလည်းကြွယ်ဝပါတယ်။ များပြားလှတဲ့ စည်းစိမ်ဥစ္စာလည်းရှိပါတယ်။ သုံးစရာစွဲစရာ အသုံးအဆောင်ပစ္စည်းများလည်း ရှိပါတယ်။

၃။ တန်ခိုးလည်းကြီးပါတယ်။ အရှိန်အဝါလည်း ကြီးပါတယ်။ ဩဇာအာဏာလည်း ကြီးပါတယ်။

မြတ်စွာဘုရား ! တပည့်တော်မ တင်ပြလျှောက်ထားခဲ့တဲ့ မိန်းမသားအား ရုပ်ရေအဆင်း လှပခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ တန်ခိုးအရှိန်အဝါ ဩဇာအာဏာကြီးမားရခြင်းတို့ဟာ အဘယ်

အကြောင်းကြောင့်ပါလဲဘုရား၊ အဘယ်အထောင့်အပံ့ကြောင့် ပါလဲဘုရားလို့ မေးမြန်းလျှောက်ထားပါတယ်။

အခုနောက်ဆုံး စတုတ္ထမေးခွန်းရဲ့အဖြေကို မြတ်စွာဘုရား ဖြေဆို မိန့်ကြားတော်မူတဲ့အတိုင်း တင်ပြပါမယ်။ ပထမဆုံး မေးခွန်းရဲ့အဖြေကို တင်ပြခဲ့ပြီးပါပြီ။ ပထမဆုံးမေးခွန်းရဲ့ အဖြေ နှင့် စတုတ္ထမေးခွန်းရဲ့အဖြေကို တင်ပြပြီးရင် ဒုတိယမေးခွန်းနှင့် တတိယမေးခွန်းတို့ရဲ့အဖြေမှန်ကိုကား စာရှုသူ သိရှိနားလည်သွား ပါလိမ့်မယ်။

## ရုပ်ရေအဆင်း လှပခြင်းအကြောင်း

မြတ်စွာဘုရားက မလ္လိကာအား စတုတ္ထမေးခွန်းရဲ့ အဖြေ ကို အခုလို ဖြေဆိုမိန့်ကြားတော်မူပါတယ်။

မလ္လိကာ ဒီလောကမှာ အချို့သောမိန်းမသားဟာ စိတ် မကြီးပါ။ အမျက်ဒေါသ အာဃာတမကြီးပါ။ စိတ်မပင်ပန်းပါ စိတ်ဖိစီးမှု မရှိပါ။ သူ့ကို ဘယ်လိုပင် ပြောဆိုပြောဆို အများကြီး အများကြီးဆိုဆို အပြုံးမပျက်ပါ။ အမျက်မထွက်ပါ။ စိတ်မဆိုးပါ။ ဒေါသမဖြစ်ပါ။ အမူအရာ မပျက်ပါ။ ရန်ငြိုးအာဃာတ မထားပါ။ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း အလျှင်းမရှိပါ။ နှုတ်ခမ်းစူခြင်း

အံကြိတ်ခြင်း တောက်ခေါက်ခြင်းစသည်တို့ကား ဝေလာဝေးပါ။

သို့ကလို စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း ရန်ငြိုးအာဃာတထားခြင်း စိတ်ပင်ပန်းခြင်း စိတ်ဖိစီးခြင်းစသည်စသည် လုံးဝမရှိတဲ့အတွက်ကြောင့် မိန်းမသားဟာ ဖြစ်လေရာရာ ဘဝတိုင်းမှာ ရုပ်ရေအဆင်း လှပရခြင်းဖြစ်ပါတယ်။

## ချမ်းသာကြွယ်ဝရခြင်းအကြောင်း

မြတ်စွာဘုရားက မလ္လိကာဒေဝီအား ချမ်းသာကြွယ်ဝရခြင်းတို့ရဲ့အကြောင်းကို အခုလို ဆက်လက်၍ ဖြေဆို မိန့်ကြားတော်မူပါတယ်။

မလ္လိကာ ! ဒီလောကမှာ အချို့သောမိန်းမသားဟာ ရဟန်း,သာမဏေတို့အားဖြစ်စေ သူတော်စင်တို့အားဖြစ်စေ လှူဖွယ်ဝတ္ထုဆယ်မျိုးတို့တွင် ဆွမ်းဘောဇဉ် အဖျော်ရည် အဝတ်သင်္ကန်းတစ်မျိုးမျိုးကို ပေးလှူပါတယ်။ ပူဇော်ပါတယ်။

သို့ကလို ပေးလှူခဲ့ဘူး ပူဇော်ခဲ့ဘူးတဲ့အတွက်ကြောင့် မိန်းမသားဟာ ဖြစ်လေရာရာဘဝတိုင်းမှာ ချမ်းသာကုံလုံ ပြည့်စုံကြွယ်ရခြင်းဖြစ်ပါတယ်။ စား,ဝတ်,နေရေး အဆင်ပြေချောမွေ့ရခြင်းဖြစ်ပါတယ်။ စီးပွားရေး ကြီးပွားရေးမှာ အဆင်ပြေ တိုးတက်ရခြင်းဖြစ်ပါတယ်။

## ဩဇာအာဏာ ကြီးမားရခြင်းအကြောင်း

မြတ်စွာဘုရားက မလ္လိကာဒေဝီအား တန်ခိုးအရှိန်အဝါ ဩဇာအာဏာကြီးမားရခြင်းတို့ရဲ့အကြောင်းကို အခုလို မိန့်ကြားတော်မူပါတယ်။

မလ္လိကာ ! ဒီလောကမှာ အချို့သောမိန်းမသားဟာ အရာရာမှာ မငြူစူပါ။ ကိုယ့်ထက်သာက မနာလို မရှိပါ။ ငြူစူခြင်းဣဿာနှင့်ယှဉ်တဲ့စိတ် မရှိပါ။

အခြားသောသူများ လာဘ်ရရင် စီးပွားရေးအဆင်ပြေရင် အလုပ်အကိုင်အဆင်ပြေရင် စား၊ဝတ် နေရေး အဆင်ပြေရင် အရောင်းအဝယ်ကောင်းရင် ကိုယ့်ထက် ရာထူးကြီးရင် မျက်နှာသာပေးခံရရင် အရေးပေးခံရရင် မငြူစူပါ။ ကြို့ဆိုပါတယ်။ ဝမ်းသာပါတယ်။ မုဒိတာဖြစ်ပါတယ်။

သူတပါးတို့ အရိုအသေပြုခံရတာ အလေးဂရုပြုခံရတာ မြတ်နိုးတန်ဖိုးထားခံရတာတို့ကို တွေ့မြင်ရရင် မငြူစူပါ။ သူတပါးတို့ ရှိခိုးခံရရင် အပူဇော်ခံရရင် မငြူစူပါ။ ဝမ်းသာပါတယ်။ မုဒိတာဖြစ်ပါတယ်။

သို့ကလို မငြူစူခဲ့တဲ့အတွက်ကြောင့် ငြူစူခြင်းဣဿာနှင့်ယှဉ်တဲ့စိတ် မရှိခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ မုဒိတာ

ဖြစ်ခဲ့တဲ့အတွက်ကြောင့် မိန်းမသားဟာ ဖြစ်လေရာရာ ဘဝတိုင်းမှာ တန်ခိုးကြီးပါတယ်။ အရှိန်အဝါကြီးပါတယ်။ သြဇာအာဏာကြီးပါတယ်။

စာရှုသူ ! အခု တင်ပြခဲ့အကြောင်းအရာတွေကို ဖတ်ရှုရတဲ့အခါ မလ္လိကာဒေဝီက ပဓာနနည်းနဲ့ မိန်းမသားများကို ဦးစားပေးကာ မေးမြန်းလျှောက်ထားခြင်း ဖြစ်ပါတယ်။ အမျိုးသားများနဲ့လည်း သက်ဆိုင်ပါတယ်။

ဒါကြောင့် ချောမောလှပချင်ကြတဲ့ ကြွယ်ဝချမ်းသာချင်ကြတဲ့ အရှိန်အဝါကြီးချင်ကြတဲ့ အမျိုးသား၊အမျိုးသမီးတိုင်း မြတ်စွာဘုရားရဲ့ ဖြေဆိုမိန့်ကြားတော်မူချက်နဲ့အညီ လိုက်နာကျင့်သုံး နေထိုင်ကြရပါမယ်။ လိုက်နာကျင့်သုံးနေထိုင်နိုင်ကြပါစေ--

ချောမောလှ ကြွယ်ဝချမ်းသာ အရှိန်အဝါကြီးကြပါစေလို့--

ကျမ်းညွှန်း-

အင်္ဂုတ္တိုရ်ပါဠိတော်(ပထမ)

သစ်ပင်တစ်ပင်၊
စိုက်လျှင်ပျိုးလျှင်၊
လူတွင်မက၊
နတ်များကပါ၊
ဝမ်းသာရွှင်ပျ၊
ကြိုဆိုကြ၏။
ချစ်ကြခင်ကြ၊
ကြင်နာကြတာ၊
မဆုံးပါတည်း။

၁၆-၉-၂၀၀၉-ခုနေ့က အပြည်ပြည်ဆိုက်ရာ အိုဇုန်းလွှာ ထိမ်းသိမ်းရေးနေ့ ပညာပေးလက်ကမ်းကြော်ငြာ စာရွက်များကို စာရေးသူတို့အထံသို့ ပေးလာပါတယ်။

ပေးလာသူက တိုင်းရင်းဆေးတက္ကသိုလ် နောက်ဆုံးနှစ် တတ်နေတဲ့ ကျောင်းသားလူငယ်ဖြစ်ပါတယ်။ ပုံမှာ ကျောင်းသူ လေးတွေက သစ်ပင်တွေစိုက်ဘို့ ပျိုးပင်လေးတွေကို ယူတဲ့ပုံနဲ့ တောင်ဝန်းရိုးစွန်းမှ အိုဇုန်းအပေါက်ပုံတို့ကို တွေ့ရပါတယ်။

သစ်ပင်အရွက်စိမ်းများဟာ $O_2$ကို

ပြန်လည်ထုတ်လွှတ်ပေးပါတယ်၊

သစ်ပင်စိုက်ခြင်းဖြင့် OZONEလွှာအတွက် $O_2$ကို

ပြန်ပြည့်ပေးကြပါစို့-စတဲ့မှတ်သားဖွယ်ရာစာသားများကို

တွေ့ရပါတယ်။

လူငယ်မောင်မယ်လေးတွေ သစ်ပင်ပျိုးပင်တွေကို စိုက်ပျိုးနေတာ သစ်ပင်တွေကို ချစ်ခင်မြတ်နိုးတာ ကမ္ဘာမြေကို စိမ်းလန်းစိုပြည် စေလိုတာ စတာ,စတာတွေကို တွေ့ရတော့ ဝမ်းသာရတယ်၊ ကြည်နူးရပါတယ်။

## အပူတွေမှ သက်သာရအောင်

စာရှုသူ ! စာရှုသူလဲ သစ်ပင်စိုက်တာကို လိုက်လုပ်စွာကြို ဆိုမှာပါ။ စာရှုသူဟာ သစ်ပင်စိုက်တာကို လိုက်လုပ်ကြိုဆိုသလို အခြားအခြား လူတွေရော နတ်တွေရော ဝမ်းသာရွှင်ပြကြိုဆိုကြမှာ မြေကြီးလက်ခတ်မလွဲပါ။

လောကမှာ နားခိုစရာ အရိပ်အမျိုးအမျိုး ရှိပါတယ်။ သစ်ပင်အရိပ် ဆွေမျိုးအရိပ် မိဘအရိပ် ဆရာအရိပ် ဘုရားအရိပ် တရားအရိပ်စတဲ့ အရိပ်တွေပါ။ အဲဒီ နားခိုစရာ အရိပ်အမျိုးမျိုးတွေထဲမှာ သစ်ပင်အရိပ်အရိပ်ကို ပထမဆုံး ပြဆိုကြပါတယ်။

လောကလူသားတွေမှာ အပူအမျိုးမျိုး ရှိကြပါတယ်။ အပူတွေက အတွင်းပူ၊ အပြင်အပူတွေပါ။

အတွင်းအပူဆိုတာ လောဘ,ဒေါသ,မောဟစတဲ့ ကိလေသာတွေကြောင့် ပူရတဲ့ အပူဖြစ်ပါတယ်။

အပြင်အပူဆိုတာ လေပူ နေပူ မီးပူစတဲ့ ပြင်ပအပူတွေကြောင့် ပူရတဲ့ အပူတွေဖြစ်ပါတယ်။

လောဘ ဒေါသ မောဟစတဲ့ ကိလေသာတွေကြောင့် ပူရတဲ့ အတွင်းပူတွေကတော့ အမြင့်ဆုံးဖြစ်တဲ့ ဘုရားအရိပ်

တရားအရိပ်အောက်မှာ နားခိုမှသာ ငြိမ်းမှာပါ၊ အေးမြမှာပါ။

လူသားတွေဟာ စားဝတ်နေရေးအတွက် နေ့စဉ် လှုပ်ရှားနေရပါတယ်။ နေပူမရှောင် မိုးရွာမရှောင်ဆိုသလို သွားလာလုပ်ကိုင်ကြရပါတယ်၊

နေပူထဲမှာ သွားလာလှုပ်ရှားနေသူတွေဖြစ်စေ တစ်မြို့တစ်ရွာသို့ ခရီးသွားနေကြသူတွေဖြစ်စေ သစ်ပင်ရဲ့အရိပ်အောက်မှာ နားခိုလိုက်ရရင် အေးမြတဲ့အရသာကို ခံစားကြရပါတယ်၊ ငြိမ်းချမ်းတဲ့ အရသာကို ခံစားရပါတယ်။ သစ်ပင်အရိပ်ကြောင့် ကိုယ်စိတ်ရွှင်လန်း ဝမ်းပန်းတသာ ခံစားရပါတယ်။

## အင်တာနက် ကျမ်းမာရေး

**လူတိုင်း ကျန်းမာရွှင်လန်းရေးအတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အရေးပါ။** သစ်ပင်များ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်အနီး နေထိုင်ခြင်းဖြင့် ကျန်းမာရေး အကျိုးကျေးဇူးများ ရရှိခံစားရကြောင်း သက်သေခံ အထောက်အထားအခိုင်အမာ ရရှိထားသည်-ဟု ဆို၏။

## ဖော်ပြထား

စိမ်းလန်းစိုးပြည်သည့် ပတ်ဝန်းကျင်ကြောင့် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေမှု အထူးသဖြင့် စိတ်ရောဂါဝေဒနာ လျော့ပါးစေရေးတွင် ထိရောက်မှုရှိကြောင်း သတိပြုမိသည်-ဟု ကပ်ရောဂါဝေဒနာနှင့် လူထုကျန်းမာရေး ဂျာနယ်၌ ဖော်ပြသည်။

## အရေးပါ

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ဗွီယူတက္ကသိုလ်ဆေးပညာဌာန သုတေသီများက မိသားစုဆရာဝန် ၁၉၅-ဦးထံမှ မှတ်ပုံတင်ထားသူ ၃၅၀၀၀၀-တို့၏ ဆေးမှတ်တမ်းများကို လေ့လာစူးစမ်းပြီးနောက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၏ အရေးပါမှုကို ယင်းကဲ့သို့ တွေ့ရှိရခြင်းဖြစ်သည်။

## လိုအပ်

အရွယ်ရောက်သူများ၏ ကျန်းမာရွှင်လန်းရေးအတွက်သာမက အသက်၁၂-နှစ်အောက် ကလေးများ၏ ကျန်းမာရေးအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ရှိရန် လိုအပ်ကြောင်း သုတေ

သီများက တွေ့ရှိရသည်။

လူ့ပတ်ဝန်းကျင်၌ တာဝန်ပိ၍ ပင်ပန်းသူများအတွက်သာ မက စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင် အထူးလိုအပ်ကြောင်း သုတေသီများက ထောက်ပြသည်။

၁၇-၁၀-၂၀၀၉-နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ အထက်ပါအကြောင်းအတိုင်း ဖတ်လိုက်ရပါတယ်။

**သစ်ပင်ခုတ်တာ မကြိုက်ပါ**

ဗုဒ္ဓစာပေမှာ- **ဘုမ္မစိုးနတ်**-မြေပေါ်မှာနေတဲ့နတ်၊
**ရုက္ခစိုးနတ်**-သစ်ပင်ပေါ်မှာ နေတဲ့နတ်၊
**အာကာသစိုးနတ်**-ကောင်းကင်မှာ နေတဲ့နတ်၊
စသဖြင့် နတ်အမျိုးမျိုးရှိကြပါတယ်။

ရုက္ခစိုးလို့ အရပ်ထဲမှာ ပြောကြပါတယ်။ ရုက္ခစိုးဆိုတာ သစ်ပင်ပေါ်မှာ နေတဲ့နတ်ပါ။ သစ်ပင်ပေါ်မှာ နေတဲ့နတ်များက သစ်ပင်ခုတ်တာ သစ်ပင်ကို ဖျက်ဆီးတာ မကြိုက်ကြပါ။

တစ်ချို့လူတွေမှာ ကြုံရတတ်ပါတယ်။ သစ်ပင်ခုတ်တဲ့ သူတွေပါ။ ဘယ်သူ ဘယ်ဝါ သစ်ပင်ခုတ်လို့ အဖုအပိန့်တွေ ထလာတယ်၊ လက်ကပ်သွားတယ်၊ ပါးရွဲ့သွားတယ်၊ ခြေထောက် ထော့နဲ့ထော့နဲ့ ဖြစ်သွားတယ်စသဖြင့် အရပ်ထဲမှာ မြင်တွေ့

ရတတ်ပါတယ်၊ ကြားရတတ်ပါတယ်။ အဲဒါ ရုက္ခစိုးနတ်တွေက သစ်ပင်ခုတ်တာ မကြိုက်လို့ သတိပေးခြင်းပါ။

မြတ်စွာဘုရား အာဠဝီပြည် အဂ္ဂါဠဝအမည်ရတဲ့ နတ်ကွန်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန်က ဖြစ်ပါတယ်။ အာဠဝီပြည်သား ရဟန်းတော်များဟာ မိမိတို့နေဘို့ရန် အဆောက်အအုံလေးတွေ ကျောင်းလေးတွေ ဆောက်ကြပါတယ်။

## ဒေါသသိမ်းဆည်း နတ်သမီး

အဲဒီအခါ ကိုယ်တိုင်လည်း သစ်ပင်ခုတ်ကြပါတယ်၊ သူတစ်ပါးကိုလည်း ခုတ်ခိုင်းကြပါတယ်။ ရဟန်းတစ်ပါးက သစ်ပင်ကို ကိုယ်တိုင်ခုတ်မလို့ ပြင်ဆင်နေစဉ် ဖြစ်ပါတယ်။ သစ်ပင်ရဲ့ အထက်ဗိမာန်မှာနေတဲ့ ရုက္ခစိုးနတ်သမီးက ရဟန်းကို အခုလို ပြောပါတယ်၊ တောင်းပန်ပါတယ်။

"အရှင်ဘုရား ! ကိုယ့်အတွက် နေစရာကျောင်းဆောက်ဖို့ သူများရဲ့ ဘုံဗိမာန်ကို မဖျက်ဆီးပါနဲ့"လို့ ပြောပါတယ်။ တောင်းပန်ပါတယ်။

ရဟန်းက နတ်သမီးရဲ့ တောင်းပန်တဲ့စကားကို လက်မခံပါ။ ဇွတ်ကြီးပဲ သစ်ပင်ကိုခုတ်ပါတော့တယ်။

အဲဒီအခါ နတ်သမီးရဲ့ သားလေးရဲ့ လက်မောင်းကို ခုတ်မိပါတော့တယ်။ နတ်သမီးအား အခုလို အကြံဖြစ်ပါတော့တယ်။

ဒီရဟန်းကို သတ်ရရင် ကောင်းမှာပဲ-လို့ ကြံစည်မိပါတယ်။ ဒါပေမယ့် နတ်သမီးက သူ့ရဲ့ကြံစည်ချက်ကို သူ့ရဲ့ ဒေါသကို ချက်ချင်း ပြန်ထိန်းလိုက်နိုင်ပါတယ်။

ငါ ဒီရဟန်းကို သတ်ရင် မကောင်းပါဘူးလေ။ သူ့မှာ ဆရာရှိတယ်။ သူ့ရဲ့ ဆရာဖြစ်တဲ့ မြတ်စွာဘုရားကို သွားပြီး လျှောက်ထားမယ်-လို့ စဉ်းစားလိုက်ပါတယ်။

## အကျိုးအကြောင်း လျှောက်ထား

မြတ်စွာဘုရားထံသို့ သွားရောက်ကာ အကျိုးအကြောင်း လျှောက်ထားပြပါတယ်။ မြတ်စွာဘုရားက သာဓု သာဓု နတ်သမီး-လို့ သာဓုခေါ်လိုက်ပါတယ်။ သင် ဒီရဟန်းကို မသတ်တာ ကောင်းပါတယ်။ သင်နတ်သမီးဟာ ဒီနေ့ အဲဒီရဟန်းကို သတ်မိလိုက်ရင် သင်မှာ မကောင်းမှုတွေ တိုးပွားတော့မယ်။ အကုသိုလ်တွေ ဖြစ်တော့မယ်လို့ မိန့်တော်မူလိုက်ပါတယ်။

မြတ်စွာဘုရားက ဆက်လက်၍ နတ်သမီး သွားပါ။

အဘယ်အရပ် အဘယ်သစ်ပင်ဟာ မည်သူမှ မရှိတဲ့သစ်ပင်ပါ။ ပိုင်ရှင်မဲ့သစ်ပင်ပါ။ အဲဒီသစ်ပင်မှာ သွားနေပါလို့လည်း မိန့်တော်မူလိုက်ပါတယ်။

ဒီအကြောင်းကြားရတော့ အာဠဝီမြို့သား ရဟန်းတွေကို အခုလို ကဲ့ရဲ့ကြပါတယ်၊ "အဘယ်ကြောင့် သာကီဝင်မင်းသား မြတ်စွာဘုရားရဲ့ သားတော်ဖြစ်ကြတဲ့ ရဟန်း တွေက ကိုယ်တိုင် သစ်ပင်ကို ခုတ်ကြသလဲ"လို့ ကဲ့ရဲ့ကြပါတယ်၊ အပြစ်ပြောကြပါတယ်။

လူတွေက ကဲ့ရဲ့ကြတဲ့အခါ အပြစ်ပြောကြတဲ့အခါ အလိုနည်းပါး ရဟန်းတော်များကလည်း ဘာ့ကြောင့် အာဠဝီမြို့သား ရဟန်းတော်များက ကိုယ်တိုင် သစ်ပင်ကို ခုတ်ကြရသလဲ၊ သူတပါးကို ခုတ်ခိုင်းကြရသလဲ-လို့ ကဲ့ရဲ့ကြပါတယ်။ အပြစ်ပြောကြပါတယ်။ မြတ်စွာဘုရားကိုလည်း အကျိုးအကြောင်း လျှောက်ထားကြပါတယ်။

## ဝိနည်းဥပဒေတော်တစ်ရပ် သတ်မှတ်

မြတ်စွာဘုရားက ရဟန်းတော်တွေကို အစည်းအဝေး ခေါ်တော်မူပါတယ်။ အဲဒီအစည်းအဝေးမှာ မြတ်စွာဘုရားက မဂ်,ဖိုလ်မမီး အချိုးနီးဖြစ်တဲ့ ယောကျ်ားတို့ဟာ ဘာကြောင့်

သစ်ပင်ကို ကိုယ်တိုင်ခုတ်ရတာလဲ။ သူတပါးကို ခုတ်ခိုင်းကြရတာလဲ-လို့ အပြစ်တင်တော်မူပါတယ်။

မဂ်,ဖိုလ်မမှီး အချိုးနှီး ဖြစ်တဲ့ယောက်ျားတို့ ! လူတွေက သစ်ပင်မှာ အသက်ရှိတယ်လို့ ထင်ကြတယ်။ သစ်ပင်ကို ခုတ်တာက သာသနာတော်ကို မကြည်ညိုသေးသော သူတို့ကိုလည်း မကြည်ညိုစေတော့ပါ။ သာသနာတော်ကို ကြည်ညိုသူတို့ကိုလည်း အကြည်ညိုပျက်စေပါတယ်-လို့ မိန့်ကြားတော်မူပါတယ်။

"ဖြစ်ပြီး ကြီးပွားပြီး ရှင်သန်ပြီး ဖြစ်ဆဲ ကြီးပွားဆဲ ရှင်သန်ဆဲဖြစ်သော သစ်ပင်ကြီးငယ်ကို ခုတ်တဲ့အတွက်ကြောင့် ရဟန်းအား ပါစိတ်အာပါတ် သင့်စေ"လို့ ဝိနည်းဥပဒေတော်တစ်ရပ် သတ်မှတ်တော်မူလိုက်ပါတယ်။

အဲဒီ ဥပဒေတော်အရ ရဟန်းတွေကိုယ်တိုင် သစ်ပင်မခုတ်ရပါ။ သူတပါးအား မအပ်သောနည်းနဲ့ သစ်ပင်မခုတ်ခိုင်းရပါ။ သစ်ပင်ခုတ်ရင် ခုတ်ခိုင်းရင် ရဟန်းမှာ ပါစိတ်အာပတ်သင့်ရပါတော့တယ်။ ပြစ်ဒဏ်ထိုက်ပါတော့တယ်။

## သစ်ပင်ကို မြတ်နိုးတော်မူ

မြတ်စွာဘုရားက သစ်ပင်ကို မြတ်နိုးတော်မူပါတယ်။ မှန်ပါတယ်။ မြတ်စွာဘုရား ဖွားတော်မူတဲ့အခါမှာလည်း လုမ္ဗိနီ သာမော အင်ကြင်းတောမှာ သစ်ပင်အောက်မှာ ဖွားတော်မူ ပါတယ်။

ဘုရားဖြစ်တော်မူပြီးနောက် ၄၅-ဝါကာလပတ်လုံး ဝေနေယျ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး တော် မူပါတယ်။

အဲဒီ ၄၅-ဝါ အချိန်အခါတွေမှာလည်း သစ်ပင်ရင်း သစ်ပင်အောက်မှာ တောထဲမှာ နေတော်မူတဲ့အချိန်ကသာ များ ပါတယ်။ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာလည်း မလ္လာ မင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ထဲမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။

မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးနေတော်မူပါတယ်။ ညသန်းခေါင်ယံ အချိန်အခါ မှာ နတ်ဗြဟ္မာအပေါင်းတို့က မြတ်စွာဘုရားထံသို့ လာရောက် ဖူးမြော်ကြပါတယ်။ သိလိုတဲ့ အကြောင်းအရာများကို မေးမြန်း လျှောက်ထားပါတယ်။ မြတ်စွာဘုရားအား နတ်သားတစ်ယောက် က အခုလို လျှောက်ထားပါတယ်။

## နေ့ည ထာဝစဉ် ကုသိုလ်တွေ တိုးချင်ရင်

မြတ်စွာဘုရား ! အဘယ်သူတို့အား နေ့ရောညပါ အမြဲ ထာဝရ ကုသိုလ်ကောင်းမှုတွေ တိုးနေပါသလဲဘုရား။

အဘယ်သူတို့ဟာ တရား၌တည်ကာ စာရိတ္တသီလနဲ့ ပြည့်စုံကြလျက် နတ်ပြည်သို့ ရောက်ရပါသလဲဘုရား-ဟု အများ သူငါ မှတ်သားဖွယ်ရာ အမေးပုစ္ဆာကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားက အမေးပုစ္ဆာကို မေးလျှောက်လာသော နတ်သားအား အခုလို မိန့်ကြားတော်မူပါတယ်။

သိလိုရေးနဲ့ မေးလျှောက်လာတဲ့ အမောင်နတ်သား !

၁။ သစ်သီးခြံ ပန်းခြံ သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးသူ။

၂။ တစ်အုပ်တစ်မစတဲ့ သစ်တောစိုက်ပျိုးသူ။

၃။ တံတားဆောက်တည်သူ။

၄။ ရေချမ်းစဉ် ရေအိုးစဉ် လှူဒါန်းသူ။

၅။ ရေတွင်း ,ရေကန် လှူဒါန်းသူ။

၆။ ဇရပ် တန်ဆောင်ကျောင်း အဆောက်အအုံ လှူဒါန်းသူ။

အထက်ပါခြောက်မျိုးတို့တွင် တစ်မျိုးမျိုးကို စိုက်ပျိုးသူ လှူဒါန်းသူတို့အား နေ့ရောညပါ အမြဲထာဝရ ကုသိုလ်တွေ ဖြစ်နေပါတယ်၊ ကုသိုလ်တွေ တိုးနေပါတယ်။

## စာရိတ္တသီလနှင့် ပြည့်စုံချင်ရင်

အဲဒီ ခြောက်မျိုးတို့တွင် တစ်မျိုးမျိုးကို စိုက်ပျိုး၊ လှူဒါန်းသူတို့ဟာ တရား၌တည်တဲ့သူတွေ ဖြစ်ကြပါတော့တယ်။ စာရိတ္တသီလနဲ့ ပြည့်စုံတဲ့သူတွေ ဖြစ်ကြပါတော့တယ်။

တရား၌တည် တဲ့သူတွေ စာရိတ္တသီလနဲ့ ပြည့်စုံကြတဲ့သူတွေဟာ လူ့ဘဝ အသက်တမ်းကုန် ကံကုန်လို့ စွန့်ခွါသွားရတဲ့အခါ နတ်ပြည် ရောက်ရပါတယ်။ လားရာဂတိ မြဲကြပါတယ်-လို့ မိန့်တော်မူပါတယ်။

အိုစာရှုသူ ! စာရှုသူမှာ နေရောညပါ အမြဲထာဝရ ကုသိုလ်တွေ ဖြစ်နေစေချင်ပါတယ်၊ ကုသိုလ်တွေ တိုးနေစေချင်ပါတယ်ဆိုရင် သစ်ပင်စိုက်ပါ။ ကောင်းမှုတွေ ဖြစ်နေစေချင်ပါတယ်၊ ကောင်းမှုတွေ တိုးနေစေချင်ပါတယ်ဆိုရင် သစ်ပင်စိုက်ပါ။ တရား၌တည်တဲ့သူ ဖြစ်ချင်ပါတယ်၊ စာရိတ္တသီလနဲ့ ပြည့်စုံတဲ့သူ ဖြစ်ချင်ပါတယ်ဆိုရင်လည်း သစ်ပင်စိုက်ပါ။

သစ်ပင်စိုက်ပျိုးပါက စာရှုသူအား နေ့ညထာဝစဉ် အမြဲပင် ကုသိုလ်တွေ ဖြစ်နေပါမယ်။ ကုသိုလ်တွေ တိုးနေပါမယ်။ ကောင်းမှုတွေ ဖြစ်နေပါမယ်၊ ကောင်းမှုတွေ တိုးနေပါမယ်။ သစ်ပင်စိုက်တဲ့ စာရှုသူဟာ တရား၌တည်တဲ့သူ ဖြစ်ပါမယ်၊ စာရိတ္တသီလနှင့် ပြည့်စုံတဲ့သူ ဖြစ်ပါမယ်။

"စိုက်သမျှသစ်ပင် ရှင်သန်စေရမည်" ဆိုတဲ့အတိုင်း စိုက်ပျိုးပြီးတဲ့သစ်ပင်ကိုလဲ ထာဝစဉ်ရှင်သန်အောင် ရေလောင်းချိန် ရေလောင်းရပါမယ်။ ပေါင်းသင်ချိန် ပေါင်းသင်ရပါမယ်။ မြေဆွချိန် မြေဆွပေးရပါမယ်။ မြေတောင်မြှောက်ပေးချိန် မြေတောင်မြှောက်ပေးရပါမယ်။ ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးရပါမယ်။

**"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား"** ဆိုတဲ့အတိုင်း မိမိစိုက်ပျိုးလိုက်တဲ့သစ်ပင် ရှင်သန်လာတဲ့အခါ ကြီးထွားလာတဲ့ အခါမှာ ငှက်တစ်သောင်းမက နားခိုနိုင်ကြမှာ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်မှာ နေထိုင်ကြတဲ့ သက်ရှိသတ္တဝါတို့အား များစွာ များစွာသော အကျိုးကျေးဇူးများ ရရှိကြမှာဖြစ်ပါတယ်။

ကမ္ဘာမြေကို စိမ်းလန်းစေချင်တဲ့ သစ်ပင်ကိုချစ်ခင်မြတ်နိုးတဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဟာ မိုးရာ

သီ သစ်ပင်စိုက်ပျိုးပွဲတော်များ သစ်စေ့ကြဲပွဲတော် အခမ်းအနား များကို နှစ်စဉ်နှစ်တိုင်း တက်တက်ကြွကြွ ကျင်းပပြုလုပ်နေတာ ကို စာရေးသူ စာရှုသူပါ တွေ့နေရပါတယ်။

ဒါ့ကြောင့် ကမ္ဘာမြေကို စိမ်းလန်းစေချင်သူတိုင်း သစ် ပင်ကို ချစ်မြတ်နိုးသူတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီကဲ့သို့ သစ်ပင်ကို သစ်ပင်တွေကို စွမ်းနိုင်သမျှ စိုက်ပျိုး ပေးကြပါ။ စိုက်ပျိုးကြပါစို့လို့---

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
နှစ်ပတ်လည် အထူးထုတ်မဂ္ဂဇင်း၊ ၂၀၀၉၊

**ကျမ်းညွှန်း-**

ပါစိတ်ပါဠိတော်၊ ပါစိတျာဒိအဋ္ဌကထာ။
သံယုတ်ပါဠိတော်(ပထမ)၊ သံယုတ်အဋ္ဌကထာ(ပထမ)

## ပေါင်းသင့်-မပေါင်းသင့်
## ချင့်ချိန်ကာ ပေါင်းသင်းပါ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူသော အချိန်ကဖြစ်သည်။

မြတ်စွာဘုရားက ရဟန်းတော်များအား ပေါင်းသင်းဆက်ဆံရေး လူမှုဆက်ဆံရေးနှင့်စပ်၍ သေဝိတဗ္ဗသုတ္တန် တစ်ခုကို ရဟန်းတော်များအား ဟောတော်မူသည်။

သေဝိတဗ္ဗသုတ္တန်ကို ရှင်ရဟန်းတွေဖြစ်စေ လူဘောင် လူလောက လူ့ဘဝမှာနေကြသော လူတွေဖြစ်စေ မှတ်သားစရာ လက်တွေ့လိုက်နာစရာ ကျင့်သုံးစရာ အလွန်ကောင်းပါသည်။ မြတ်စွာဘုရားက ရဟန်းတော်များအား ရဟန်းတို့ ! လောကမှာ ပုဂ္ဂိုလ်သုံးမျိုး အထင်းအရှားရှိ၏။

ပုဂ္ဂိုလ်သုံးမျိုးဆိုသည်မှာ--

၁။ မပေါင်းသင့် မဆည်းကပ်သင့် မချဉ်းကပ်သင့်သော ပုဂ္ဂိုလ်၊

၂။ ပေါင်းသင်းသင့် ဆည်းကပ်သင့် ချဉ်းကပ်သင့်သော ပုဂ္ဂိုလ်၊

၃။ အရိုအသေ အလေးအမြတ်ပြုကာ မြတ်မြတ်နိုးနိုး တန်ဘိုးထားကာ ပေါင်းသင်းသင့် ဆည်းကပ်သင့် ချဉ်းကပ်သင့်သောပုဂ္ဂိုလ်၊

တို့ဖြစ်၏ဟု မိန့်တော်မူပါသည်။

**နံပါတ်တစ်- မပေါင်းသင်းသင့် မဆည်းကပ်သင့် မချဉ်းကပ်သင့်သော ပုဂ္ဂိုလ်ဆိုသည်မှာ-**

ဤလောကဌ် အချို့သောပုဂ္ဂိုလ်သည် မိမိအောက် ကိုယ်ကျင့်သီလ ယုတ်နိမ့်အောက်ကျသည်။ မိမိကသာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည်၊ ကိုယ်ကျင့်တရားကောင်းပါသည်။ မိမိပေါင်းသင်းဆက်ဆံမည့်သူသည် ကိုယ်ကျင့်သီလနှင့် မပြည့်ပါ။ ကိုယ်ကျင့်တရား မကောင်းပါ။ သူတစ်ပါး အသက်ကို သက်နေသူဖြစ်သည်။ လက်မှာ အမြဲသွေးစွန်းနေသူသာ ဖြစ်သည်။

ပိုင်ရှင်မပေးသော သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို ခိုးယူ တိုက်ဖျက် လုယက်နေသူ ဖြစ်သည်။

ကာမမှားတို့၌ လိုက်စားလွန်ကျူးနေသူ သူတစ်ပါးတို့၏ ဇနီးမယား သမီးသားတို့ကို စော်ကားဖျက်ဆီးနေသူ အပျော်အပါး လိုက်စားနေသူ ဖြစ်သည်။

သူတစ်ပါးတို့၏အကျိုးစီးပွား ပျက်စီးသွားအောင် လိမ်ညာ နေသူ လှည့်စားနေသူ လှည့်ပတ်နေသူ တစ်ပတ်ရိုက်နေသူ ရိုက်စားနေသူ ဖြစ်သည်။

အချောင်သမား အတ္တသမား ငါဘို့သမား ဖြစ်သည်။ သေရည်အရက် သောက်စားနေသူ မူးယစ်ဆေးဝါး သုံးစွဲနေသူ ဖြစ်သည်။ မယ်မယ်ရရ အလုပ်မရှိပဲ အလုပ် လုံးဝမလုပ်ပဲ သောက်စားပျော်ပါးနေသူ အချိန်တိုင်းမှာ တမူးတည်းမူးနေသူ ရူးနေသူ ဖြစ်သည်။

တစ်လုံး နှစ်လုံး သုံးလုံးစတဲ့ လောင်းကစားနည်းမျိုးစုံတို့ ကိုသာ လောင်းကစားနေသူဖြစ်သည်။

တင်ပြခဲ့ပြီးသော မိမိအောက် ကိုယ်ကျင့်သီလ ယုတ်နိမ့် အောက်ကျသောပုဂ္ဂိုလ်ကို လုံးဝ(လုံးဝ) မပေါင်းသင်းရပါ၊ မဆည်းကပ်ရပါ၊ မချဉ်းကပ်ရပါ။ ပေါင်းသင်းမိရင် ဆည်းကပ်

မိရင် ချဉ်းကပ်မိရင် မိမိပါ ဘဝမှာ,လောကမှာ ကိုယ့်ကျင့်သီလ ယုတ်နိမ့်သူ အောက်ကျသူ ဖြစ်သွားပါတော့မည်။

မိမိမှာ အရင်က ရှိနေသော ပြည့်စုံနေသော ကိုယ်ကျင့်တရားတွေပါ ပျက်သွားမည်မှာ မြေကြီးလက်ခတ် မလွဲပါ။

ချွင်းချက်အနေအားဖြင့် မိမိအောက် ကိုယ်ကျင့်သီလ ယုတ်နိမ့်အောက်ကျနေသူကို မကောင်းသော အမူအကျင့်တိုကို ရှောင်ကြဉ်အောင် သနားသည့်အနေနှင့် ပေါင်းမည်ဆိုလျှင်ကား ပေါင်းသင်းနိုင်ပါသည်။

မကောင်းသောစရိုက်တို့ကို ရှောင်ကြဉ်အောင် လက်တွဲခေါ်သည့်အနေနှင့် ဆည်းကပ်မည်ဆိုလျှင်ကား ဆည်းကပ်နိုင်ပါသည်။ သူ၏မကောင်းမှုတို့ကို ရှောင်ကြဉ်အောင် စည်းရုံးသည့်အနေနှင့် ချဉ်းကပ်မည်ဆိုလျှင်ကား ချဉ်းကပ်နိုင်ပါသည်။

သနားသည့်အနေ လက်တွဲခေါ်သည့်အနေ စည်းရုံးသည့်အနေမှတစ်ပါး အခြားအခြားအကြောင်းတို့ ကြောင့်ကား လုံးဝ (လုံးဝ) မပေါင်းသင်းရပါ၊ မဆည်းကပ်ပါ၊ မချဉ်းကပ်ရပါ။ ထိုအတူပင် ဤလောကထည်း၌ အချို့သောပုဂ္ဂိုလ်သည် မိမိအောက် တည်ကြည်မှုသမာဓိ ယုတ်နိမ့်အောက်ကျသည်။

လောကီရေးရာ ဆိုပါစို့။ စီးပွားရေး ကြီးပွားရေး လုပ်ရာ၌

ဖြစ်စေ လုပ်ငန်းခွင်၌ဖြစ်စေ ဌာနဆိုင်ရာ၌ဖြစ်စေ အလုပ်တစ်ခု လုပ်သောအခါ စိတ်ဝင်စားမှု မရှိပါ၊ တည်မြဲမှု မရှိပါ၊ တည်တန့်မှု မရှိပါ၊ စွဲစွဲမြဲမြဲ မရှိပါ။ ထင်ရာမြင်ရာကိုသာ လျှောက်လုပ်နေပါသည်။ စိတ်ဝင်စားမှုမရှိပဲ ရောတိရောရဲသာ လုပ်နေပါသည်။ တည်တည်ကြည်ကြည် မရှိပါ၊ သမာဓိ မရှိပါ။

ယင်းကဲ့သို့ မိမိအောက် တည်ကြည်မှုသမာဓိ ယုတ်နိမ့်အောက်ကျသောပုဂ္ဂိုလ်ကို သနားသည့်အနေ လက်တွဲခေါ်သည့်အနေ စည်းရုံးသည့်အနေမှတပါး အခြားခြား အကြောင်းတို့ကြောင့်ကား လုံးဝ(လုံးဝ) မပေါင်းသင်းရပါ၊ မဆည်းကပ်ရပါ၊ မချဉ်းကပ်ရပါ။

ဤလောကထဲမှာ အချို့သောပုဂ္ဂိုလ်သည် မိမိအောက် လောကီ,လောကုတ္တရာအသိဉာဏ်ပညာ ယုတ်နိမ့်အောက်ကျသည်။ မူလတန်း အလယ်တန်း အထက်တန်းပညာ၌ဖြစ်စေ တက္ကသိုလ်ပညာ၌ဖြစ်စေ အသက်မွေးဝမ်းကြောင်း ပညာရပ်အသီးသီး၌ဖြစ်စေ လက်မှုပညာ သိပ္ပံပညာရပ်၌ဖြစ်စေ လောကုတ္တရာ ပညာအမျိုးမျိုး၌ဖြစ်စေ မိမိက သာလွန်သည်။ အထက်တန်းကျသည်။ မိမိပေါင်းသင်းမည့်သူ ဆက်ဆံမည့်သူက ဆိုခဲ့ပြီးသော ပညာရပ်အမျိုးမျိုးတို့၌ မိမိအောက် ယုတ်နိမ့်အောက်ကျသည်။

ငှင်းပုဂ္ဂိုလ်ကို သနားသည့်အနေ လက်တွဲခေါ်သည့်အနေ စည်းရုံးသည့်အနေမှတစ်ပါး အခြားခြားအကြောင်းတို့ဖြင့်ကား လုံးဝ(လုံးဝ) မပေါင်းသင်းရပါ၊ မဆည်းကပ်ရပါ မချဉ်းကပ်ရပါ။

သို့ဖြစ်ရာ မိမိအောက် ကိုယ်ကျင့်သီလ, တည်ကြည်မှု သမာဓိ, အသိ,ဉာဏ်,ပညာ ယုတ်နိမ့်အောက်ကျသူအား မပေါင်းသင်းရပါ။ မဆည်းကပ်ရပါ။ မချဉ်းကပ်ရပါ။

ပေါင်းသင်းဆက်ဆံပါလျှင် မိမိမှာ ရှိနေသော ကိုယ်ကျင့်သီလ, တည်ကြည်မှု သမာဓိ, အသိ,ဉာဏ်,ပညာတို့ပါ လုံးပါးပါးသွား ပါလိမ့်ပါမည်။ မိမိပါ ယုတ်နိမ့်အောက်ကျသူ ဖြစ်သွားပါလိမ့်မည်။

**နံပါတ်နှစ်- ပေါင်းသင်းသင့် ဆည်းကပ်သင့် ချဉ်းကပ်သင့်သော ပုဂ္ဂိုလ်ဆိုသည်မှာ--**

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိနှင့် ကိုယ်ကျင့်သီလအနေနှင့်ဖြစ်စေ, တည်ကြည်မှု သမာဓိ အနေနှင့်ဖြစ်စေ, လောကီ,လောကုတ္တရာ အသိ,ဉာဏ်,ပညာအနေနှင့်ဖြစ်စေ တန်းတူရည်တူ ဖြစ်ပါသည်။ အဆင့်အတန်း တူညီပါသည်။ ယင်းကဲ့သို့ မိမိနှင့် အဆင့်အတန်းတူညီသောပုဂ္ဂိုလ်ကိုသာ ပေါင်းသင်း ဆက်ဆံရပါမည်။

အကြောင်းမှာ မိမိနှင့် ကိုယ်ကျင့်သီလ တူညီကြသော သူတော်ကောင်းဖြစ်ကြသော လိမ္မာကြသောပုဂ္ဂိုလ်တို့အား ကိုယ်ကျင့်သီလနှင့်စပ်သောစကား အကျင့်စာရိတ္တနှင့်စပ်သော အကြောင်းအရာတို့ကို ဆွေးနွေးဖြစ်ပါလိမ့်မည်။ ပြောဆိုဖြစ်ပါလိမ့်မည်။

သို့ကလို ကိုယ်ကျင့်သီလနှင့်စပ်သောစကား အကျင့်စာရိတ္တနှင့်စပ်သော အကြောင်းအရာတို့ကို ဆွေးနွေးပြောဆိုနေကြသော သူငယ်ချင်းနှစ်ဦးတို့အား ခုရောနောင်ပါ အကျိုးစီးပွါးဖြစ်ထွန်းပါလိမ့်မည်။ မျက်မှောက်၊သံသရာ နှစ်ဖြာသောဘဝမှာ ချမ်းသာကြောင်းစင်စစ် အမှန်ပင်ဖြစ်ပါလိမ့်မည်။

ထို့အတူပင် မိမိနှင့် တည်ကြည်မှု သမာဓိ၊ လောကီလောကုတ္တရာ အသိ၊ဉာဏ်၊ပညာတူညီကြသော သူတော်ကောင်းဖြစ်ကြသော လိမ္မာကြသောပုဂ္ဂိုလ်တို့အား တည်ကြည်မှု သမာဓိနှင့် စပ်သော စကား၊ လောကီ၊လောကုတ္တရာ အသိ၊ဉာဏ်၊ပညာနှင့်စပ်သောစကားတို့ကို ဆွေးနွေးဖြစ်ပါလိမ့်မည်။ ပြောဆိုဖြစ်ပါလိမ့်မည်။

သို့ကလို တည်ကြည်မှု သမာဓိနှင့်စပ်သောစကား၊ လောကီလောကုတ္တရာ အသိ၊ဉာဏ်၊ပညာနှင့်စပ်သောစကားတို့ကို

ဆွေးနွေးပြောဆိုနေကြသော သူငယ်ချင်းနှစ်ဦးအား ခုရောနောင်ပါ အကျိုးစီးပွါး ဖြစ်ထွန်းပါလိမ့်မည်။ မျက်မှောက်သံသရာ နှစ်ဖြာသောဘဝမှာ ချမ်းသာကြောင်းစင်စစ် အမှန်ပင်ဖြစ်ပါလိမ့်မည်။

**နံပါတ်သုံး- အရှိအသေ အလေးအမြတ်ပြုကာ မြတ်မြတ် နိုးနိုး တန်ဘိုးထားကာ ပေါင်းသင်းသင့် ဆည်းကပ်သင့် ချဉ်းကပ်သင့်သော ပုဂ္ဂိုလ်ဆိုသည်မှာ--**

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိထက် ကိုယ်ကျင့်သီလအနေနှင့်ဖြစ်စေ, တည်ကြည်မှု သမာဓိ အနေနှင့် ဖြစ်စေ, လောကီလောကုတ္တရာ အသိ,ဉာဏ်,ပညာအနေနှင့် ဖြစ်စေ သာလွန်သည်။ မြင့်မြတ်သည်။ ပါဝါရှိသည်။

မိမိထက်သာလွန်သော မြင့်မြတ်သော ပါဝါရှိသော ပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံရပါမည်။ မှီဝဲဆည်းကပ်ရပါမည်။ အနေနီးစပ်ရပါမည်။

အကြောင်းမှာ မိမိထက် သီလ သမာဓိ ပညာ သာလွန်သော မြင့်မြတ်သော ပါဝါရှိသောပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံသည့်အတွက်ကြောင့် မိမိမှာ မပြည့်စုံသေးသော လိုအပ်နေသေးသော ကိုယ်ကျင့်သီလတို့ကို ဖြည့်ဆည်းနိုင်ပါမည်။ ဟာနေသော ကွက်လပ်ဖြစ်နေသော အကျင့်စာရိတ္တတို့လည်း ဖြည့်ကျင့်နိုင်မှာ

ဆည်းပူးနိုင်မှာ ဖြစ်ပါသည်။

ထို့အတူပင် မိမိမှာ မပြည့်စုံသေးသော လိုအပ်နေသေးသော တည်ကြည်မှု သမာဓိနှင့် လောကီ,လောကုတ္တရာ အသိ,ဉာဏ်,ပညာတို့ကို ဖြည့်ဆည်းနိုင်ပါမည်။ ဟာနေသော ကွက်လပ်ဖြစ်နေသော အကျင့်စာရိတ္တတို့ကိုလည်း ဖြည့်ကျင့်နိုင်မှာ ဆည်းပူးနိုင်မှာ ဖြစ်ပါသည်။

ပြည့်စုံနေသော ကိုယ်ကျင့်သီလ၊ တည်ကြည်မှု သမာဓိ၊ လောကီ,လောကုတ္တရာ အသိ,ဉာဏ်,ပညာတို့ကိုလည်း ပြည့်စုံသည်ထက် ပြည့်စုံရလေအောင် ဖြည့်ကျင့်နိုင်မှာ ဆည်းပူးနိုင်မှာ ဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက်ကြောင့် မိမိထက် ကိုယ်ကျင့်သီလ၊ တည်ကြည်မှု သမာဓိ၊ လောကီ,လောကုတ္တရာ အသိ,ဉာဏ်, ပညာမှာ သာလွန်သော မြင့်မြတ်သော ပါဝါရှိသောပုဂ္ဂိုလ်ကို အရိုအသေ အလေးအမြတ်ပြုကာ မြတ်မြတ်နိုးနိုး တန်ဘိုးထားကာ ပေါင်းသင်းဆက်ဆံရပါမည်။ မှီဝဲဆည်းကပ်ရပါမည်။ အနေနီးစပ်ချဉ်းကပ်ရမှာ ဖြစ်ပါသည်။

မြတ်စွာဘုရားက နောက်ဆုံးသတိပေးသည့်အနေ နိဂုံးချုပ်သည့်အနေဖြင့် ဂါထာတစ်ပုဒ်ကို အခုလို မိန့်ကြားတော်မူပါသည်။ ၎င်းဂါထာ၏ မြန်မာလိုအဓိပ္ပါယ်မှာ---

မိမိအောက် ကိုယ်ကျင့်သီလ၊ တည်ကြည်မှု သမာဓိ၊ လောကီ,လောကုတ္တရာ အသိ,ဉာဏ်,ပညာ ယုတ်နိမ့်အောက်ကျသူကို ပေါင်းသင်းဆက်ဆံသောပုဂ္ဂိုလ်သည် ယုတ်နိမ့်အောက်တန်းကျသူသာ ဖြစ်ရ၏။

မိမိနှင့် အဆင့်တူသူ တန်းတူပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံသောပုဂ္ဂိုလ်ကား မဆုတ်ယုတ်နိုင်ပါ။ မယုတ် မနိမ့်အောက်တန်းမကျနိုင်ပါ။

မိမိထက် သီလ သမာဓိ ပညာသာလွန်သောပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံသောပုဂ္ဂိုလ်ကား လျင်မြန်စွာ သီလ သမာဓိ ပညာ တိုးတက်၏။

ထိုဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် မိမိထက် သီလ သမာဓိ ပညာ သာလွန်သောပုဂ္ဂိုလ်ကိုသာ ပေါင်းသင်းဆက်ဆံပါ။

သို့ဖြစ်ရာ မိမိမှာ ကိုယ်ကျင့်သီလ တည်ကြည်မှု သမာဓိ၊ လောကီ,လောကုတ္တရာ အသိ,ဉာဏ်,ပညာ လျှင်မြန်စွာ တိုးတက်လိုသူတိုင်း မိမိထက် သီလ သမာဓိ ပညာ သာလွန်သော ပါဝါရှိသော ပုဂ္ဂိုလ်ကိုသာ ပေါင်သင်းဆက်ဆံပါ။ မှီဝဲဆည်းကပ်ပါ။ အနေနီးစပ် ချဉ်းကပ်ပါလို့---

ကျမ်းညွှန်း-

အင်္ဂုတ္တိုရ်ပါဠိတော်(ပထမ)

တစ်ချိန်သောအခါဝယ် ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့်အတူ ပူးပေါင်း၍ မြတ်စွာဘုရားရှင်ကို သတ်မည်-ဟု ကြံစည်သည်။

ရှေးယခင်ကပင် ရှင်ဒေဝဒတ်သည် အဇာတသတ်အား ခမည်းတော် ဗိမ္ဗိသာရဘုရင်မင်းမြတ်ကိုသတ်၍ ရှင်ဘုရင်လုပ်ဖို့ တိုက်တွန်းသည်။ သူက မြတ်စွာဘုရားကိုသတ်၍ ဘုရားလုပ်မည့်အကြောင်း ပြောပြထားသည်။

အဇာတသတ်သည် ခမည်းတော် ဗိမ္ဗိသာရဘုရင်မင်းမြတ်ကို သတ်၍ ရှင်ဘုရင်ဖြစ်နေလေပြီ။

မြတ်ဗုဒ္ဓသည် ဂိဇ္ဈကုတ်တောင်ချေ၌ မျှတစွာ လှည့်လည်စင်္ကြံ သီတင်းသုံးတော်မူနေသည်။ ထိုအချိန်၌ ရှင်ဒေဝဒတ်သည် ဂိဇ္ဈကုတ်တောင်ပေါ်မှ မြတ်စွာဘုရားပေါ်သို့ ကျောက်တုံးကြီးကို လိမ့်ချသည်။

မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်ကြောင့် ထိုကျောက်တုံးကြီးကို တောင်ထွတ်နှစ်ခုတို့က ခံသောအခါ ကွဲ၍ ကျောက်ချပ်လွှာကလေးက မြတ်စွာဘုရား၏ ခြေတော်ကို ခိုက်မိသည်။ သွေးစိမ်းရှင်ရှင် ထွက်သည်။ ပြင်းထန်သောဝေဒနာ ဖြစ်ပေါ်သည်။ ရဟန်းတော်တို့သည် မြတ်စွာဘုရားကို ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ ပင့်ဆောင်သွားကြပါသည်။

## သမားတော်ဇီဝက

ဇီဝကသည် ထိုအကြောင်းကိုကြား၍ မြတ်ဗုဒ္ဓရှိရာ သရက်ဥယျာဉ်ကျောင်းသို့ သွားသည်။ မြတ်စွာဘုရား၏ အနာကို ခွဲစိတ်၍ အစွမ်းထက်သော အကောင်းဆုံးသော အပြင်းဆုံးသော ဆေးကို လိမ်းပေးသည်။ ပတ်တီးစည်းပြီး၍

"မြတ်စွာဘုရား ! တပည့်တော်သည် မြို့တွင်း၌ လူနာ တစ်ယောက်အား ဆေးပေးပြီး ပြန်လာပါမည်။ ဤဆေးကို

တပည့်တော် ပြန်လာချိန်အထိ စည်းထားပေးပါဘုရား''ဟု လျှောက်ထားသွားသည်။

သမားတော်ဇီဝကသည် မြို့တွင်းက လူနာအား ဆေးကုသပြီး၍ ပြန်အလာ မြို့တံခါးပိတ်သွား၍ မြတ်စွာဘုရားထံတော်သို့ သွားခွင့် မရတော့ပေ။

သမားတော်ဇီဝကအား ''ငါ ဝန်လေးသောဖွယ်အမှုကို ပြုမိပြီ။ မြတ်စွာဘုရား၏ ခြေတော်၌ အစွမ်းထက်သော အပြင်းဆုံးသောဆေးကို လိမ်း၍ ပတ်တီးစည်းခဲ့ပြီ။ ယခု ဖြေချိန်ရောက်ပြီ။ ပတ်တီးမဖြေလျှင် တစ်ညလုံး မြတ်စွာဘုရား၏တစ်ကိုယ်လုံး ပူလောင်နေတော့မည်''ဟု ကြံစည်မိသည်၊ စိတ်ပူနေမိသည်။

## ငြိမ်းခဲ့ပြီ ငြိမ်းခဲ့ပြီ

ထိုခဏဝယ် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား

''အာနန္ဒာ ! ဇီဝကသည် ညနေချမ်းအခါ ကျောင်းသို့ လာသော် တံခါးပိတ်ချိန် မမီလိုက်ပါ။ ယခု ပတ်တီးဖြေချိန်လို့ ကြံစည်နေ၏၊ ပတ်တီးဖြေပါ''ဟု မိန့်ကြားတော်မူသည်။

အရှင်အာနန္ဒာက ပတ်တီးဖြေပေးသည်။ အနာသည် သစ်ပင်အပွေးတက်သကဲ့သို့ အသားနုတက်နေသည်။ သမား

တော်ကြီးဇီဝကသည် အရုဏ်မတက်ခင် မြတ်စွာဘုရားအထံသို့ အပြေးအလွှားလာ၍ ""မြတ်စွာဘုရား ! အရှင်ဘုရား၏ ကိုယ်တော်မှာ ပူလောင်ပါသလားဘုရား"" ဟု မေးမြန်း လျှောက်ထားသည်။

မြတ်စွာဘုရားက ""ဇီဝက ! မြတ်စွာဘုရားအား သဗ္ဗညုဘုရားစင်စစ်ဖြစ်တော်မူရာ ဗောဓိမဏ္ဍိုင်၌ပင် ပူလောင်မှု အားလုံး ငြိမ်းခဲ့ပြီ"" ဟု မိန့်ကြားတော်မူသည်။

**ဂတဒ္ဓိနော ဝိသောကဿ ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။**
**သဗ္ဗဂန္ထပဟီနဿ ၊ ပရိဠာဟော န ဝိဇ္ဇတိ။**

သံသရာရှည်လျား ခရီးသွားပြီးသော, စိုးရိမ်ပူဆွေးခြင်း ကင်းပြီးသော, ခန္ဓာစသောတရားအားလုံးတို့မှ လွတ်မြောက်ပြီး သော, ဂန္ထတရားအားလုံးကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပူလောင်ခြင်း အလျှင်းမရှိတော့ပါ-ဟု ဆက်လက်ကာ မိန့်ကြား တော်မူပါသည်။

## သံသရာခရီးသွား

ခရီးကို သွားသောသူအား အပျော်အပါးခရီးသွားခြင်း၊ အပန်းဖြေခရီးသွားခြင်း၊ အလုပ်သဘောအရ ခရီးသွားခြင်း၊ ပြည်ပ

ဈေးဝယ်သွားခြင်း၊ ဘုရားဖူးသွားခြင်း၊ ကန္တာရခရီးသွားခြင်း၊ သံသရာခရီးသွားခြင်းဟု အမျိုးမျိုးရှိသည်။

ခရီးကိုသွားနေသောသူ ကန္တာရခရီးခဲကို သွားနေသောသူသည် အလိုရှိသောနေရာ သွားလိုသောနေရာသို့ မရောက်သေးသမျှကာလပတ်လုံး ခရီးသွားဆဲသာဖြစ်သည်။ ခရီးသွားခြင်းကိစ္စ မပြီးဆုံးသေးပါ။

အလိုရှိသောနေရာ သွားလိုရောက်လိုသောနေရာသို့ ရောက်လျှင် ခရီးသွားပြီးသူ ခရီးသွားခြင်းပြီးဆုံးသူ ဖြစ်တော့သည်။

ဆိုခဲ့ပြီးသောဥပမာအတိုင်းပင် ဝဋ်ဆင်းရဲ၌ မှီတင်းနေထိုင်ကြသော သံသရာခရီးသွားနေကြသော သတ္တဝါတို့သည် ဝဋ်ဆင်းရဲ၌ နေနေသမျှကာလပတ်လုံး သံသရာဝဋ်ဆင်းရဲမှ မလွတ်သေးသမျှကာလပတ်လုံး သံသရာခရီးသွားဆဲဖြစ်သည်။

သောတာပန် သကဒါဂါမ် အနာဂါမ်အရိယာပုဂ္ဂိုလ်တို့သည်လည်း သံသရာ ခရီးသွားဆဲပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။ သံသရာခရီးသွာခြင်းကိစ္စ မပြီးဆုံးသေးပါ။

အကြောင်းမှာ- သံသရာဝဋ်ဆင်းရဲ မကုန်သေးသောကြောင့်ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲကို ကုန်းခမ်းစေသော

ကုန်ခမ်းပြီးသော အာသဝေါကင်းကွာ ရဟန္တာအရိယာ အရှင်မြတ်တို့သည်သာ သံသရာခရီးသွားပြီးသူများသာ ဖြစ်ကြသည်။

ဆိုခဲ့ပြီးသော သံသရာခရီး သွားပြီးသူများဖြစ်ကြသော ရဟန္တာအရှင်မြတ်တို့အား ပူလောင်းခြင်း မရှိတော့ပါ။ စိုးရိမ်ပူဆွေးခြင်း မရှိတော့ပါ။

## သောကနှင့်သံသရာ

စိုးရိမ်ပူဆွေးခြင်းသောကသည် ဝဋ်၏အရင်းမူလ ပဓာနဖြစ်သည်။ အရာရာကိုတွေးကာ စိုးရိမ်ပူပန် နေသောသူအား စိတ်၏ပူလောင်ခြင်း ကိုယ်၏ပူလောင်ခြင်းဖြစ်မည်မှာ မြေကြီးလက်ခက်မလွဲပါ။

စိုးရိမ်ပူပန်ခြင်း မရှိသောသူအား စိုးရိမ်ပူပန်မှု လုံးဝမရှိသော ရဟန္တာအရိယာအရှင်မြတ်တို့အား စိတ်၏ပူလောင်ခြင်း မရှိတော့ပါ။

ထို့အတူပင် အလုံးစုံသော ခန္ဓာ အာယတန ဓာတ် အစရှိသော တရားတို့မှ လွတ်မြောက်ပြီးသော ရဟန္တာအရိယာ အရှင်မြတ်တို့အား စိတ်၏ပူလောင်ခြင်း မရှိတော့ပါ။

သံသရာ သံသရာ-ဟု ပြောဆိုနေကြရာ အဘယ်ကို

သံသရာ-ဟု ခေါ်ပါသလဲဟု မေးရန် ရှိလာသည်။

သံသရာဆိုသည်မှာ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့၏ အဆက်မပြတ် လည်ပတ်၍ လည်ပတ်၍ ဖြစ်နေခြင်းကို သံသရာ-ဟု ခေါ်ရပါသည်။

ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို အကျဉ်းချုပ်လိုက်လျှင် ရုပ်နှင့်နာမ်ဖြစ်သည်။

သံသရာ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားကား နိဗ္ဗာန်ဖြစ်သည်။

ယင်းနိဗ္ဗာန်ကို ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ချုပ်ငြိမ်းရာ-ဟု ဆိုရသည်။ သို့ဖြစ်၍ ခန္ဓာ အာယတန ဓာတ်အစရှိသော ရုပ်နာမ်ဓမ္မသင်္ခါရတို့မှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်၏ပူလောင်ခြင်း အလျှင်းမရှိတော့ပါပေ။

## ပူလောင်ခြင်း အလျှင်းမရှိ

ရဟန္တာအရှင်မြတ်တို့အား အအေးအပူအစရှိသော ရာသီဥတုကြောင့် ကိုယ်၏ပူလောင်ခြင်း ချမ်းအေးခြင်းကား မငြိမ်းသေးပါ။

ဆိုခဲ့ပြီးသော ကိုယ်၏ပူလောင်ခြင်းကို ရည်ရွယ်၍ သမား

တော်ဇီဝကသည် ''ညက မြတ်စွာဘုရားအား ပူလောင်ပါသလား ဘုရား''ဟု လျှောက်ထားခြင်းဖြစ်သည်။။

သို့သော် မြတ်စွာဘုရားသည် တရားမင်းဖြစ်တော်မူသော ကြောင့် ဒေသနာအစီအရင်၌ ကျွမ်းကျင်လိမ္မာတော်မူသောကြောင့် စိတ်၌ဖြစ်သော ပူလောင်ခြင်းမရှိသည်ကို ရည်ရွယ်တော်မူ၍ ဘုရားဖြစ်တော်မူရာ ဗောဓိမဏ္ဍိုင်၌ပင် ပူလောင်ခြင်း အားလုံး ငြိမ်းခဲ့ပြီ-ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။

သမားတော်ဇီဝက ! ပရမတ္ထသဘာဝအားဖြင့် ရဟန္တာ ပုဂ္ဂိုလ်အား ပူလောင်ခြင်း အလျှင်းမရှိ-ဟု ဒေသနာတော်နိဂုံး အဆုံးသတ်တော်မူသည်။

## အတုယူစရာ မလ္လိကာ

မလ္လိကာသည် အရှင်သာရိပုတ္တရာ အရှင်မဟာ မောဂ္ဂလာန်အမှူးရှိသော ရဟန်းတော်ငါးရာတို့အား ဆွမ်းစား ပင့်ထားသည်။

ယင်းနေ့ မနက်စောစော၌ မိမိ၏ အရှင်သခင်ဗန္ဓုလ စစ်သူကြီးနှင့် သား ၃၂-ယောက်တို့ လုပ်ကြံခံရကြောင်း အကြောင်းကြားစာ ရသည်။ မလ္လိကာသည် ထိုအကြောင်း သိရ

သော် မည်သူ့ကိုမျှ မပြောပဲ စာကို ရင်ခွင်၌ သိမ်းထားသည်။ အခြေအနေမပျက် တည်ကြည်ငြိမ်သက်စွာပင် သံဃာတော်များအား ဆွမ်းဆက်ကပ်သည်။

မလ္လိကာ၏ အလုပ်အကျွေးမတို့သည် ထောပတ်အိုးကို မ,ယူလာစဉ် မထေရ်မြတ်၏ ရှေ့၌ ထောက်ပတ်အိုး ကျကွဲသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က **"ဘေဒနဓမ္မံ ဘိန္နံ၊ န စိန္တိတဗ္ဗံ"** မလ္လိကာ ကွဲမည့် ပျက်မည့်သဘောတရားသည် ကွဲတာပျက်တာပဲ၊ ဘာကိုမျှ မကြံစည်ပါနဲ့"ဟု မိန့်ကြားသည်။

ထိုအခါ မလ္လိကာသည် ရင်ခွင်ထည်းကစာကို အရှင်သာရိပုတ္တာအား ထုတ်ပြသည်။ အရှင်ဘုရား တပည့်တော်မအား သား ၃၂-ယောက်တို့နှင့်အတူ အဖေဦးခေါင်းကို ဖြတ်ခံရပြီ-ဟု စာပို့ကြပါ၏။ ထိုသတင်းစကား ကြားရပါသော်လည်း တပည့်တော်မ မကြံစည်ခဲ့ပါ။ မတုန်လှုပ်ခဲ့ပါ။ ထောပတ်အိုးလေး ကွဲတာနဲ့ အဘယ်မှာ တုန်လှုပ်မှာလဲဘုရား-ဟု ရိုးရိုးသားသား ပြန်လျှောက်ထားသည်။

## တရားအသိ ကိုယ်စီရှိသင့်

မလ္လိကာသည် ကလျာဏပုထုဇဉ်အဆင့်မျှသာ ရှိသေးသော်လည်း တရားအသိ ကိုယ်မှာရှိသောကြောင့် တရားဖြင့်ဖြေခြင်းကြောင့် သောက,ပရိဒေဝ မဖြစ်ပါ။ စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း မရှိပါ။ စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်းတို့မှ သက်သာရာရခြင်း ဖြစ်သည်။ ပုထုဇဉ်တို့သည်လည်း မလ္လိကာကဲ့သို့ တရားအသိ ကိုယ်မှာရှိလျှင် တရားနှင့်ဖြေနိုင်လျှင်

**ဉာတိဗျသန** - ဆွေးမျိုးတို့၏ပျက်စီးခြင်း၊

**ဘောဂဗျသန** - စည်းစိမ်ဥစ္စာ၏ပျက်စီးခြင်း၊

**ရောဂဗျသန** - အနာရောဂါဟူသောပျက်စီးခြင်း - အစရှိသော ပျက်စီးခြင်းအမျိုးမျိုးတို့နှင့် တွေ့ကြုံရသော် စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်းမရှိပဲ စိတ်၏ ပူလောင်ခြင်း ကိုယ်၏ ပူလောင်ခြင်းတို့မှ သက်သာရာ ရမည်ဖြစ်ပါသည်။

ထို့အတူ အသက်တစ်ရာ မနေရပေမဲ့ အမှုတစ်ရာ တွေ့ရသည့် လူလောက လူ့ဘဝ နေကြရသော သူတို့အား ယောကျ်ားအတွက်ပူရ မိန်းမအတွက်ပူရ သားအတွက်ပူရ သမီးအတွက်ပူရ စားဝတ်နေရေး အတွက်ပူရ အလုပ်အကိုင် အတွက်ပူရ စီးပွားရေးအတွက်ပူရ ကျန်းမာရေးစသော အရေး

ပေါင်းများစွာအတွက် ပူကြရသည်။ စိတ်သောက ရောက်ကြရသည်။ ဝမ်းနည်းပူဆွေးကြရသည်၊ ငိုကြွေးကြရသည်။

ထိုသူတို့သည် မလ္လိကာအား 'စံ'ပြု အတုယူရပါမည်။ သဗ္ဗေ သတ္တာ ကမ္မသကာ-ဟူသည်နှင့်အညီ 'သူထိုက်နဲ့ သူ့ကံပဲ' လို့ သဘောထားနိုင်ရပါမည်၊ ဥပေက္ခာပြုနိုင်ရပါမည်။

သို့ဖြစ်ပါ၍ စာရေးသူနှင့် စာရှုသူတို့သည် စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်းမရှိပဲ စိတ်၏ပူလောင်ခြင်း၊ ကိုယ်၏ ပူလောင်ခြင်းတို့မှ သက်သာရာရအောင် တရားအသိ ကိုယ်စီရှိရပါမည်။ တရားနှင့် မိမိကိုယ်တိုင် ဖြေနိုင်ရပါမည်။ ယောနိသော မနသိကာရ- အသင့်အားဖြင့် နှလုံးသွင်းဆင်ခြင်နိုင်ရပါမည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါတင်ကာ ဆင်ခြင်ရှုမှတ် ပွားများထားရပါမည်။

သို့မှသာ မိမိတို့အား စိတ်၏ ပူလောင်ခြင်း ကိုယ်၏ ပူလောင်ခြင်းတို့မှ သက်သာရာ ရမည်ဖြစ်ပါသည်။

ကျမ်းညွှန်း-

ဓမ္မပဒအဋ္ဌကထာ(ပထမ)

## တစ်ယောက်က စ တစ်ရာ (၁)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က နိုင်ငံအများအပြား၌ ကူးစက်ဖြစ်ပွားနေသည့် **A(H'N')** တုပ်ကွေးရောဂါကို အမြင့်ဆုံးသော သတိပေးနိုးဆော်မှု အဆင့်-၆သို့ ဇွန် ၁၃-ရက်နေ့က တိုးမြင့် သတိပေးလိုက်သည်။

၂၀၀၉-ခုနှစ် ဧပြီလက မက္ကဆီကိုနိုင်ငံ၌ စတင်ဖြစ်ပွားသည့် **A(H'N')** တုပ်ကွေးရောဂါသည် ယခုအခါ ၁၃၅-နိုင်ငံသို့ ကူးစက်ပြီး ဇူလိုင် ၆-ရက်နေ့က ကြေညာချက် ထုတ်ပြန်ချိန်အထိ ရောဂါဖြစ်ပွားသူ ၉၄၅၁၂-ယောက်နှင့် သေဆုံးသူ ၄၂၉-ယောက် ရှိသည်ဟု ဒဗလျူအိတ်ချ်အိုက ကြေညာသည်။

သာမာန်တုပ်ကွေးရောဂါသည် ရောဂါပြင်းထန်မှု အားနည်းပြီး အသေအပျောက်နည်းသော်လည်း ယခုတစ်ကြိမ် ဖြစ်ပွားသော တုပ်ကွေးရောဂါသည် ၂၁-ရာစုနှစ်၏ ပထမဆုံးအကြိမ်ကပ်ရောဂါအဖြစ် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။

ပထမအကြိမ် ၁၉၁၈၊ ၁၉၁၉-ခုနှစ်က စပိန် တုပ်ကွေးရောဂါကြောင့် သေဆုံးသူ သန်းလေးဆယ်အထိ ရှိခဲ့သည်။

တစ်ဖန် ၁၉၅၇၊၁၉၅၈-ခုနှစ် ဒုတိယအကြိမ် အာရှတုပ်ကွေးကြောင့် သေဆုံးသူ လေးသန်းရှိပြီး ၁၉၆၈၊ ၁၉၆၉-ခုနှစ် ဟောင်ကောင်တုပ်ကွေးကြောင့် သေဆုံးသူ တစ်သန်းမှနှစ်သန်းအထိရှိခဲ့သည်ဟု ဆိုသည်။(အင်တာနက်)

၁၄-၆-၂၀၀၉၊ ၂၁-၇-၂၀၀၉-နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့၌ ဖတ်ရှုရသည့်အတိုင်း တုပ်ကွေးရောဂါသည် တစ်ဦးတစ်ယောက်၌ ဖြစ်ပွားသော် အခြားသော ရာ၊ထောင်၊သောင်း၊သိန်း၊သန်းအစရှိသော ပုဂ္ဂိုလ်အသီးသီးသို့ ကူးစက်ဖြစ်ပွားနိုင်သကဲ့သို့ ထိုနည်းတူစွာ ဥပမာအတိုင်းပင်

**ဧကော အလဇ္ဇီ အလဇ္ဇိသတမ္ပိ ကရောတိ-**

အလဇ္ဇီ (မကောင်းမှုပြုရမှာ မရှက်သူ၊ အပြစ်သင့်မှာမရှက်သူ၊ အာပတ်သင့်မှာ မရှက်သူ)တစ်ယောက်သည် အလဇ္ဇီ

(မကောင်းမှုပြုရမှာ မရှက်သူ၊ အပြစ်သင့်မှာ မရှက်သူ၊ အာပတ်သင့်မှာ မရှက်သူ)အယောက်တစ်ရာကို ပြု၏-ဟု ဗုဒ္ဓစာပေတို့၌ မိန့်ကြားထားသည်။

မြတ်ဗုဒ္ဓ၏သားတော် ရဟန်းတော်များအတွက် အာပတ်သင့်ခြင်း၏ အကြောင်းအမျိုးမျိုးတို့တွင် အလန္ဓိတာ- မကောင်းမှုပြုရမှာ မရှက်ခြင်း အရှက်မရှိခြင်းကြောင့် အာပတ်သင့်ပုံကို အစဆုံး အရင်ဆုံး ပြဆိုထားသည်ကို တွေ့ရပါသည်။

## အာပတ်သင့်ခြင်း၏ အကြောင်း(၆)ပါး

၁။ အရှက်မရှိခြင်း၊

၂။ ဝိနည်းပညတ်တော်ကို မသိခြင်း၊

၃။ ကုက္ကုစ္စနှိပ်စက်ခြင်း၊

၄။ မအပ်သောအရာ၌ အပ်၏-ဟု မှတ်ထင်ခြင်း၊

၅။ အပ်သောအရာ၌ မအပ်-ဟု မှတ်ထင်ခြင်း၊

၆။ သတိမေ့လျော့ခြင်း၊

ထို အာပတ်သင့်ခြင်း၏အကြောင်း(၆)ပါးတို့တွင် ရဟန်းတစ်ပါးသည် မြတ်ဗုဒ္ဓ၏ အာဏာတော်ဖြင့် အာဏာစက်ဖြင့် ပညတ်တော်မူထားသော ဝိနည်းသိက္ခာပုဒ် သီလတော်များကို

လွန်ကျူးရမှာ မရှက်ပါ။ ဖောက်ဖျက်ရမှာ မရှက်ပါ။ မကောင်းမှု ပြုရမှာ မရှက်ပါ။ အရှက်မရှိခြင်းကြောင့် မရှက်သည့်အတွက် ကြောင့် အာပတ်သင့်ရ၏၊

မိမိပြုနေသောအမှုသည် ဝိနည်းတော်အရ မအပ်စပ်မှန်း မသင့်လျော်မှန်းသိသည်။ သို့ပါလျက် မြတ်ဗုဒ္ဓ၏ ဝိနည်းပညတ်တော်ကို နင်းချေကာ ကျူးကျော်ကာ အရှက်မရှိ လွန်ကျူးတော့သည်၊ ဖောက်ဖျက်မိတော့သည်။ ဤပြဆိုခဲ့ပြီးသော စကားရပ်သည် အရှက်မရှိခြင်းကြောင့် အာပတ်သင့်ရပုံ ဖြစ်ပါသည်။

## အလဇ္ဇီ၏လက္ခဏာ

ဤနေရာ၌ အလဇ္ဇီ(မကောင်းမှုပြုရမှာ မရှက်သူ၊ အပြစ်သင့်မှာ မရှက်သူ၊ အာပတ်သင့်မှာ မရှက်သူ)၏ သဘောလက္ခဏာသုံးမျိုးကို သိသင့်သိထိုက်ပါသည်။ ၎င်းအလဇ္ဇီ၏ လက္ခဏာသုံးမျိုးမှာ-

၁။ စေတနာဖြင့် အာပတ်ကို(အပြစ်ကို) လွန်ကျူးခြင်း၊
၂။ သင့်ရောက်ပြီးသောအာပတ်ကို(အပြစ်ကို) လျှို့ဝှက်ခြင်း၊
၃။ အဂတိတရား လိုက်စားခြင်း-တို့ ဖြစ်ပါသည်။

ရဟန်းတစ်ပါးသည် ဝိနည်းပညတ်တော်ကို နားလည်ပါ

လျက် သိပါလျက် တမင်တကာ စေတနာပါပါဖြင့် အာပတ်ကို အပြစ်ကို ကျူးလွန်သည်။ ပြုလုပ်သည်။ မိမိမှာ သင့်ရောက်ထား သော အာပတ်ကို မိမိပြုလုပ်ထားသော အပြစ်ကို ဖုံးကွယ်ထား သည်။ လျှို့ဝှက်ထားသည်။

**ဆန္ဒာဂတိ--** ချစ်ခြင်းကြောင့် မပြုသင့်သောအမှုကို ပြုခြင်း၊

**ဒေါသာဂတိ-** မုန်းခြင်းကြောင့် မပြုသင့်သောအမှုကို ပြုခြင်း၊

**ဘယာဂတိ--** ကြောက်ခြင်းကြောင့် မပြုသင့်သောအမှုကို ပြုခြင်း၊

**မောဟာဂတိ-** မသိမိုက်မဲခြင်းကြောင့် မပြုသင့်သောအမှုကို ပြုခြင်း-ဟူသော အဂတိတရား လေးပါးကို

လိုက်စားသည်။ ထိုရဟန်းသည် အလဇ္ဇီပုဂ္ဂိုလ်စင်စစ် ဖြစ်ပါတော့ သည်။

## ဝိနည်းပညတ်တော်ကို မသိခြင်းကြောင့် အာပတ်သင့်ပုံ

ရဟန်းတစ်ပါးသည် မြတ်စွာဘုရား အမိန့်တော်မှတ်၍ ပညတ်တော်မူထားသော ဝိနည်းသိက္ခာပုဒ် သီလတော်များကို မလေ့လာလျှင် မလိုက်စားလျှင် သင်ယူမှုမပြုလျှင် ဆရာကောင်း

ထံ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ မှတ်သားဖွယ် ပြုကျင့်ဖွယ် ရှောင်ကြဉ်ဖွယ် လိုက်နာဖွယ်ရာ အဖြာဖြာတို့ကို နာယူမှတ်သားမှု လမ်းညွှန်မှု သွန်သင်ဆုံးမမှုကို မခံယူပါလျှင် ဝိနည်းသိက္ခာပုဒ် သီလတော်များကို သိမည် နားလည်မည် မဟုတ်ပါချေ။

ထိုသို့ ဝိနည်းသိက္ခာပုဒ်သီလတော်များ ပညတ်တော်များကို မသိသော နားမလည်သောပုဂ္ဂိုလ်သည် အလွန်မိုက်မဲတွေဝေသည့်အတွက်ကြောင့် ``ဤအမှုကို ပြုသင့်၏၊ ဤအမှုကို မပြုသင့်''ဟု ပြုသင့်သောအမှု မပြုသင့်သောအမှုတို့ကို မသိတော့ပါ။ မပြုသင့်သောအမှုကိုသာ ပြုမိသည်၊ လွန်ကျူးမိသည်။

ပြုသင့်သောအမှုကိုကား မပြုမိ၊ လွှဲချော်သွားစေတော့သည်။

ဤတင်ပြခဲ့ပြီးသောစကားရပ်သည် ဝိနည်းပညတ်တော်ကို မသိခြင်းကြောင့် အာပတ်သင့်ပုံဖြစ်ပါသည်။

## ကုက္ကုစ္စနှိပ်စက်ခြင်းကြောင့် အာပတ်သင့်ရပုံ

ရဟန်းတစ်ပါးသည် မိမိ၏စိတ်ထည်း၌ ဝိနည်း သိက္ခာပုဒ်နှင့်စပ်၍ အပ်စပ်၏/မအပ်စပ်-ဟု တိတိကျကျ မဝေဘန်

မဆုံးဖြတ်နိုင်ပဲ ဖြစ်နေသည်။ အပ်သည်/မအပ်သည်ကို အမှီပြု၍ သံသယ ကုက္ကုစ္စဖြစ်နေသည်။ ထိုအခါ ဝိနည်း၌ ကျွမ်းကျင်သော လိမ္မာသော နားလည်သော ဝိနည်းဓိုရ်ကို မေးမြန်း လျှောက် ထားရပါမည်။

ဝိနည်းဓိုရ်က အပ်၏ အပ်စပ်၏-ဟု အမိန့်ရှိလျှင် ပြုသင့် ပြုထိုက်သည်။ ဝိနည်းဓိုရ်က မအပ် မအပ်စပ်-ဟု အမိန့်ရှိလျှင် မပြုနှင့်ဟု အမိန့်ရှိလျှင် မပြုသင့် မပြုထိုက်ပါ။

ဤရဟန်းကား ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို မမေးမြန်း မလျှောက် ထားတော့ပါ။ မိမိကိုယ်တိုင် ''အပ်၏''ဟု တွေးဆကာ ဆုံးဖြတ် ချက်ချကာ ဝိနည်းသိက္ခာပုဒ်ကို နင်းခြေ ဖျက်ဆီးတော့သည်သာ၊ လွန်ကျူးတော့သည်သာ။

ဤတင်ပြခဲ့ပြီးသော စကားရပ်သည် ကုက္ကုစ္စနှိပ်စက်ခြင်း ကြောင့် အာပတ်သင့်ပုံ ဖြစ်ပါသည်။

## မအပ်သောအရာ၌ အပ်၏ဟု မှတ်ထင်ခြင်းကြောင့် အာပတ်သင့်ရောက်ပုံ

ရဟန်းတစ်ပါးသည် ဆွမ်းဘုဉ်းပေးရာဝယ် ရဟန်းတို့ မစားကောင်းသော အသားကြီးဆယ်မျိုးတို့တွင် ပါဝင်သော ဝံသား

ကို ဝက်သားဟုမှတ်ထင်၍ ဘုန်းပေး သုံးဆောင်သည်။ ကျားသစ်သားကို သမင်သား-ဟုမှတ်ထင်၍ ဘုန်းပေး သုံးဆောင်သည်။

မအပ်သော ဘောဇဉ်ခဲဖွယ်အသွယ်သွယ်ကို အပ်သော ဘောဇဉ်ခဲဖွယ်-ဟု မှတ်ထင်၍ ဘုန်းပေး သုံးဆောင်သည်။

နေလွဲသောအခါ မွန်းလွဲသောအခါ ရဟန်းတော်များ မစားသင့်ရာ အချိန်အခါ၌ စားသင့်သော အချိန်အခါ-ဟု မှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။ မအပ်သော အဖျော်ရည်ကို အပ်သော ဖျော်ရည်-ဟုမှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။

ဤတင်ပြခဲ့ပြီးသော စကားရပ်သည် မအပ်သောအရာ၌ အပ်၏-ဟု မှတ်ထင်ခြင်းကြောင့် အာပတ်သင့်ပုံ ဖြစ်ပါသည်။

## အပ်သောအရာ၌ မအပ်ဟု မှတ်ထင်ခြင်းကြောင့် အာပတ်သင့်ရောက်ရပုံ

ရဟန်းတစ်ပါးသည် ဆွမ်းဘုန်းပေးရာဝယ် ရဟန်းတော်များအား အပ်စပ်သော၊ ရဟန်းတော်များ ဘုန်းပေးကောင်းသော ဝက်သားကို ဝံသား-ဟု မှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။

အပ်စပ်သော ဘုန်းပေးကောင်းသော သမင်သားကို ကျားသစ်သား-ဟု မှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။ အပ်

စပ်သော ဘောဇဉ်ခဲဖွယ်အသွယ်သွယ်ကို မအပ်သော ဘောဇဉ် ခဲဖွယ်-ဟု မှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။

ရဟန်းတော်များ မစားသင့်ရာ နေလွဲသော အချိန်အခါ မွန်လွဲသောအချိန်အခါ၌ စားသင့်သော အချိန်အခါ-ဟု မှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။

ရဟန်းတော်များ အပ်စပ်သောဖျော်ရည်ကို မအပ်သော ဖျော်ရည်-ဟုမှတ်ထင်၍ ဘုန်းပေးသုံးဆောင်သည်။

ဤတင်ပြခဲ့ပြီးသောစကားရပ်သည် အပ်သောအရာ၌ မအပ်-ဟု မှတ်ထင်ခြင်းကြောင့် အာပတ်သင့်ပုံဖြစ်ပါသည်။

## သတိမေ့လျော့ခြင်းကြောင့် အာပတ် သင့်ရောက်ပုံ

ရဟန်းတစ်ပါးသည် လူ၊သာမဏေတို့နှင့်အတူ တစ်မိုး တစ်ရံတည်းသောကျောင်း၌ သုံးညထက်ပို၍ မအိပ်ရ-ဟူသော မြတ်ဗုဒ္ဓ၏ ဝိနည်းပညတ်တော်ကိုသိသည်။ သိပါသော်လည်း မေ့လျော့သွား၍ သုံးညထက်ပိုအောင် အိပ်မိခြင်း၊ တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော မတင်ဆောင်ရဟန်းသည် မေ့လျော့ သွား၍ တိစီဝရိတ်သက်နှင့် အရုဏ်တက်ချိန်၌ ကင်းကွာမိခြင်း၊ ထောပတ် ဆီဦး ဆီ ပျားရည် တင်လဲ့ည်းဟူသော ငါးမျိုးသော

ဆေးတို့ကို အကပ်ခံပြီး ခုနစ်ရက်ထက် ကျော်လွန်အောင် ထားမိခြင်း၊ မေ့လျော့၍ သင်္ကန်းထားရာကာလ ကျော်လွန်သွားခြင်းစသည်တို့ကြောင့် သင့်သောအာပတ်တို့သည် သတိမေ့လျော့ခြင်းကြောင့် အာပတ်သင့်ရပုံ ဖြစ်ပါသည်။

## အလဇ္ဇီ- အရှက်မရှိသူသာဖြစ်

ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယအုပ် ရူပိယသိက္ခာပုဒ်အဖွင့်၌လာသော လဇ္ဇီပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းကို ဆက်လက်ပြဆိုပါဦးမည်။

အလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်၏ ဆွမ်းဘောဇဉ် စသည်ကို ယူ၍ သုံးဆောင်ကောင်းသည်။ အာပတ်ဖြင့် မစောဒနာသင့်ပါ၊ မပြသင့်ပါ။

လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်နှင့်အတူ "ဤသူသည် အလဇ္ဇီပုဂ္ဂိုလ်ဟု မသိသေးသမျှကာလပတ်လုံး သုံးဆောင်ကောင်းပါသည်။

မှန်ပါသည်။ အဦးအစမှစ၍ အလဇ္ဇီမည်သည် မရှိပါပေ။။ ထို့ကြောင့် အလဇ္ဇီပုဂ္ဂိုလ်၏အဖြစ်ကို သိသောအခါ "သင်သည် ကာယဒွါရ ဝစီဒွါရတို့၌ မကောင်းသောအမှုကို

ပြုကြ၏။ မကောင်းသောအပြောအဆိုကို ပြောဆိုကြ၏၊ လွန်ကျူးမှုကို ပြုကြ၏။ ထိုသို့ လွန်ကျူးမှုကိုပြုခြင်းသည် မသင့်လျော်ပါ။ ဤသို့ မပြုကြပါနှင့်၊ မလွန်ကျူးကြပါနှင့်''ဟု ပြောဆို တားမြစ်ရမည်။

ပြောဆိုတားမြစ်ပါလျက် မရက ထိုအလဇ္ဇီပုဂ္ဂိုလ်နှင့်အတူ ဆွမ်းဘောဇဉ်စသည်ကို မသုံးဆောင်ကောင်းပါ။ ဆုံးမသော စကားကို မလိုက်နာပဲ မကောင်းသောအမှုကို ပြုမြဲတိုင်း ပြုနေသော အလဇ္ဇီပုဂ္ဂိုလ်နှင့်အတူ ဆွမ်းဘောဇဉ်စသည်ကို သုံးဆောင်မှုကိုပြုသော လဇ္ဇီပုဂ္ဂိုလ်သည်လည်း အလဇ္ဇီ-အရှက်မရှိသူသာ ဖြစ်ပါတော့သည်။

သာသနာ့ရောင်ခြည်

အတွဲ-၂၉၊ အမှတ်-၉၊

(၃-၉-၂၀၀၉)

**ကျမ်းညွှန်း-**

ကင်္ခါဝိတရဏီအဋ္ဌကထာ

ပါရာဇိကဏ်အဋ္ဌကထာ

## တစ်ယောက်က စ တစ်ရာ (၂)

**အလဇ္ဇီ နိဂ္ဂဟတ္ထာယ ဟိ လဇ္ဇီ ပဂ္ဂဟတ္ထာယ စ သိက္ခာပဒံ ပညတ္တံ၊ (ဝိ၊ ၄၊ ၂၊ ၁၇၆)**

မြတ်စွာဘုရားရှင်သည်

အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်းအကျိုးငှါလည်းကောင်း၊

လဇ္ဇီပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းအကျိုးငှါလည်းကောင်း၊

သိက္ခာပုဒ်တော်များကို ပညတ်တော်မူထားပါသည်။ ဝိနည်းဥပဒေတော်များကို ပညတ်တော်မူထားပါသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား သိက္ခာပုဒ်တော်များကို ပညတ်တော်မူရာ၌ ဆယ်ပါးသော အကျိုးထူးတို့ကို ရည်မျှော်တော်မူကာ ပညတ်တော်မူထားပါသည်။

## အကျိုးထူးဆယ်ပါး

ဆယ်ပါးသော အကျိုးထူးများမှာ--

၁။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံခြင်းအကျိုး၊

၂။ သံဃာတော်၏ ချမ်းသာခြင်းအကျိုး၊

၃။ သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်းအကျိုး၊

၄။ သီလကို ချစ်ခင်မြတ်နိုးသော ရဟန်းတို့၏ ချမ်းသာစွာ နေရခြင်းအကျိုး၊

၅။ မျက်မှောက်ဘဝ၌ဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်ခြင်းအကျိုး၊

၆။ တမလွန်ဘဝ၌ဖြစ်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ခြင်းအကျိုး၊

၇။ မကြည်ညိုကုန်သေးသောသူတို့ကို ကြည်ညိုစေခြင်းအကျိုး၊

၈။ ကြည်ညိုပြီးသူတို့၏ ပိုမို တိုးပွားများပြား ကြည်ညိုစေခြင်းအကျိုး၊

၉။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သဒ္ဓမ္မသုံးပါး၏ တည်ခြင်းအကျိုး၊

၁၀။ ဝိနည်းကို ချီးမြှောက်ခြင်းအကျိုး၊

တို့ဖြစ်ပါသည်။

ထိုဆယ်မျိုးတို့တွင် -

နံပါတ်သုံး သီလမရှိသောပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်းအကျိုးနှင့် အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်းအကျိုးသည်လည်းကောင်း။

နံပါတ်လေး သီလကိုချစ်ခင်မြတ်နိုးသော ရဟန်းတို့၏ ချမ်းသာစွာ နေရခြင်းအကျိုးနှင့် လဇ္ဇီပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းအကျိုးသည်လည်းကောင်း အတူတူပင် ဖြစ်ပါသည်။

တပည့်ဖြစ်သော အလဇ္ဇီရဟန်းနှင့်အတူ သုံးဆောင်မှုပြုသော ဆရာဖြစ်သော လဇ္ဇီရဟန်းကိုလည်း တပည့်ဖြစ်သော အလဇ္ဇီပုဂ္ဂိုလ်၏ ဆွမ်းစသောအာမိသကိုသုံးစွဲသော ဆရာဖြစ် သော လဇ္ဇီရဟန်းကိုလည်း အတူတကွ သုံးဆောင်မှုမပြုဖို့ ဆရာဖြစ်သော လဇ္ဇီရဟန်းကို တားမြစ်ရမည်။

တားမြစ်ပါလျှက် မလိုက်နာလျှင် အလဇ္ဇီနှင့်အတူ သုံးဆောင်မြဲတိုင်း သုံးဆောင်နေလျှင် ယင်းဆရာဖြစ်သော လဇ္ဇီရဟန်းသည်လည်း အလဇ္ဇီပင် ဖြစ်တော့သည်။

ထို့ကြောင့် **ဧကော အလဇ္ဇီ အလဇ္ဇီသတမ္ပိ ကရောတိ-** **အလဇ္ဇီပုဂ္ဂိုလ်တစ်ယောက်သည် အလဇ္ဇီပုဂ္ဂိုလ် အရောက်တစ်ရာ** ကို ပြု၏-ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုကြပါသည်။

အလဇ္ဇီရဟန်းသည် အလဇ္ဇီရဟန်းနှင့်သာ ဝိနည်းတော်

နှင့်အညီ တရားသဖြင့်ရလာသော ဆွမ်းစသည်ကို ဘုဉ်းပေးခြင်းစသော သုံးဆောင်မှုကိုပြုရာ၌ အာပတ်ဆိုသည်မှာ မရှိနိုင်တော့ပါ။

ကုလဒူသန- အမျိုးလေးပါး၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းစသောအမှုကြောင့် ရလာသောပစ္စည်းကို သုံးဆောင်မှုပြုလျှင် သုံးစွဲလျှင်ကား ဒုက္ကဋ်အာပတ် သင့်ပါမည်။

လဇ္ဇီရဟန်းသည် လဇ္ဇီရဟန်းတစ်ပါးနှင့် အတူတကွ ဆွမ်းစသည်ကို ဘုဉ်းပေးသုံးဆောင်ခြင်းစသော သုံးဆောင်မှုကို ပြုခြင်းသည်ကား ခတ္တိယဇာတ်ရှိသော မင်းသားနှစ်ပါးတို့၏ ရွှေခွက်၌ အတူနှိုက်၍ သုံးဆောင်သည်နှင့် တူပါသည်။ ရွှေဖလား၏အနားကို ပတ္တမြားဖြင့်ကွပ်သလို အလွန်ပင် ကျက်သရေ ရှိပါတော့သည်။

## ချီးမြှောက်ခြင်းနှစ်မျိုး

ချီးမြှောက်ခြင်းနှစ်မျိုးကို မှတ်သားသင့်ပါသည်။ ယင်းချီးမြှောက်ခြင်းနှစ်မျိုးကား--

လဇ္ဇီရဟန်း၏ ချီးမြှောက်ခြင်း၊

အလဇ္ဇီရဟန်း၏ ချီးမြှောက်ခြင်း-တို့ ဖြစ်သည်။

အလဇ္ဇီရဟန်းသည် လဇ္ဇီရဟန်းကို ချီးမြှောက်ခြင်းငှါ သင့်လျော်ပါ၏။ ထို လဇ္ဇီရဟန်းကို ချီးမြှောက်သော အလဇ္ဇီ

ရဟန်းကို အာပတ်ဖြင့် မဆုံးဖြတ်ထိုက်ပါ။ အာပတ်ဖြင့် မစောဒနာသင့်ပါ။ မထေရ်ကြီးဖြစ်သော လဇ္ဇီရဟန်းသည် အလဇ္ဇီရဟန်းငယ်ကို ဆွမ်းစားပင့်၍ ဆွမ်းဘုဉ်းပေးပြီးသော်--

**၁။ ဆွမ်းအနုမောဒနာ ပြုနိုင်းခြင်းဖြင့်လည်းကောင်း၊**

**၂။ တရားစကားဟောကြားရန် တိုက်တွန်းခြင်းဖြင့်လည်းကောင်း၊**

**၃။ ဒါယကာ ဒါယိကာမတို့၌ ထောက်ပံ့နိုင်ခဲ့စေခြင်း ထောက်ခံခြင်းဖြင့်လည်းကောင်း၊**

မချီးမြှောက်သင့်ပါ၊ မချီးမြှောက်ရပါ၊ မမြှောက်စားသင့်ပါ၊ မမြှောက်စားရပါ။

## သာသနာတော်ကို ကွယ်ပအောင်ပြုသူ

ပြဆိုခဲ့ပြီး သုံးမျိုးတို့ဖြင့် အလဇ္ဇီရဟန်းငယ်အား ချီးမြှောက်သော မြှောက်စားသော ဦးစားပေးသော မထေရ်ကြီးဖြစ်သော လဇ္ဇီရဟန်းသည် "**အယံ သာသနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဝေဒိတဗ္ဗော**။"(ဝိ၊ ဋ္ဌ၊ ၂၊ ၂၇၄)နှင့်အညီ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ဆုတ်ယုတ်အောင်ပြုသူ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ကွယ်ပ

အောင်ပြုသူ ဖြစ်ပါသည်။

လဒ္ဓိဖြစ်သောရဟန်းငယ်သည် မိမိထက် သိက္ခာဝါကြီးသော အလဇ္ဇီရဟန်းကြီးကို ဆရာဖြစ်သော အလဇ္ဇီရဟန်းကြီးကို ''ငါတို့၏ဆရာသည် ဤသို့သောသဘောရှိ၏။ ဦးဇင်းတို့ဆရာတော်က သိပ် စာတတ်တာ။ သိပ် တရားပြကောင်းတာ၊ သိပ် တရားဟောကောင်းတာ အစရှိသည်ဖြင့် ပရိသတ်အလယ်၌ ဂုဏ်သတင်းစကား ပြောကြားသော ချီးမွမ်းခန်းဖွင့်သော လဒ္ဓိဖြစ်သော ရဟန်းငယ်သည်လည်း မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ဆုတ်ယုတ်အောင်ပြုသူ မည်ပါတော့သည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ကွယ်ပအောင်ပြုသူ မည်ပါတော့သည်။

## **သုံးဆောင်ခြင်းနှစ်မျိုး**

သုံးဆောင်ခြင်းနှစ်မျိုးကိုလည်း မှတ်သားသင့်ပါသည်။ ယင်းသုံးဆောင်ခြင်းနှစ်မျိုးမှာ--

**၁။ ဓမ္မပရိဘောဂ- တရားဖြင့် သုံးဆောင်ခြင်း၊**

**၂။ အာမိသပရိဘောဂ- ပစ္စည်းအာမိသဖြင့် သုံးဆောင်ခြင်း၊**

တို့ဖြစ်ပါသည်။

ပစ္စည်းအာမိသဖြင့် သုံးဆောင်ကောင်းလျှင် တရားဖြင့်

သုံးဆောင်ခြင်းသည်လည်း အပ်စပ်ပါသည်၊ လဇ္ဇီရဟန်း၏ ပစ္စည်းကို အသုံးပြုကောင်းသလို လဇ္ဇီရဟန်းအား စာပေပို့ချကောင်းပါသည်။ လဇ္ဇီရဟန်း၏အထံ၌ စာလိုက်ကောင်းပါသည်၊ စာတက်ကောင်းပါသည်။

ပျောက်ကွယ်လုနီးပါးဖြစ်သော အစွန်အဖျား၌တည်ရှိသော ကျန်းဂန်စာပေသည် အလဇ္ဇီရဟန်း ကွယ်လွန်သွားသော် ပျောက်ကွယ်သွားမည်။ ထိုကျန်းဂန်စာပေကို ဓမ္မာနုဂ္ဂဟ-တရားတော်ကို ချီးမြှောက်သောအားဖြင့် သင်ယူသင့်ပါကြောင်း ရှေးဆရာမြတ်တို့ မိန့်ဆိုထားကြပါသည်။

**မှတ်သားဖွယ်ရာ ဝတ္ထုစာတ်လမ်းမှာ--**

ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးဖြစ်သောအခါ အလဇ္ဇီရဟန်းတစ်ပါးသာ မဟာနိဒ္ဒေသကျမ်းကို နှုတ်တက်ရွရွ ရွက်ဆောင်နိုင်သည်၊ ကျေကျေပွန်ပွန် ရသည်။

အခြားအခြားသော လဇ္ဇီသူတော်ကောင်း ရဟန်းတော်များက မဟာနိဒ္ဒေသကျမ်းကို နှုတ်တက်ရွရွ မရကြပါ၊ ကျေကျေပွန်ပွန် မရကြပါ။

ယင်းသို့ အခက်ကြုံနေရာ စတုနိကာယိကတိဿထေရ်

၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော မဟာတိပိဋကထေရ်သည် မဟာရက္ခိတထေရ်ကို-

ငါ့ရှင်မဟာရက္ခိတ ! အဲဒီ အလင္ဘိရဟာန်း၏ အထံသို့ သွား၍ မဟာနိဒ္ဒေသကျမ်းကို သင်သူပါဟု မိန့်ကြားသည်။

အရှင်ဘုရား ! အဲဒီရဟာန်းသည် ယုတ်မာသော ရဟာန်း ဖြစ်ပါ၏။ တပည့်တော် မသင်ယူနိုင်ပါ-ဟု ပြန်ကြား လျှောက် ထားသည်။

ငါ့ရှင်မဟာရက္ခိတ ! သင်ယူပါ။ ငါ သင်၏ အနီးအနား မှာ ထိုင်နေပါမည်-ဟု မိန့်ကြားတော်မူရာ-

ကောင်းပါပြီအရှင်ဘုရား။ အရှင်ဘုရားတို့ တပည့်တော် ၏ အနီးအနားမှာ ထိုင်နေပါလျှင် မဟာနိဒ္ဒေသကျမ်းကို သင်ယူ ပါမည်-ဟု မဟာရက္ခိတထေရ်က ပြန်လျှောက်ထားသည်။

မဟာရက္ခိတထေရ်သည် ယုတ်မာသော အလင္ဘိရဟာန်း ၏အထံ၌ မဟာနိဒ္ဒေသကျမ်းစာကို နေ့မအား ညမနား သင်ယူပါ တော့သည်။ မဟာနိဒ္ဒေသကျမ်းစာ သင်ယူခြင်းပြီးဆုံးမည့် နောက်ဆုံးနေ့၌ ယုတ်မာသော အလင္ဘိရဟာန်း၏ ကုဋင်အောက် မှာ မိန်းမတစ်ယောက်ကို မြင်ရသည်။

ထိုအခါ မဟာရက္ခိတထေရ်က မဟာတိပိဋကထေရ်

အား လျှောက်ထားသည်မှာ

အရှင်ဘုရား ! ရှေးကပင် ဤယုတ်မာသော အလဇ္ဇီရဟန်း၏အကြောင်းကို ကြားဘူးပါသည်။ ယခုလိုသာ တိုက်ရိုက်သိရတွေ့ရလျှင် ဤယုတ်မာသော အလဇ္ဇီရဟန်း၏အထံမှာ မဟာနိဒ္ဒေသကျမ်းစာကို သင်ယူမည်မဟုတ်ပါ-ဟုပင် ပွင့်ပွင့်လင်းလင်း လျှောက်ထားမိတော့သည်။

## တရားတော်ကို တံဘိုးထား

ယုတ်မာသော အလဇ္ဇီရဟန်း၏အထံမှ မဟာနိဒ္ဒေသကျမ်းစာကို မသင်ယူချင်ပေမည့် မဟာတိပိဋကမထေရ်မြတ်၏ အမိန့်တော်ကြောင့် ကြိတ်မှိတ်ကာ သင်ယူခဲ့သော မဟာရက္ခိတထေရ်၏အထံမှ များပြားလှစွာသော မဟာထေရ်တို့သည် တဆင့်ပြန်လည် သင်ယူ၍ မဟာနိဒ္ဒေသကျမ်းစာကို တည်တန့်စေပါတော့သည်။

ဤတင်ပြခဲ့ပြီးသော ဝတ္ထုဇာတ်လမ်းကား အလဇ္ဇီပုဂ္ဂိုလ်၏အထံမှာ သီလမရှိသောပုဂ္ဂိုလ်အထံမှာ တန်ဘိုးရှိသော စာပေ၊ တန်ဘိုးရှိသော အတတ်ပညာ၊ တန်ဘိုးရှိသော ကျမ်းစာကို တရားတော်ကို ချီးမြှောက်သည့်အနေအားဖြင့် တရားတော်ကို

အလေးအမြတ်ပြုသည့်အနေအားဖြင့် တရားတော်ကို အတတ်ပညာကို တန်ဘိုးထားသည့်အနေအားဖြင့် သင်ယူကောင်းပါကြောင်း သင်ယူသင့်ပါကြောင်း မှတ်သားဖွယ်ရာ ဖြစ်ပါတော့သည်။

သာသနာ့ရောင်ခြည်
အတွဲ-၂၉၊ အမှတ်-၁၀၊
(၃-၁၀-၂၀၀၉)

**ကျမ်းညွှန်း-**

ပါရာဇိကဏ်ပါဠိ

ပါရာဇိကဏ်အဋ္ဌကထာ(၃)

အမှတ် .... ..... .....
ရက်စွဲ ...... ...... .... ....

# ဂုဏ်ပြုမှတ်တမ်းလွှာ

ဒီ "တစ်ယောက်က·စ တစ်ရာ" စာအုပ် ဖြစ်အောင်-

- ကွန်ပျူတာစာစီစာရိုက်ခြင်း ပရူဖတ်ခြင်း၊
- စာမူစိစစ်ရေးသို့ တင်ပေးခြင်း
- စာအုပ်ရိုက်ခြင်း

စတဲ့လုပ်ငန်း ကိစ္စ အဝဝတို့ကို ဆောင်ရွက်ပေးကြတဲ့

အရှင်အစ္ဆရိယ (ဓမ္မာစရိယ)

အရှင်ဝံသပါလ (ဓမ္မာစရိယ)

အရှင်စာရိတ္တ (ဓမ္မာစရိယ)

အရှင်ဇနက (အင်္ဂလိပ်စာပေဌာန-န-ပ-သ-ရန်ကုန်)

အရှင်ခန္တိဗလ (M.A Thesis) န-ပ-သ-ရန်ကုန်) တို့နှင့်

တပည့်များ ဓမ္မဒါနပဒေသာပင် အလှူရှင်များစတဲ့ ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်ပါတယ်။

ချမ်းသာကြပါစေ

အရှင်ကုဏ္ဍိကာဘိဝံသ

**မန္တလေး ပဋ္ဌာနတာရုံ**

စာအုပ်စာပေများ ဆက်လက်ထုတ်ဝေနိုင်ရန်
လှူဒါန်းကြတဲ့

**ဓမ္မဒါနပဒေသာယင် ကုသိုလ်ရှင်များ**

## ကျပ်ခြောက်သိန်းကုသိုလ်ရှင်

၁။ ကိုဇော်နိုင်+မခင်နှင်းနှင်းရီ၊ သမီး-မခင်ဖြိုးဖြိုးသော်၊ သား-မောင်ဝေယံဖြိုးဦး၊ ၄၃-ကွက်၊ ရှမ်းဝိုင်း၊ ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဒေါ်စန်းမြင့်အားရည်စူး၍၊ ဦးအေးကျော်ကို အမှူးထား၍ ကိုခင်မောင်ဝင်း+မထားထားခိုင်၊ သား-မောင်ဝေယံထွန်း၊ သမီး-မနဒီဝင်း၊ ၂၃-လမ်း၊၈၇-၈၈လမ်းကြား အင်းဘဲကြီးရပ်၊ မန္တလေးမြို့။

## ကျပ်ငါးသိန်းကုသိုလ်ရှင်

၁။ ဦးဝင်းအောင်+ဒေါ်ခင်လှ၊ သား-မောင်သိန်းအေးဝင်း သမီး-မစိမ်းမိုမို၊ မမိုမိုစမ်း၊ ၇၆-စည်သာလမ်း၊ ဥပုသ်တော် ၊ မန္တလေးမြို့၊

## ကျပ်သုံးသိန်းကုသိုလ်ရှင်

၁။ ဦးစိန်ဝင်းမြင့်+ဒေါ်မာမာထွေး၊ ''ပဲမျိုးစုံရောင်းဝယ်ရေး'' မိသားစု၊ ဓမ္မာရုံလမ်း၊ အလယ်ရပ်၊ မုံရွာမြို့။

## နှစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဦးတူး+ဒေါ်ခင်ဝင်း၊ ''လပြည့်ဝန်း''မိသားစု၊ မိဘဈေးရပ်၊ မန္တလေးမြို့။

## ကျပ်နှစ်သိန်းကုသိုလ်ရှင်

၁။ နှစ်ဖက်မိဘများကိုအမှူးထား၍ ဦးသန်းအေး+ဒေါ်တင်တင်အောင်၊ သား-မောင်ကောင်းမြတ်ကျော်၊ သမီး-မမြတ်မြတ်ထွန်း၊ မိသားစု၊ အမှတ်-၆၁/၆၃၊ ၃-လွှာ ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

## ကျပ်တစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဒေါက်တာစိန်မြင့်+ဒေါ်ညွှန့်ညွှန့်ဝေ သား-ဒေါက်တာအောင်မြင့်မြတ်၊ မောင်မိုးဝေမြင့်၊ မောင်ထက်မြတ်အောင်၊ မိသားစု၊ ၃၄-ကွက်၊ ရှမ်းဝိုင်း၊ ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဦးစိုးမောင်အားရည်စူး၍ ဒေါ်ကြည်မြင့်မိသားစု၊ လင်းဇင်းရပ်၊ မန္တလေးမြို့၊

## ကျပ်တစ်သိန်းကုသိုလ်ရှင်များ

၁။ ဦးကျော်ဝင်း+ဒေါ်သန်းသန်း မိသားစု၊ ၇၆-စည်သာလမ်း၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၂။ ဦးအေးကျော်+ဒေါ်မြမြ၊ ညီမ-ဒေါ်စိန်စိန် မိသားစု ၁၈-လမ်း၊ ၈၁×၈၂-လမ်းကြား၊ မန္တလေးမြို့၊

၃။ ဦးသိန်းမောင်+ဒေါ်တင်တင်မိသားစု၊ စကားဝါအထည်ဆိုင်၊ ဆရာစံဈေး၊ မန္တလေးမြို့၊

၄။ ကွယ်လွန်သူ ဦးသံလုံးအားရည်စူး၍ ဒေါ်ဆယ် မိသားစု၊ အကွက်-၂၃၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၅။ ဦးထွန်းမောင်ဝင်း+ဒေါ်မြသောင်းမိသားစု သောင်းထွန်းနှင့်ညီများ ကားပစ္စည်းရောင်းဝယ်ရေး၊ စက်မှုဇုံ(၁)၊ မန္တလေးမြို့၊

၆။ ကိုကျော်ထွန်း+မဥမ္မာ၊ သား-အောင်မျိုးကျော်၊ ဉာဏ်လင်းထွန်း၊ သီဟမင်းထက်၊ စက်မှုဇုံ(၁) မန္တလေးမြို့။

၇။ ကိုတင်မျိုးဝင်း+မအေးလှ၊ သား-ဟိန်းလင်းထွန်း၊
အောင်လင်းထွန်း၊ ဟန်လင်းထွန်း၊ စက်မှုဇုံ(၁)
မန္တလေးမြို့။

၈။ ကိုတင်မျိုးထွန်း+မတင်ဇာဝင်း၊ သမီး-မေဇင်ကို၊
အိမ့်လဲ့ကို၊ စက်မှုဇုံ(၁) မန္တလေးမြို့။

၉။ ဦးမြင့်လွင်+ဒေါ်သောင်းသောင်း
သား-ထွန်းဦးလွင်၊သမီး-တင့်တင့်လွင်၊
အကွက်(၂၈)ကြေးသွန်းမြင်းတန်းရပ်

၁၀။ ကိုဝင်းသူ+မအမာကြည်၊ သမီး-ကေခိုင်မြင့်၊
သား-ပြည့်ဖြိုးလျှံ၊ ဥပုသ်တော်ရပ်၊ မန္တလေးမြို့။

၁၁။ ဦးသန်းနိုင်(အင်္ဂလိပ်စာ)+ဒေါ်ကြည်ကြည်မြင့်၊ မိသားစု၊
၃၄-ကွက်၊ ဌာနီအရှေ့၊ မန္တလေးမြို့။

၁၂။ ဦးကျော်စိန်+ဒေါ်တင်အုန်း၊ ဒေါ်ပု၊ သမီး-မမြင့်မြင့်သန်း၊
မပိုပိုတို့အား ရည်စူး၍၊ ဦးမြင့်အောင်+ဒေါ်နွဲ့နွဲ့စန်း၊
၂၉-ကွက်၊ လှေတန်းရပ်၊ မန္တလေးမြို့။

၁၃။ ကိုကိုဝင်း+မမိုးမိုးထွေး၊ မင်္ဂလာဦးဒါန၊ မန္တလေးမြို့။

၁၄။ ဦးအောင်ကြည်+ဒေါ်လှပြုံး၊ သမီး-မသန်းသန်းဆွေ၊
"မွေးနေ့အလှူ"၊ "မနှင်းနှင့်မောင်ညီမများ" ပန်းကန်
ခွက်ဖူးရောင်းဝယ်ရေး၊ မန္တလေးမြို့။

၁၅။ ဦးထွန်းလင်း+ဒေါ်တင်တင်ဌေး၊ သား-မောင်ဟိန်းထက်-
အောင် "မွေးနေ့အလှူ"၊ သမီး-မမြတ်မြတ်လင်း၊

''သန့်ဇင်မြတ် ပန်းကန်,ခွက်ဖူးရောင်းဝယ်ရေး''
မန္တလေးမြို့။

## ကျပ်ငါးသောင်းကုသိုလ်ရှင်

၁။ ဦးခင်မောင်အေး+ဒေါ်ဝင်းဝင်း၊ သား-မောင်ငြိမ်းဟန်၊ မောင်လှိုင်ဝင်း၊ သမီး-မကြူကြူခိုင်၊ မဝါဝါခိုင်၊ မကေသွယ်အေး၊ ''အေးဝင်း''စက်မှုလက်မှု မိသားစု၊ မြို့ပေါ်တန်း၊ မန္တလေးမြို့၊

၂။ အရှင်သုမန ခိုချောင်းကျောင်း၊ ခိုချောင်းရွာ၊

၃။ ဦးဟန်မြင့်+ဒေါ်ကြည်လေး မိသားစု၊ ခိုချောင်းရွာ၊

၄။ ကိုကျော်လင်း+မစန်းမြင့် မိသားစု၊ ခိုချောင်းရွာ၊

၅။ ဦးရှင်+ဒေါ်ပု၊ သမီး-ဒေါက်တာသောင်းသောင်းနု၊ သူရပ်တပ်၊ မန္တလေး၊

၆။ မသင်းသင်း စက်မှုဇုံ(၁) မန္တလေးမြို့၊

၇။ မနွယ်နွယ်၊ မလှလှတင့် ချိုချိုသိန်း ကွမ်းနှင့်ကွမ်း ပစ္စည်း ရောင်းဝယ်ရေး နန်းရှေ့ဈေး၊ မန္တလေးမြို့၊